BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၀) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဧပြီလ (၁) ရက် | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

## ကေအဲန်ယူနှင့် စတုတ္ထအကြိမ်တွေ့ဆုံဆွေးနွေးပွဲတွင် နအဖဘက်က အဆိုသစ်တရပ်တင်



စတုတ္ထအကြိမ်တွေ့ဆုံဆွေးနွေးပွဲတွင်တွေ့ရသော ကေအဲန်ယူကိုယ်စားလှယ်များနှင့် နအဖ ကိုယ်စားလှယ်များ

ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ)နှင့် နအဖတို့သည် မော်လမြိုင်မြို့တွင် မတ်လ(၁၄)ရက်မှ(၁၅)ရက်နေ့ထိ စတုတ္ထအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြရာ နအဖမှ အဆိုပြုချက်တရပ်တင်ပြရာတွင် ဘုရားသုံးဆူမြောက်ဘက် သတ္တုထွက်ရာ တောင်ကုန်းတခုမှ ဘားအံအထိ ကျယ်ဝန်းသောဒေသအတွင်း ကေအဲန်ယူမှ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နိုင်ကြောင်း၊ အကယ်၍ ကေအဲန်ယူများက ယင်းသတ်မှတ်ထားသော ဒေသအပြင်ဘက်သို့ သွားရောက်ပါက လက်နက်ကိုင်ဆောင်ခွင့်မရှိဘဲ နအဖ တပ်များက ယင်းဒေသသို့လာရောက်ပါက လက်နက်ကိုင်ဆောင်ခွင့်ပြုရမည်ဖြစ်ကြောင်း အချက်များပါရှိသည်ဟု သတင်းများအရ သိရသည်။

နအဖက တင်ပြလာသောအဆိုသစ်နှင့်ပတ်သက်၍ ကေအဲန်ယူဗဟို အလုပ်အမှုဆောင်အဖွဲ့ဆုံးဖြတ်ချက်အရ လက်ခံသင့် မခံသင့်ဆုံးဖြတ်ပြီး နအဖကိုအကြောင်းပြန်ကြားမည်ဖြစ်ကြောင်း ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့၏ ဒုတိယခေါင်းဆောင် ပဒိုဒေးဗစ်ထောကို ကိုးကား၍ ပြည်ပသတင်းဌာနများက မတ်လ (၁၇)ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စစ်အစိုးရဖက်မှ ကေအဲန်ယူကို လက်နက်ချရန် ထပ်မံဆွေးနွေးခြင်းမရှိသကဲ့သို့ နိုင်ငံရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခြင်းမရှိကြောင်းသိရသည်။ နအဖဖက်မှတင်ပြသော အဆိုသစ်နှင့်ပတ်သက်၍ ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက ....

''သူတို့အဆိုသစ်ကတော့ ကျနော်တို့ ဘယ် လောက်အထိ လက်ခံဆောင်ရွက်နိုင်မယ်ဆိုတာ ကံသေကံမပြောနိုင်သေးဘူးဗျ။ ကျနော်တို့ ကြည့်ရဦးမယ်။ သူတို့ အဆိုသစ်က ပြောမယ်ဆိုရင် အများကြီးစဉ်းစားစရာတွေ ဖြစ်နေတယ်။ ဒါပေမယ့် ကျနော်တို့ ပြန်ထိုင်ရဦးမယ်''ဟုဆိုသည်။

စတုတ္ထအကြိမ်ဆွေးနွေးပွဲကို မတ်လ (၁၄)ရက်မှ (၁၅)ရက်ထိ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင် ကေအဲန်ယူဖက်မှ အတွင်းရေးမှူး(၁) ဗိုလ်မှူးကြီးတူးတူးလေး ဦးဆောင်၍ နအဖဘက်မှ အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့ ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ဗိုလ်မှူးတူးတူးလေး၊ ပဒိုဒေးဗစ်ထော၊ ဗိုလ်မှူးရောဂျာ၊ ဗိုလ်မှူးစိုးစိုး၊ ဒုစစ်ဦးစီးချုပ်အော်လီဗာတို့ ဦးဆောင်ပြီး အဖွဲ့ဝင် (၁၃)ဦးပါဝင်သော ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့သည် နအဖနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စ အလွတ်သဘောဆွေးနွေးရန် မတ်လ (၁၃)ရက်နေ့က မဲဆောက်မြို့၊ မြဝတီမြို့မှတဆင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့သို့ သွားရောက်ခဲ့ကြသည်။

ကေအဲန်ယူနှင့် နအဖတို့အကြားတွင် လွန်ခဲ့သောနှစ်ဆန်းပိုင်းကတည်းက ဆွေးနွေးပွဲများစတင်ခဲ့ပြီး နှစ်ဖက်တပ်များအကြား အပစ်အခတ်ရပ်စဲရန် နှုတ်အားဖြင့်သဘောတူခဲ့ကြသည်။ ❖

## ဗိုလ်ချုပ်၏ နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းသောနည်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လမ်းဆောင်လမ်းပြအဖြစ် ကျင့်သုံးသွားမည်

အနှစ် (၆၀)မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ မတ်လ(၂၇)ရက်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ဝါရင့်နိုင်ငံရေးသမားများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များအပါအဝင် ပရိသတ်(၄၀၀)ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသော ဝါရင့်နိုင်ငံရေးသမားများက တွေ့ခြင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်ထားရာမှ ပြန်လွှတ်ပေးရန်၊ အဲန်အယ်လ်ဒီရုံးများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန်၊ နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော နိုင်ငံရေးသမားများအားလုံးကို ကန့်သတ်ချက်များမရှိဘဲ၊ အမြန်ဆုံးပြန်လွှတ်ပေးရန် နအဖကို ထပ်မံ တိုက်တွန်းလိုက်သည်။

ကြေညာချက်၏ နိဂုံးပိုင်းတွင် ''ဗိုလ်ချုပ်၏ နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်သာ



အဲန်အယ်ယ်ဒီက ကျင်းပသော အနှစ်(၆၀)မြောက်ဖက်ဆစ်တော်လှန်ရေးအခမ်းအနားတွင် ရှစ်လေးလုံး ကျောင်းသားခေါင်းဆောင်များအား တူညီဝတ်စုံများဖြင့်တွေ့ရစဉ်

ဆုံဆွေးနွေးရေးအမြန်ဆုံးလုပ်ရန် နအဖထံ ပန်ကြားလိုက်သည်။

အမျိုးသားဒီမိုကရေ အဖွဲ့ချုပ်က လည်း ''တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိနိုင်ငံလွတ်လပ်ရေးအတွက် အခြေအနေနှင့် အချိန်များအရ နည်းဗျူဟာပြောင်းလဲကျင့်သုံးရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ဗိုလ်ချုပ်သည် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၅ ခုမတ်လ (၂၇)ရက်နေ့တွင် ဆင်နွှဲခဲ့သော ဖက်ဆစ်တော်လှန်ရေးအတွက် လက်နက်ကိုင်လမ်းစဉ်အား နောက်ဆုံးကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်သည် 'လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်မကျင့်သုံးတော့ပဲ တမျိုးသားလုံးသွေးစည်းညီညွတ်ရေးကို ရယူပြီး နိုင်ငံရေးနည်းလမ်းဖြစ်သော တွေ့ဆုံဆွေးနွေးအဖြေရှာရေး နည်းဗျူဟာကို အသုံးပြုခဲ့သည်''ဟု ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ''နေအိမ်များတွင် အကျယ်ချုပ်ခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ဖြေရှင်းသွားခြင်းကို အတုယူရမည်။ ဤနည်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လမ်းဆောင်လမ်းပြအဖြစ် ကျင့်သုံးသွားမည်ဖြစ်ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားများအားလုံး မျှော်လင့်တောင့်တနေသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိခံစားနိုင်ရန်အတွက် ပြည်ထောင်စု လူထုတရပ်လုံး၏ စည်းလုံးညီညွတ်သောထောက်ခံမှုဖြင့် အစဉ်တစိုက် ဆက်လက်ကြိုးပမ်းသွားမည်ဟု သံဓိဋ္ဌာန်ပြုပါကြောင်း'' ဖော်ပြထားသည်။

နအဖကကျင်းပသော တပ်မတော်နေ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပသော ဖက်ဆစ်တော်လှန်ရေးနေ့နှင့် ပတ်သက်၍ အဲန်အယ်လ်ဒီ ပြောခွင့်ရသူ ဦးလွင်က ''တော်လှန်ရေးနေ့ကို တပ်မတော်နေ့ လုပ်သွားတာက ဦးနေဝင်းနဲ့အဖွဲ့ပဲလေ။ အခုမှလုပ်တာမဟုတ်ဘူး။ အခုကျတော့ ပိုဆိုးသွားတာပေါ့။ အသွင်သဏ္ဌာန်က လုံးဝ....

နောက်ကျောဖုံးသို့ ....

## ဒေါ်အောင်ဆန်းစုကြည်အား ဗုဒ္ဓဘာသာနှင့်အညီ ထူးချွန်စွာဆောင်ရွက်သူ အမျိုးသမီးဆု ချီးမြှင့်ခံရ



ထိုင်းနိုင်ငံ၊ ဘန်ကောက် ကုလသမဂ္ဂဌာနချုပ်၌ ဗုဒ္ဓဘာသာနှင့်အညီ ထူးချွန်စွာဆောင်ရွက်သူ အမျိုးသမီးဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပနေစဉ်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကမ္ဘာတလွှားက ဗုဒ္ဓဘာသာထွန်းကားအောင်ဆောင်ရွက်သူ အမျိုးသမီး (၂၀)ကို ဆုချီးမြှင့်လိုက်သည်။ မတ်လ (၈) ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာသာထွန်းကားအောင် ကြိုးပမ်းသူ၊ မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်၊ ယောဂီ ဒေါ်သင်းသင်း၊ သီရိလင်္ကာနိုင်ငံမှ သမတ ချန်ဒရိကာကုမာရာတွန်းဂါးနှင့် ဘိက္ခုနီ(၂)ဦး၊ ထိုင်းနိုင်ငံမှ အမျိုးသမီး (၈)ဦး၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်၊ တောင်ကိုရီးယား၊ နီပေါ၊ ဂျာမဏီ၊ ရုရှနိုင်ငံတို့မှ အမျိုးသမီးတို့ကို စံပြအမျိုးသမီးများအဖြစ် ရွေးချယ်ခဲ့သည်။

ဆုပေးပွဲအခမ်းအနားကို မတ်လ (၇) ရက်နေ့က ထိုင်းနိုင်ငံ၊ ဘန်ကောက် ကုလသမဂ္ဂဌာနချုပ်ရုံးတွင်ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ပြည်ပရောက် ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းက ဆုတက်ရောက်ယူခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ဆုရရှိခြင်း

နောက်ကျောဖုံးသို့ ....

# မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အဲန်အယ်လ်ဒီအတွင်း ညီညွတ်ရေးသည် ဒီမိုကရေစီ အောင်ပွဲ၏ အာမခံချက်ဖြစ်

ရှစ်လေးလုံးကာလအတွင်းသာမက ယခုထက်တိုင် အခြေအနေပေးလျှင်ပေးသလို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောလေ့ရှိသောစကားရပ်မှာ ညီညွတ်ကြပါ၊ စည်းကမ်းရှိပါဟူ၍ဖြစ်သည်။ ဤအချက်သည် ဒီမိုကရေစီတော်လှန်ရေး၏ အောင်ပွဲကို အာမခံချက်ပေးနိုင်သော ပြဒါးရှင်နှစ်လုံးဖြစ်သည်ဟု နိုင်ငံရေးသမားတို့က ဆိုထုံးပြုကြသည်။

ယနေ့အချိန်ကာလတွင် ဒီမိုကရေစီတော်လှန်ရေး၏ တပ်ဦးအလံကိုင်အဖွဲ့ဖြစ်သည့် အဖွဲ့ချုပ်အတွင်းညီညွတ်ရေးမှာ အက်ကြောင်းထပ်သံများ ညံနေအောင် ပြည်သူတွင်း ကြားနေရသည်။ အထူးသဖြင့် အဖွဲ့ချုပ်စီးအီးစီနှင့် တိုင်း၊ မြို့နယ်အဆင့်အသီးသီးမှ ခေါင်းဆောင်များအကြားရပ်တည်ချက်၊ အမြင်၊ နည်းနာပိုင်းများတွင် တစထက်တစ ကွဲလွဲလာမှုမှာ ဖုံးဖိ၍မရသော အခြေအနေသို့ရောက်ရှိလာနေသည်။ အထူးသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့လွှတ်တော်ခေါ်ယူရေး၊ စီအီးစီနှင့် စီဒဗလျူစီတို့ တိုးချဲ့ဖွဲ့စည်းရေး၊ ပါတီတွင်း ဒီမိုကရေစီကို ပိုမိုကျင့်သုံးရေးတောင်းဆိုမှုများသည် ၂၀၀၄ ခုနှစ်၊ ဩဂုတ်လလောက်မှစ၍ ပိုမိုကျယ်ပြန့်လာခဲ့သည်။ သို့သော် စီအီးစီမှ မည်သို့မျှ တုန့်ပြန်မှုမပေး လျစ်လျူရှုခဲ့သည်။ အလားတူပင် ဗဟိုအမျိုးသမီးအဖွဲ့နှင့် ဗဟိုလူငယ်လုပ်ငန်းအဖွဲ့များမှ ကမကထပြုဆောင်ရွက်သော ဒီမိုကရေစီလှုပ်ရှားမှုကိုလည်း စီအီးစီမှ သဘောမတူဘဲ လှုပ်ရှားမှုကို ဦးဆောင်သူများအား အပြစ်ပေးအရေးယူမှုများ ပြုလုပ်လာခဲ့သည်။ အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်မှုများအပြင် စီအီးစီ၏ လုပ်ပိုင်ခွင့်အရဟုဆိုကာ ရောဝတီတိုင်းစည်းရုံးရေးအဖွဲ့အားဖျက်သိမ်း၍ အသစ်တဖန်ပြန်လည် ဖွဲ့စည်းခြင်းများကို လုပ်ဆောင်လာသည်။ စီအီးစီ၏ ပြောရေးဆိုခွင့်ရှိသူက အနာဂတ်တွင် ပြောသင့်တဲ့အချိန်ကျလျှင် ဘာကြောင့်လုပ်ရသည်ဆိုသည်ကို ပြောမှာဖြစ်ကြောင်း ယခုကိစ္စများနှင့် စပ်လျဉ်း၍ တာဝန်ခံကြောင်းပြောကြားခဲ့သည်။ ထုတ်ပယ်ခံရသူ အဲန်အယ်လ်ဒီအဖွဲ့ဝင်များကလည်း ခေါင်းဆောင်များအပေါ် ပြန်လည်စွပ်စွဲ ပုတ်ခတ်ဝေဖန်ခဲ့ကြသည်။ ဤနေရာတွင် သတိပြုသင့်သည့်အချက်မှာ ၁၉၉၁ ခုနှစ်က အဖွဲ့ချုပ်အကြပ်အတည်းနှင့် ရင်ဆိုင်ရစဉ်ကာလကလည်း အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုပင်လျှင် ယခုအဖွဲ့ချုပ်ခေါင်းဆောင်များက အဖွဲ့ချုပ်မှ ထုတ်ပယ်ခဲ့သည်ဟုဆိုသည့်အချက်ဖြစ်သည်။ ပို၍ထူးခြားသောအချက်မှာ အထုတ်ပယ်ခံခဲ့ရသော ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၅ခုနှစ် ပြန်လည်လွတ်မြောက်လာသောအခါ သူမအားထုတ်ပယ်ခဲ့သော ခေါင်းဆောင်များကိုပင် ထိုက်တန်သော ခေါင်းဆောင်မှုအရည်အချင်းရှိသူများအဖြစ် လူသိရှင်ကြားထုတ်ဖော်ချီးကျူးကာ ပါတီတွင်းရင်ကြားစေ့ရေးကို လုပ်ဆောင်ခဲ့သည်။ ဒေါ်စု၏ သင်ပုန်းချေရေးစိတ်ဓာတ်မှာ ချီးကျူးဖွယ်ဖြစ်ပြီး၊ အဖွဲ့ဝင်ထုသာမက ပြည်သူတရပ်လုံးကပါ လိုက်နာအတုယူသင့်လှသည်။

မည်သို့ပင်ဖြစ်စေ အဖွဲ့ချုပ်အတွင်း အပြန်အလှန်စွပ်စွဲပြောဆိုမှုများနှင့် လုပ်ပိုင်ခွင့်အရဟုဆိုကာ တဖက်သတ်ထုတ်ပယ်နေမှုများသည် စစ်အာဏာရှင်တို့၏ အကြိုက်ကိုသာဖြစ်စေလိမ့်မည်။ ယခုပင်လျှင် နအဖတို့က အဖွဲ့ချုပ်ဝင်များနှင့် စီအီးစီအကြား သပ်လျှိုဖြိုခွဲလျက် အဲန်အယ်လ်ဒီဆန့်ကျင်ရေး လူထုစည်းဝေးပွဲများကို ပြုလုပ်တော့မည်ဆိုသည့် သတင်းများ ထွက်ပေါ်နေသည်။ ဤကာလတွင် မှားသည် မှန်သည်ဆိုသည်ထက် အဖွဲ့ချုပ်အကျိုးမည်မျှရှိမည်ကို တာဝန်ရှိသူအားလုံးက သုံးသပ်ဆင်ခြင်သင့်သည်။

ဤနေရာ၌ ၂၀၀၅ခုနှစ်လွတ်လပ်ရေးနေ့၌ ထုတ်ပြန်ခဲ့သော ရေနံချောင်းမြို့နယ် အဲန်အယ်လ်ဒီ၏သဘောထားများသည် အဖွဲ့ဝင်အားလုံးကိုင်စွဲသင့်သော သဘောထားများဖြစ်သည်။ ရေနံချောင်းအဖွဲ့ချုပ်၏ ကြေညာချက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အခက်အခဲအကြပ်အတည်းများစွာဖြင့် ရင်ဆိုင်နေရကြောင်း နိုင်ငံရေးအင်အားစုတို့၏ စစ်မှန်သောအင်အားမှာ စည်းလုံးညီညွတ်ရေးသာဖြစ်ကြောင်း၊ အဖွဲ့ချုပ်ဝင်များက သဘောထားကြီးမှု၊ သည်းခံခွင့်လွှတ်မှု၊ မှန်ကန်စွာနားလည်းပေးနိုင်မှု၊ ရပ်တည်ချက်ခိုင်မာမှုတို့ရှိရန် လိုအပ်ကြောင်း အကြံပြုထားသည်။ ထို့အပြင် အဖွဲ့ချုပ်နှင့် ခေါင်းဆောင်မှုကို အပြည့်အဝယုံကြည်ကြောင်း၊ ပါတီတွင်းကိစ္စများကို ပါတီတွင်း၌သာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြေရှင်းဆောင်ရွက်သင့်ကြောင်းနှင့် အဖွဲ့ချုပ်သည် ဒီမိုကရေစီဦးတည်ချက်နှင့် ပြည်သူလူထုအကျိုးစီးပွားကို အရှိန်မြှင့်ဆောင်ရွက်ရန်တာဝန်ရှိကြောင်း ဖော်ပြထားသည်။ ဤရေနံချောင်း (အဖွဲ့ချုပ်)၏ ထုတ်ပြန်ကြေညာချက်တွင်ပါရှိသော သဘောထားမှာ အဖွဲ့ဝင်ထုတရပ်လုံးလိုက်နာရန်ကိုင်စွဲသင့်သော စည်းရုံးရေးမူဖြစ်ပါကြောင်းနှင့် အဖွဲ့ချုပ်အတွင်းတွင်လည်း အဖွဲ့ချုပ်၏မူဝါဒတရပ်ဖြစ်သည့် အဃာတကင်းစေရေး၊ အထွေထွေသဟဇာတဖြစ်ရေး၊ သင်ပုန်းချေရေးစသည်တို့ကို အဖွဲ့ချုပ်တွင်းကျင့်စဉ်သဖွယ်ခံယူလျက် အမှန်တကယ်ကျင့်သုံးသင့်ပါကြောင်း ရေးသားဖော်ပြအပ်ပေသည်။

❖

# ဦးတင်ဦးနှင့် မတရားဖမ်းဆီးခံနေရသူ (၁၀) ဦးကိစ္စကို ကုလသမဂ္ဂသို့ မြန်မာလူ့အခွင့်အရေးအဖွဲ့များတိုင်ကြား



မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်

နအဖက နိုင်ငံရေးအကျဉ်းသားများအပေါ် ထောင်ဒဏ်သက်တမ်း တိုးမြှင့်နေခြင်းသည် နိုင်ငံတကာဥပဒေများကို ချိုးဖောက်နေခြင်းဖြစ်ကြောင်းကို ဖော်ထုတ်ပြောဆိုပေးရန် မြန်မာအရေးလှုပ်ရှားသောအဖွဲ့များက ကုလသမဂ္ဂကို အရေးဆိုလိုက်ကြသည်။

အမေရိကန်အခြေစိုက် (US Campaign For Burma)နှင့် ထိုင်းနိုင်ငံအခြေစိုက်(AAPP)ခေါ် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့တို့၏ ကုလသမဂ္ဂအဖွဲ့သို့ပေးပို့သောစာတွင်အဲန်အယ်လ်ဒီ ဒုဥက္ကဋ္ဌ ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား (၁၀)ဦးတို့သည် အာဏာရှင်သန်းရွှေ၏ အတုအယောင်ဥပဒေအောက်တွင် "မတရားထောင်ဒဏ်သက်တမ်းအတိုးခံနေရ"ကြောင်း ဖော်ပြထားပြီး ကုလသမဂ္ဂအနေနဲ့ အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုထားသည်။

ထို့ပြင် "ထောင်ဒဏ်သက်တမ်း တိုးမြှင့်ခံထားရသော ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသား (၁၀)ဦးတို့ ဘယ်တော့လွတ်မယ်မှန်း ဘယ်သူမှ မသိနိုင်ကြောင်း၊ မြန်မာပြည်၏ လုံခြုံ ရေးထိန်းသိမ်းမှုဆိုင်ရာ ဥပဒေများသည် တဖက်သတ်ဆန်ပြီး နိုင်ငံတကာဥပဒေစံနှုန်းများနှင့်လည်း မကိုက်ညီ" ဟု အဆိုပါစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ပြည်သူအများနှင့် ဒီမိုကရေစီရေးလှုပ်ရှားသူများ၏ ကြိုးပမ်းမှုကြောင့် ဥရောပပါလီမန်၊ အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်၊ ဩစတေးလျ ဆီးနိတ်နှင့် နယ်သာလန်ပါလီမန်တို့က မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ တာဝန်ယူဆုံးဖြတ်ပေးရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်။

ဤအတောအတွင်း (US Campaign For Burma) အဖွဲ့ကြီးက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် စစ်မှန်သော တွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်ရေးအတွက် ကမ္ဘာတလွှား လှုပ်ရှားဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

US Campaign For Burma အဖွဲ့ကြီး၏ အဆိုပါ အစီအစဉ်တွင် ဇွန်လ (၁၇)ရက်နေ့တွင် ကျရောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ အသက်(၆၀)ပြည့်မွေးနေ့တွင် ကမ္ဘာတဝှမ်းရှိ နအဖသံရုံးများရှေ့တွင် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ ပညာရှင်များ ဆန္ဒပြခြင်း၊ မွေးနေ့ကဒ် (၆၀၀၀)စုဆောင်း၍ ဝါရှင်တန်ရှိ နအဖသံရုံးသို့ ပေးပို့ခြင်း၊ အမေရိကန် ကွန်ဂရက်တွင် ထင်ရှားသည့် ခေါင်းဆောင်များ ဖိတ်ကြား၍ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား ဂုဏ်ပြုအခမ်းအနားကျင်းပခြင်းများ ပါဝင်မည်ဟု သိရှိရသည်။❖

# ရှစ်လေးလုံးကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ကိုဇော်မင်းတို့ ပြန်လည်လွတ်မြောက်

ရှစ်လေးလုံး ဒီမိုကရေစီတိုက်ပွဲတွင် ထင်ရှားသည့် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ကိုဇော်မင်းတို့သည် (၁၄)နှစ်ကြာ အကျဉ်းကျခံရပြီးနောက် မတ်လအတွင်းက ပြန်လည်လွတ်မြောက်လာကြသည်။

ကိုကိုကြီးသည် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ (ဗကသ)၏ ဒု ဥက္ကဋ္ဌဖြစ်ပြီး၊ မင်းကိုနိုင် အဖမ်းခံရပြီးနောက်ပိုင်းတွင် ဗကသ၏ ယာယီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းဖြစ်ပွားသော ကျောင်းသားလှုပ်ရှားမှုကို ခေါင်းဆောင်သည်ဟူသော စွပ်စွဲချက်ဖြင့် ဗကသ ဒုဥက္ကဋ္ဌ ကိုကိုကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးကော်မတီ (မကသဖ)၏ အတွင်းရေးမှူး ကိုဇော်မင်းတို့ကို တခြားကျောင်းသားခေါင်းဆောင်(၆)ဦးနှင့်အတူ နအဖစစ်အစိုးရက ထောင်ဒဏ်အနှစ် (၂၀)ချမှတ်ခဲ့သည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် ထောင်ဒဏ်(၁၀)နှစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီး ၁၉၉၉တွင် ပုဒ်မ(၁၀/က)ဖြင့် နောက်ထပ် (၅)နှစ် ဖမ်းဆီးထားရာ မတ်လအတွင်းက လွတ်ရက်စေ့သွားသဖြင့် သရက်ထောင်မှ နှစ်ဦးစလုံး ပြန်လည်လွတ်မြောက်လာကြသည်။

နအဖသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုဌေးကြွယ်အပါအဝင် နိုင်ငံရေးအကျဉ်းသားတချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း ယခုအချိန်ထိ ထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသား (၁၃၀၀)ကျော် ဆက်လက်ဖမ်းဆီးခံနေရဆဲဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) က သတင်းထုတ်ပြန်ထားသည်။ ❖



ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ ဒု ဥက္ကဋ္ဌ ကိုကိုကြီး



# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် တရားဥပဒေကြောင်းအရ ဖွဲ့စည်းထားသော တရားဝင်အဖွဲ့အစည်းဖြစ်သည်

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ တရားဝင်တည်ရှိမှုကို ထင်ရှားစေတဲ့ ဥပဒေကြောင်း ဆိုင်ရာအချက်အလက်များက ဘာတွေလဲ

၁။ ၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေများတွင် အကယ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ (၃၄)ရာခိုင်နှုန်းက ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် တောင်းဆိုခဲ့လျှင် နိုင်ငံတော်အာဏာပိုင်များက ပြည်သူ့လွှတ်တော်ကို ခေါ်ယူပေးရန်တာဝန်ရှိသည် ဟူ၍ အစဉ်အလာရှိသည်။

၂။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ စုစုပေါင်း၏ (၈၁)ရာခိုင်နှုန်းကျော် အနိုင်ရရှိခဲ့သည်။ စစ်အုပ်စု၏ ပါတီအားမဲဆန္ဒရှင်ပြည်သူများက လွှဲပြောင်းပေးအပ်ရန် ငြင်းဆန်လျက် စစ်အုပ်စုသည် တရားမဝင်အစိုးရတရပ်အဖြစ် ရပ်တည်နေဆဲဖြစ်သည်။

၃။ စစ်အစိုးရသည် အဖွဲ့ချုပ်၏ညီလာခံများကို တားမြစ်ပိတ်ပင်လျက် အဖွဲ့ချုပ်အဖွဲ့ဝင်များအား အဓမ္မနှုတ်ထုတ်ရန် စေခိုင်းခြင်း၊ အဖွဲ့ချုပ်ရုံးများအား အဓမ္မပိတ်ခြင်းတို့ကို ပြုလုပ်လျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အဆက်အပြတ် ဆက်လက်နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

၄။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်



ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့ရဲဘော် အဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီတို့မှ ခေါင်းဆောင်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့အား တွေ့ရစဉ်

၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား အပ်နှင်းထားပြီးဖြစ်သည်။ ယင်းအရေးအတွက်သည် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၅၂) ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိပြီး ၎င်းတို့၏ ထောက်ခံမှုဖြင့် ပြည်သူ့လွှတ်တော် ကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အချက်(၄)ချက်ကို ကြည့်ခြင်းအားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ခေါ်ယူရေး တောင်းဆိုမှုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းရေးသည် တရားမဝင်ကြောင်း တင်ပြဖော်ထုတ်ရန် မည်သူ တဦးတယောက်အတွက်မျှ ဥပဒေကြောင်းအရ မလွယ်ကူပေ။ စစ်အုပ်စုမှ ယင်းကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ခေါ်ယူရေးတောင်းဆိုမှုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းရေးသည် တရားမဝင်ကြောင်းမည်သည့်အခါကမျှ ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိခဲ့ပေ။

ယင်းသို့ကြေညာထားမည့်အစား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဆွေးနွေးညှိနှိုင်းမှုကို လိုလားသည်ဆိုပါက ပြည်သူ့လွှတ်တော်ကိုယ်စားပြုကိုယ်စားပြုကော်မတီကို ဖျက်သိမ်းရန်ကိုသာ တောင်းဆိုခဲ့သည်။

၁၉၉၈ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင်ကျင်းပသော ရွေးကောက်ပွဲနှစ်ပတ်လည်အစည်းအဝေး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အာဏာပိုင်များထံတောင်းဆိုရန် ဆုံးဖြတ်ခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁)ဦးမှ ပေးအပ်ထားသော အခွင့်အာဏာသည် လွှတ်တော်ခေါ်ယူကျင်းပနိုင်ရေးအတွက် တရားဝင်တောင်းဆိုမှုဖြစ်သည့်အတွက်၊ တရားဝင်တောင်းဆိုမှုဖြစ်ရန်လိုအပ်သော (၃၄)ရာခိုင်နှုန်းထက် ပိုမိုများပြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ၁၉၉၈ ခုနှစ် ဩဂုတ် (၂၁)ရက်နေ့ နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးရန်တောင်းဆိုခဲ့သည်။ အလားတူတောင်းဆိုချက်ကို အခြားနိုင်ငံရေးပါတီ (၄)ခုဖြစ်သည့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်တိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဇိုမီးအမျိုးသားကွန်ဂရက်တို့မှလည်း တောင်းဆိုခဲ့သည်။

စစ်အာဏာရှင်တို့သည် ၁၉၇၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် ၁၉၈၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်မှ ပြဋ္ဌာန်းထားသည့် အစဉ်အလာ (လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၃၄)ရာခိုင်နှုန်းက တောင်းဆိုလျှင် ပြည်သူ့လွှတ်တော်ခေါ်ယူပေးရမည်)တို့ကို ဖောက်ဖျက်ကျူးလွန်လျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တရားသဖြင့်သော ပြည်သူ့အစည်းအဝေးကျင်းပရေးတောင်းဆိုမှုကို လျစ်လျူရှု ပစ်ပယ်ခဲ့သည်။ ယင်းကဲ့သို့ စစ်အာဏာရှင်တို့၏ ပြည်သူ့ဆန္ဒကို ပစ်ပယ်မှုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားနိုင်ငံရေးပါတီတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ဖွဲ့စည်းနိုင်ရေးအတွက် အစပျိုးကြိုးပမ်းမှုဆီသို့ ဦးတည်စေခဲ့သည်။ ယင်း ဖွဲ့စည်းမှုသည် ဒီမိုကရေစီပါတီစုံစနစ် တည်ဆောက်ရေးတာဝန်ရှိမှုကို အကောင်အထည်ဖော်ရန် လွှတ်တော်အမတ်အများစု၏ဆန္ဒကို အကောင်အထည်ဖော်ကြိုးပမ်းမှုမှ ရောင်ပြန်ဟပ် ပေါ်ထွက်လာသော ရလဒ်ဖြစ်ပေသည်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် တရားဥပဒေကြောင်းအရ ဖွဲ့စည်းထားသော တရားဝင်အဖွဲ့အစည်းတရပ် ဖြစ်ပါသည်။ ❖



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ပုံမှန်အစည်းအဝေးကျင်းပနေစဉ် မြင်ကွင်း

နှစ်ခြိုက်မှုမရှိဆိုသည်မှာ သိသာထင်ရှားလွန်းပြီး အစိုးရတရပ်၏ အခွင့်အာဏာကို ရယူထားရန် အသင့်မဖြစ်ပေ။ သို့သော် အာဏာကို

နှင့် အခြားနိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော် (၂၅၁)ဦးသည် ၎င်းတို့ ကိုယ်စားပြုလုပ်ပိုင်ခွင့်အား အမျိုးသားဒီမိုကရေစီအဖွဲ့

**၁၉၉၈ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲနှစ်ပတ်လည် အစည်းအဝေး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အာဏာပိုင်များ ထံတောင်းဆိုရန် ဆုံးဖြတ်ခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁)ဦးမှ ပေးအပ်ထားသော အခွင့်အာဏာသည် လွှတ်တော်ခေါ်ယူကျင်းပနိုင်ရေးအတွက် တရားဝင် တောင်းဆိုမှုဖြစ်သည့်အတွက်၊ တရားဝင်တောင်းဆိုမှုဖြစ်ရန်လိုအပ်သော (၃၄)ရာခိုင် နှုန်းထက် ပိုမိုများပြားခဲ့သည်။**



(၅၃) နှစ်မြောက် ပြည်ထောင်စုနေ့သို့ တက်ရောက်လာကျသော ဇိုမီးအမျိုးသားကွန်ဂရက်မှ ကိုယ်စားလှယ်များ တက်ရောက်လာစဉ်



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) ခေါင်းဆောင်တချို့

# သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ (၇၅)နှစ်မြောက် မွေးနေ့တွင် လူထု ဒေါ်အမာပြောပြသော ဦးဝင်းတင်အကြောင်း



❝ သူက စိတ်ဓာတ်ခိုင်မာပါတယ်။
သူ့ သတင်းနားဆင်လိုက်ရင်လေ
ထောင်ထဲ ဘယ်သူလာလာ သူ့အတွက် ကိုယ်ရေးကိုယ်တာ သူဘာမှ၊
သူဘယ်တော့မှ မပြောဘူး၊ မတောင်းဆိုဘူးတဲ့။ သူများတွေအတွက်
သူများကိစ္စတွေ ကြီးပဲ တောင်းဆိုသတဲ့။ ❞

❝ ကိုဝင်းတင်ဟာလေ ငါသိသလောက် ငါတို့ပေါင်းသင်းလာကြတဲ့
သတင်းစာဆရာတွေအားလုံးထဲမှာလေ မှဲ့စွန်းတပေါက်မရှိတဲ့
လူတော်လူကောင်းတ ယောက်ပါကွယ်။ အခုသူ့ကို ဘာအပြစ်မှ မရှိဘဲနဲ့၊
သူ့နိုင်ငံရေးယုံကြည်ချက်ကြောင့် အခုလို
နှစ်တွေအကြာကြီး ထောင်ထဲထည့် ထားတာ ငါသနားပါတယ်။ ❞

# ဆီအိုင်ကြား သူ့ရဲ့ကောင်းအတွက် မွေးနေ့ ဆုတောင်း

ဘာဘ

ဒီစာကို ဘာဘမွေးနေ့ရဲ့ မနက်စောစောမှာရေးဖြစ်ပါတယ်။ စိန်ရတုရယ်လို့ သတ်မှတ်တဲ့ (၇၅) နှစ်ထဲကို ဘာဘရောက်ခဲ့ပြီနော်။ လွတ်လပ်မှုကိုမြတ်နိုးတဲ့ တရားမျှတမှုကို ကိုးကွယ်တဲ့၊ ရဲရင့်မှုကို တန်ဖိုးထားတဲ့ အဝန်းအဝိုင်းတွေအားလုံးက ဘာဘအတွက် မွေးနေ့ဆုတောင်းပွဲတွေ ချီးကျူးထောပနာပြုမှုတွေ၊ တောင်းဆိုမှုတွေအပြင်၊ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ထုတ်ပြန်ကြေညာစာတွေ ဂုဏ်ပြုမှတ်တမ်းတင်မှုတွေကလည်း ဘာဘရဲ့ (၇၅)နှစ်မြောက် မွေးနေ့နှစ်မှာ သမိုင်းဝင်တွေပါ။

ပါရီမှာကတော့ တမူထူးခြားတဲ့ပွဲလို့ ဆိုနိုင်ပါတယ်။ ပါရီအခြေစိုက် နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ (RSF)က (၁၁၊ ၃၊ ၀၅ )မနက် (၁၁)နာရီခန့်လောက် မှာ RSF လို့ စာတန်းထိုးထားတဲ့ အနီရောင်တူညီဝတ်စုံတွေဝတ်ပြီးပါရီမှာရှိတဲ့ မြန်မာသံရုံးထဲကို ဝင်သွားပြီး ဘာဘအတွက် မွေးနေ့ပါဆယ်ထုတ်တွေကို သွားပို့ကြတယ်။ သံရုံးတံခါးကိုသွားခေါက်တော့ သံရုံးတာဝန်ရှိသူတွေက တံခါးလည်းဖွင့်လိုက်ရော အားလုံး အထဲကိုဝင်၊ မွေးနေ့ပါဆယ်ထုပ်တွေချပြီး၊ မွေးနေ့ဆုတောင်းသီချင်းတွေကိုဆိုပြီးတော့ “Liberté Win Tin” (ဝင်းတင်ကိုလွှတ်ပေး) လို့လည်းအော်ကြရော၊ သံရုံးကလန့်ဖြန့်ပြီး တံခါးတွေအတင်းဆွဲပိတ်၊ ရဲကိုဖုန်းဆက်နဲ့ ရုန်းရင်းဆန်ခတ် နည်းနည်းဖြစ်သွားတယ်။ ခဏအကြာ သံရုံးရှေ့မှာ ရဲကားတွေက တဝေါဝေါနဲ့ရောက်လာပြီး၊ တာဝန်ရှိတဲ့ ရဲအရာရှိတွေက အကြောင်းမကြား သတင်းမပေးဘဲ သံရုံးထဲဝင်လာတဲ့ RSF ကသူတွေကို မေးမြန်းစစ်ဆေးတော့ အာရှတာဝန်ခံ ဗင်းဆင့် ဘရိုဆယ်လ် (Vincent Brossel)က သူတို့ ဘာဖြစ်လို့ ဒီနေ့မွေးနေ့ဆုတောင်းပွဲ လုပ်ရတယ်၊ အဲဒီလူဟာ ဘယ်သူလဲ၊ သူဘာကြောင့် ဘယ်လိုတိုက်ပွဲကိုဝင်နေတယ်ဆိုတာကို ရှင်းပြတော့ နားထောင်နေတဲ့သူတွေ၊ ရဲတွေကအစ စုပ်တသပ်သပ်နဲ့ စိတ်မကောင်းဖြစ်ကြတယ်။ ဒါ့အပြင် ဘာဘရဲ့ ဓာတ်ပုံပါတဲ့ ပိုစတာစာရွက်ကြီးတွေကို ဗမာသံရုံးရှေ့မှာ ကိုင်ထားကြ၊ သံရုံးရှိတဲ့ လမ်းရဲ့ ဆိုင်းဘုတ်မှာ“Rue Win Tin”ဆိုတဲ့ “ဝင်းတင်” လမ်း လို့ပြောင်းပြီး ဆိုင်းဘုတ်တွေတပ်ကြတယ်။ ပြဿနာကတော့ အေးအေးဆေးဆေးပဲပြီးသွားပါတယ်။

ခဏအကြာမှာ RSF အဖွဲ့သားတွေဟာ သံရုံးထဲကထွက်လာကြပြီး သံရုံးရှေ့မှာ မွေးနေ့သီချင်းထပ်ဆို၊ ဆုတောင်းတဲ့ကြွေးကြော်သံတွေထပ်ဆိုကြ၊ သတင်းဌာနနဲ့ရှင်းလင်းပွဲတွေလုပ်ကြနဲ့ သံရုံးရှေ့မှာ လူတွေက ဖွေးဖွေးလှုပ်နေပြီးကြည့်ကြမေးကြမြန်းကြလုပ်ကြတယ်။ နေ့လည် တနာရီခွဲလောက်မှာ RSF က ဦးစီးကျင်းပတဲ့ ဘာဘဦးဝင်းတင် မွေးနေ့အတွက် ဂုဏ်ပြုတဲ့ပွဲအောင်မြင်မှုအတိ ငြိမ်းချမ်းမှုရှိစွာနဲ့ပြီးသွားတယ်။ လွတ်လွတ်လပ်လပ်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အမှန်တရားကို ဂုဏ်ပြုတဲ့ပွဲတပွဲပါပဲ။

ဘာဘကိုမတွေ့ရတာ နှစ်အတော်ကြာခဲ့ပြီ၊ ဒီတခါဘာဘကိုတွေ့ရင် ငယ်ငယ်တုန်းက ဘာဘတို့စကားဝိုင်းဘေးမှာ ထိုင်နားထောင်နေတဲ့အဖြစ်နဲ့မဟုတ်ဘဲ၊ ကိုယ့်အတွေ့အကြုံတွေ ဗဟုသုတတွေကို ပြောပြချင်မေးချင်မြန်းချင်တာတွေနဲ့ ဘာဘကတော့ နားညည်းနေမှာအမှန်ပဲ၊

ပြင်သစ်ပြည်ကြီးက လှပါတယ်။ ဘာဘရယ်၊ ပါရီကတော့ ဂန္ထဝင်အလှတွေနဲ့ ပန်းရနေတဲ့ မြို့တော်ကြီးပေါ့၊ အထင်ကရရှိလှတဲ့ အီဖယ်မျှော်စင်ကြီးရယ် သမိုင်းဝင်တဲ့ ရှောင်စေလီဇေ (Champs Élysées)မုဒ်ဦးနဲ့ လမ်းမရယ်၊ ယဉ်ကျေးမှုအနုပညာလက်ရာတွေနဲ့ပြည့်နေတဲ့ နော့ထာဒမ်(Notre-Dame) ဘုရားကျောင်းကြီးရဲ့အလှတွေနဲ့အတူ ဘာဘရဲ့ ရဲရင့်မှုတွေက ပါရီမှာအပြိုင်ရှိနေတယ်ဆိုရင် ဘယ်သူငြင်းနိုင်မှာလဲ။

သမီး
သင်းသီရိ
ပါရီ

* * * * *

> ဟံသာဝတီ ဦးဝင်းတင်သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ(၂၄)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းသောအခါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ခု၊ ဇွန်လတွင် ပြစ်မှုမှ ရှောင်တိမ်းနေသည့် တရားခံတစ်ဦး၏ဖခင်ထံ တယ်လီဖုန်းဆက် စကားပြောမှုဖြင့် နဝတက ထောင်ဒဏ် (၃)နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နောက်ထိုးပြစ်ဒဏ် (၁၁)နှစ် ချမှတ်ခြင်းကိုခံခဲ့ရပြီး ၁၉၉၆ခု၊ မတ်လ (၂၈) တွင် ထောင်တွင်းလူ့အခွင့်ရေးအခြေအနေများနှင့်ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်ရေးကော်မရှင်သို့ အစီရင်ခံစာပေးပို့မှုဖြင့် ထပ်တိုးပြစ်ဒဏ် (၇)နှစ် အပြစ်ပေးခြင်းခံရသည်။ ၂၀၀၁ ခုနှစ်တွင် UNESCO အဖွဲ့က ချီးမြှင့်သော ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်သည့်ဆု၊ ကမ္ဘာ့သတင်းစာများ အသင်းကြီးမှချီးမြှင့်သည့် ရွှေကလောင်ဆုတို့ကို ရရှိခဲ့သည်။
>
> **အယ်ဒီတာအဖွဲ့.**




# စီအာရ်ပီပီအဖွဲ့ဝင်နောက်တဦး မတရားအဖမ်းခံရ

စီအာရ်ပီပီအဖွဲ့ဝင်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းကို ပြီးခဲ့သည့် မတ်လ (၁၇)နေ့တွင် စီအိုင်ဒီ ရဲတပ်ဖွဲ့က တာမွေမြို့နယ်ရှိ သူ့၏နေအိမ်မှာ လာရောက်ဖမ်းဆီးသွားသည်ဟု သိရှိရသည်။

ရခိုင်ပြည်နယ်မှ အစ္စလာမ်ဘာသာဝင်များသည် ရန်ကုန်မြို့သို့ အလည်အပတ်လာလိုလျှင် ရက် (၄၀) ခွင့်ပြုချက် လက်မှတ်ကိုင်ဆောင်ကြရမည်ဟု ၁၉၉၂ ခုနှစ်၊ ၉၃ ခုနှစ်ခန့်က ကန့်သတ်ချက်များရှိခဲ့သဖြင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်သော ဦးကျော်မင်းတို့ မိသားစုကို လူဝင်မှုကြီးကြပ်ရေးပုဒ်မဖြင့် စစ်ဆေးနေပုံရသည်ဟု ဦးကျော်မင်း မိသားစုဝင်များနှင့်တွေ့ခွင့်ရသူ နိုင်ငံရေးသမားတဦးကို ကိုးကား၍ ဘီဘီစီသတင်းက ဆိုသည်။

ရခိုင်အစ္စလာမ် တယောက်ဖြစ်သော ဦးကျော်မင်းသည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၏ အရွေးကောက်ခံ လွှတ်တော်အမတ်ဖြစ်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီဖျက်သိမ်းခံခဲ့ရသည့် လွန်ခဲ့သော (၁၃) နှစ်ခန့်ကတည်းက ရန်ကုန်မြို့သို့ တမိသားစုလုံး ပြောင်းရွှေ့နေထိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

ယခုအခါ ဦးကျော်မင်းကို မည်သည့်နေရာ၌ ချုပ်နှောင်ထားမှန်း အတိအကျမသိရပဲ မိသားစုနှင့်လည်းတွေ့ခွင့်မပေးသေးဟု သိရှိရသည်။ ထို့အပြင် သတင်းဌာနများနှင့် တခြားလူများကို ဦးကျော်မင်းနှင့်ပတ်သက်၍ ပြောဆိုခြင်းမပြုရန် ဦးကျော်မင်း၏ အမျိုးသမီးက ခံဝန်ချက်လက်မှတ် ထိုးထားရသည်ဟု သိရသည်။

လွန်ခဲ့သောနှစ်လခန့်က အာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသော စီအာရ်ပီပီအဖွဲ့ဝင် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကို သူ့မိသား စုဝင်တွေကလည်း သွားတွေ့ခွင့်မရသေးကြောင်း နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် အသိုင်းဝိုင်းက ပြောဆိုနေကြသည်။ ❖

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း ပြန်လည်ဖမ်းဆီးခံရ

ပြီးခဲ့သည့် နိုဝင်ဘာလကမှ အကျဉ်းထောင်က ပြန်လည်လွတ်မြောက်လာသူ စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကို မတ်လ (၂၁)ရက်နေ့တွင် အာဏာပိုင်များက ပြန်လည် ဖမ်းဆီးလိုက်ကြောင်းသိရသည်။

ဦးကျော်ဆန်းကို အာဏာပိုင်များက မည်သည့်ပုဒ်မဖြင့် ဖမ်းဆီးသွားသည်ကို အတိအကျမသိရပဲ ယခုအခါ အင်းစိန်ထောင်တွင် တံခါးပိတ်စစ်ဆေးနေသည်ဟု ဦးကျော်ဆန်း၏ဇနီးဖြစ်သူကို ကိုးကားသော ဒီဗွီဘီသတင်းအရ သိရသည်။

အာဏာပိုင်များသည် ဦးကျော်ဆန်း၏ အိမ်ကို ဝင်ရောက်ရှာဖွေပြီး ဒီကေဘီအေ အဖွဲ့နှင့်ပတ်သက်သော စာရွက်စာတမ်းများကို သိမ်းဆည်းသွားသည်ဟု အဲန်အယ်လ်ဒီ ပြောခွင့်ရ ဦးလွင်က ပြည်ပသတင်းဌာနများကို ပြောဆိုသည်။

သို့သော် ဒီကေဘီအေခေါ် (ကရင်ဗုဒ္ဓဘာသာလက်နက်ကိုင်အဖွဲ့)သည် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)မှ ခွဲထွက်ကာ နအဖနှင့် အပစ်အခတ်ရပ်စဲထားသောအဖွဲ့ ဖြစ်သဖြင့် အကြောင်းအရင်းကိုအများက နားမလည်နိုင်ဖြစ်နေကြသည်။

ဦးကျော်ဆန်းသည် ယခင်ကလည်း ဒေါ်အောင်ဆန်းစုကြည် နိုဗယ်လ်ဆုရရှိသည်ကို ထောက်ခံမိသဖြင့် နအဖ၏ (၁၀)နှစ်နီးပါး ထောင်ဒဏ် အပြစ်ပေးခြင်းကိုခံခဲ့ရသည်။ ❖

# ဦးထွေးမြင့်၊ ဦးသုဝေ၊ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် အကြွက်ဆင်ဖမ်းဆီးခံထားရသူများ ပြန်လည်လွတ်မြောက်လာ

မတ်လ (၈)ရက်နေ့ညက ဆြေ့စာရင်းတိုင်ရန်ပျက်ကွက်သည်ဟူသော စွဲချက်ဖြင့် ထောင်ဒဏ် (၁၅)နှစ်ကျခံနေရသော (၇၅) နှစ်အရွယ် ဒီမိုကရေစီပါတီဒုဥက္ကဋ္ဌ ဦးထွေးမြင့်သည် မတ်လ (၂၃)က အင်းစိန်ထောင်မှ ပြန်လည် လွတ်မြောက်လာပြီဟုသိရသည်။

ဦးထွေးမြင့်မှာ ညီအစ်ကိုတော်စပ်သူ ဦးခင်မောင်တင့်၏ ရက်လည်ဆွမ်းသွတ်ပွဲသို့သွားရောက်နေစဉ် လူကြုံဖြင့်ဆြေ့စာရင်းတိုင်ကြားခဲ့သည်အပေါ် အာဏာပိုင်များက မကျေနပ်ဘဲ တမင်အကွက်ဆင်ဖမ်းခြင်းဖြစ်သည်ဟု လုပ်ဖော်ကိုင်ဖက်နိုင်ငံရေးသမားများကို ကိုးကား၍ သတင်းများကဆိုသည်။

မတ်လ (၄)ရက်နေ့ကလည်း ရှမ်းပြည်နယ်နေ့ အစည်းအဝေးတက်ရန် တောင်ကြီးမြို့သို့အသွားတွင် ဖမ်းဆီးခံခဲ့ရသူ ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးသုဝေနှင့် ‘ဖဆပလ’ အဖွဲ့မှ ဒေါ်ချိုချိုကျော်ငြိမ်းတို့ အကျယ်ချုပ်ထိန်းသိမ်းထားခံနေရရာမှ ပြန်လည်လွတ်မြောက်လာကြသည်။

ဦးသုဝေသည် ဒီမိုကရေစီအရေး လှုပ်ရှားနေသော ဝါရင့်နိုင်ငံရေးသမားတဦးဖြစ်ပြီး ၂၀၀၄ခုနှစ် ဒီဇင်ဘာလ (၁၂)ရက်နေ့ကမှ ပြန်လည်လွတ်မြောက်လာသူခဲ့သည်။

ထို့အတူ ကန့်ဘလူမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်သည် မတ်လ(၈)ရက်နေ့က ရွှေဘိုထောင်မှ ပြန်လည် လွတ်မြောက်လာသည်။

ဒေါက်တာမြင့်နိုင်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၉)ရက်နေ့က ဆိုင်ကယ်တိုက်မှုဖြင့် အမှုဆင်ဖမ်းဆီးပြီး ရွှေဘိုတရားရုံးကထောင် (၃)လ အပြစ်ပေးခဲ့သည်။

ထို့အပြင် ဆြေ့စာရင်းမတိုင်မိ၍ ထောင် (၁၅)ရက် ချမှတ်ခံခဲ့နေရသော တွံတေးမြို့နယ်မှ အဖွဲ့ချုပ်ဝင် ဦးတင်ဖေ၊ ရန်ကုန်တိုင်းအဖွဲ့ချုပ်ဝင်များဖြစ်သော လှိုင်မြို့နယ်မှ ကိုဖိုးဝေလင်း၊ ကမာရွတ်မြို့နယ်မှ ကိုမျိုးမင်းစိုး၊ ရွှေပြည်သာမြို့နယ်မှ ကိုနေစိုးနှင့် စမ်းချောင်းမှ ကိုမျိုးလေးတို့ကို အာဏာပိုင်တို့က မတ်လ (၁၈)ရက်နေ့က ပြန်လွှတ်ပေးလိုက်သည်။

# ဆေးခါးကြီးဆိုတာ အဝင်တော့ဆိုးတယ်

ဇွန်ပွင့်ဝင်း



ဒီခရီးစဉ်ကြီးအတွင်းမှာ ကျနော်တို့ ဘဝတွေ၊ သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေ တိုင်းတာလို့ မရလောက်အောင် ပေးဆပ်ခဲ့ကြ ပေးဆပ်နေကြရဆဲပါ။

(၁)

'၁၆ နှစ်တာ ခွဲခွာခဲ့ကြပြီးတော့ အခုလို ဒုတိယအကြိမ် စကားပြောခွင့်တော့ ရခဲ့ပြီပေါ့ဗျာ။ အဲဒီလိုအချိန်မှာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ချင်လှပါတယ် ခင်ဗျား။ ဒါပေမယ့်.... '

၂၀၀၄ နိုဝင်ဘာ (၁၉)ရက်နေ့မှာ ကိုမင်းကိုနိုင် ပြန်လည်လွတ်မြောက်လာတယ်။ (၂၀)ရက်နေ့ ညမှာပဲ လွတ်လပ်သော အာရှအသံ (အာရ်အက်ဖ်အေ)က ကိုမင်းကိုနိုင်ရဲ့ အသံကို ကျနော်တို့ စကြားကြရပါပြီ။

သူ့အသံကို ကျနော်တို့ မျှော်လင့်နေတာ ကြာပြီ။

တိတိပပ အခုမှပဲ ကြားရတော့တယ်။

လုပ်ပါဦး ကိုမင်းကိုနိုင်၊ ဒါပေမယ့်.... ဘာဖြစ်သလဲ၊ ဆက်ပြောပါဦး။

'ဒါပေမယ့် ....ကျနော်ဟာ အခု ကျနော့်ရဲ့ ထွက်လာတဲ့လမ်းမှာ သားပျောက်နေတဲ့ မိခင်တွေရဲ့မျက်ရည်တွေကို တွေ့ခဲ့ရပါတယ်။ ယောကျ်ားရင့်မာကြီးတွေက ဆို့နင့်တဲ့ ရှိုက်သံကြီးတွေနဲ့ ကျနော့်ကိုဖက်ပြီးတော့ ငိုနေတာကိုပဲ တွေ့ရပါတယ်။ ကျနော် ဒီမျက်ရည်တွေကို သိမ်းစေချင်လှပါပြီဗျာ။ ဒီမျက်ရည်တွေ ခြောက်မှ၊ ဒီ မျက်ရည်တွေ သိမ်းနိုင်မှ ကျနော်အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်တာဟာ အဓိပ္ပါယ်ရှိပါလိမ့်မယ်ဗျာ။'

အော့ဇဝစ် အကျဉ်းထောင်ထဲမှာ သားဖွားရတဲ့ မိခင်တစ်ယောက်ရဲ့ ရင်ခုန်သံကို ကျနော် ခံစားကြည့်ဖူးတယ်။

မိခင်တိုင်းဟာ မွေးဖွားပြီးစ ရင်သွေးကို မြင်လိုက်ရတဲ့ အချိန်မှာ .... ကြည်ကြည်နူးနူး ချမ်းချမ်းမြေ့မြေ့ ဖြစ်တတ်ကြစမြဲပါ။ ဒါပေမယ့် အော့ဇဝစ်အကျဉ်းထောင်၊ နာဇီဂျာမဏီတို့ရဲ့ ပက်စက်မှု၊ စူးစူးဝါးဝါး မချိတင်ကဲ အော်သံများ၊ ပြီးတော့ .... ပျောက်ဆုံးနေပြီဖြစ်တဲ့ အနာဂတ်တွေ ....

အဲဒါတွေရဲ့အောက်မှာ ဘယ်မိခင်ကများ သူ့သားလေးရဲ့ မျက်နှာလေးကို စိတ်ချလက်ချ ကြည်နူးချမ်းမြေ့ မြင်ခွင့်ရနိုင်တော့မှာလဲ။

(၂)

'ဒီကနေ့ ကျနော်တို့လျှောက်လှမ်းနေရတဲ့ခရီးမှာ တကယ်တော့ ဘယ်လောက်ပဲ မှောင်မဲပါစေ၊ ဘယ်လောက်ပဲ ကြမ်းတမ်းပါစေ၊ ကျနော့်မှာ ငါတယောက်ထဲမဟုတ်ဘူး၊ ငါ့မှာ ငါ့ရဲ့ ရဲဘော်ရဲဘက်တွေ ရှိနေတယ် ဆိုတဲ့ယုံကြည်ချက်နဲ့ ကျနော်နေခဲ့ပါတယ်'

ဟုတ်တယ် ကိုမင်းကိုနိုင် ....။

ကျနော်တို့ ဖြတ်ကြရတဲ့လမ်းဟာ မှောင်လဲမှောင်၊ ကြမ်းလဲကြမ်း၊ ကွေ့လည်းကွေ့ကောက်ပြီး ရှည်လဲရှည်လျားလွန်းလှပါတယ်။

မဆလ တပါတီအာဏာရှင်စနစ်ကနေ ပါတီစုံဒီမိုကရေစီစနစ်ခေတ်ကို ထုဆစ်ပြောင်းလဲခဲ့ကြရတာ၊ ရာစုတဝက်ကျော် ရှည်လျားခဲ့ရတဲ့ ပြည်တွင်းစစ်မီးကို ငြိမ်းသတ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကြရတာ။

ရှာပုန်းတွေ၊ ယာပျက်တွေ၊ မိုင်းခင်းတွေနှင့် မီးလောင်ငုတ်တိုတွေကနေ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ ဒီမိုကရေစီပြည့်ဝတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ဖန်ဆင်းနေကြရတာ။

မဆလ တပါတီအာဏာရှင်စနစ်နှင့် စစ်အုပ်စုရဲ့စစ်ဖိနပ်အောက်မှာ နင်းအချေခံထားရတဲ့ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့်အမျိုးသားများရဲ့ တန်းတူရေးကို အခိုင်အမာ ပြန်လည်တူးဖော်နေကြရတာ။

ဒီခရီးစဉ်ကြီးအတွင်းမှာ ကျနော်တို့ ဘဝတွေ၊ သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေ တိုင်းတာလို့မရလောက်အောင် ပေးဆပ်ခဲ့ကြ ပေးဆပ်နေကြရဆဲပါ။

ဒါဟာ တဦးချင်းကိစ္စ လုံးဝမဟုတ်ပါဘူး။

တနိုင်ငံလုံး၊ တမျိုးသားလုံးရဲ့ ကံကြမ္မာအတွက် တနိုင်ငံလုံး၊ တမျိုးသားလုံးရဲ့ ပေးဆပ်မှုတွေပါ။

ကိုမင်းကိုနိုင်ဟာ ဒါကို ကောင်းကောင်း သိမြင်နားလည်ထားပါတယ်။

'ကျနော် ဥပမာအနေနဲ့တော့ မပေးပါရစေနဲ့ဗျာ ....

အားလုံးက ကိုယ်စီရှိကြပါတယ်၊ ကိုယ်စီ သိကြပါတယ်။

သက်ဆိုင်တဲ့ သူတွေအားလုံးသိ ကြပါတယ်။ အမေတွေ သိကြပါတယ်၊ ချစ်သူတွေ သိကြပါတယ်။'

ဘဝတူ လုပ်ဖော်ကိုင်ဖက်တွေကို အားပြုရင်း၊ သူတို့ရဲ့ ဝေဒနာတွေကို စာနာရင်း၊ တဆက်တည်းလူထုကြီးရဲ့ မလုံခြုံမှုတွေကိုပါ စိုးရိမ်ပူပန်မိတဲ့ ကိုမင်းကိုနိုင်က ဒီကနေ့ (သူပြန်ထွက်လာကာစ) အခြေအနေကြီးကို အခုလိုပဲ ဖြစ်စေချင်ခဲ့ပါတယ်။

'အမေ့အိမ်ကို ဉာဥ့်နက်နက်မှာ တံခါးလာခေါက်တဲ့သူဟာ အလည်လွန်နေတဲ့သားလေးပဲ ဖြစ်သင့်ပါတယ်။

သားလေးကို အမေ့ရင်ခွင်ထဲကလာပြီးတော့ ခေါ်ထုတ်သွားတာမျိုးတော့ မဖြစ်စေချင်တော့ပါဘူး'

(၃)

ဒီနေ့ မတ်လ (၂၃)ရက်နေ့။ ကျနော် ရင်တွေခုန်နေတယ်။

၁၉၇၉ ခုနှစ်က ဒီလိုနေ့မျိုးမှာပေါ့။

ကမ္ဘာအေးဘုရားလမ်းက လမ်းနီလေး မှတ်တိုင်မှာ ကိုမင်းကိုနိုင်တို့ အဖမ်းခံရပြီ ဆိုတဲ့သတင်းဟာ အဲဒီနေ့ကာလ ဒီမိုကရေစီအင်အားစု အသီးသီးအတွက် တကယ့်စိန်ခေါ်ချက်တစ်ခုပါပဲ။

ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုမင်းကိုနိုင်နဲ့အတူ ဗကသ အမှုဆောင်တွေဖြစ်တဲ့ ကိုဘိုဘိုကိုရော၊ ကိုဘိုကြည်ကိုပါ ဝင်ဖမ်းတာပါ။

ကိုဘိုကြည်က စာရွက်စာတမ်းတွေပါတဲ့ လွယ်အိတ်ကိုပွေ့ပြီး လူအုပ်ကြားမှာ လူအုပ်ကြီးကို အကာအကွယ်ပြုရင်း ရှောင်ထွက်သွားနိုင်လို့ ကိုဘိုကြည်ရော အရေးကြီးတဲ့စာရွက်စာတမ်းတွေပါ သီသီလေးလွတ်ထွက်သွားခဲ့ပါတယ်။

မတ်လ (၁၃)ရက်နေ့၊ ဖုန်းမော်နေ့၊ မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ ကျင်းပခဲ့တာအပါအဝင် 'မတ်လ သီတင်းတပတ်လှုပ်ရှားမှုကြီး'ကို နဝတစစ်အုပ်စုက တော်တော်ထိတ်လန့်သွားပုံရပါတယ်။

ဒါကြောင့်လည်း ....

အဲ့ဒီသီတင်းတပတ်အတွင်း တရားပွဲတွေကို ဝင်ဖျက်၊ ဝင်ဖမ်း လုပ်ရုံသာမက....

ဗကသများ အဖွဲ့ချုပ် ဥက္ကဋ္ဌကို ဒီနေ့မှာတော့ ပြောင်ပြောင်တင်းတင်းကို ဖမ်းပြလိုက်ပါပြီ။

ဒီနေ့ ဗကသကို ဖမ်းပြီးရင် ....

နောက်နေ့ .... ဘယ်သူ့ကို ဆက်ဖမ်းမှာလဲ။

နိုင်ငံရေးပါတီတွေကိုလား၊ နိုင်ငံရေးခေါင်းဆောင်တွေကိုလား၊ ဒီမိုကရေစီရေးလှုပ်ရှားနေသူတိုင်းကိုလား။

ရောင်ရောင်လေး 'ဟ'ပေးထားတဲ့ ဒီမိုကရေစီ တခါးပေါက်ကို ဝုန်းကနဲ ဆွဲပိတ်လိုက်တော့မှာလား။

တကယ့်စိန်ခေါ်ချက်တွေ၊ မေးခွန်းတွေနဲ့ ခြောက်အိမ်မက်တွေဟာ တနေ့တခြား ကျနော်တို့ကြားကို အတင်းကြီးကိုပဲ တိုးပြီး ဝင်ရောက်လာခဲ့ပါတယ်။

(၄)

'၁၀(က)နဲ့ ကျနော်တို့ကို (၃)နှစ်နီးပါး ထိမ်းသိမ်းပြီးသွားတဲ့အခါ၊ တစ်နေ့မှာ အခန်းထဲကနေပြီးတော့ မျက်စိပိတ်ပြီးတော့ ခေါ်သွားပါတယ်။ မျက်စိဖွင့်လိုက်တဲ့အခါ စစ်ခုံရုံးထဲကို ကျနော်ရောက်နေပါပြီ။'

'ဥပဒေက မည်သို့ပင် ဆိုထားစေကာမူ'ဆိုတဲ့၊ လုပ်ချင်သလို လုပ်ခွင့်ရတဲ့၊ ဥပဒေမဲ့ စီရင်ချင်သလို စီရင်ခွင့်ရတဲ့

အဲဒီစစ်ခုံရုံးမှာ ....

ကိုမင်းကိုနိုင်ကို ....

၁၂၄ (က) [နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြောဆိုမှု]၁၇၊ ၂၀ [ပုံနှိပ်အက်ဥပဒေ]ဆိုတာတွေနဲ့ ထောင်ဒဏ် (၁၅)နှစ် ချခဲ့ပါတယ်။

ဗကသများ အဖွဲ့ချုပ်ရဲ့ အစဉ်အလာအတိုင်း လူထုကြီးရဲ့ဝေဒနာတွေကို ကိုယ့်ဝေဒနာအဖြစ်ခံစားပြီး လူထုကြီးရှေ့က ရပ်တည်ပြောဆိုတာ၊ စာရွက်စာတမ်းတွေ ရေးသားထုတ်ပြန်ခဲ့တာနဲ့ပဲ လူငယ်တယောက်ရဲ့ ကံကြမ္မာကို ဖျက်သိမ်းပစ်သင့်ပါသလား။

ဗကသများအဖွဲ့ချုပ်နဲ့ အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌကို ဒီလောက်ကြီးအရေးရော ယူလိုက်သင့်ပါသလား။

'ထောင်ပိုင်ကြီးက ကျနော့်ဆီကို ရောက်လာပြီးတော့ ဒီနေ့ဟာဖြစ်ရင်တော့ ပြစ်ဒဏ်ကတော့ ပြည့်ပါပြီ။ လွတ်တဲ့နေ့ပါပဲ။ သို့သော်လည်းပဲ ပုဒ်မ ၁၀(က)နဲ့ ပြန်ပြီးတော့ ထိမ်းသိမ်းလိုက်တယ်လို့ စာရောက်လာပါတယ်'တဲ့။

လွတ်ရက်စေ့သွားတာကိုတောင် မလွှတ်နိုင်သေးဘဲ၊ ၁၀(က)နဲ့ ဆက်ချုပ်ထားခဲ့တာပါ။ ဒါဟာ အညှိုးအတေးလား၊ အာဃာတလား ဒါမှမဟုတ် သူတို့အကျိုးစီးပွားကို ထိခိုက်အောင် လုပ်နိုင်တဲ့သူဆိုပြီး ကြောက်လန့်တကြားဖြစ်နေတာလား။

ဒီအပေါ်မှာ ကိုမင်းကိုနိုင်ရဲ့ အမြင်ကတော့ ....

'ကျနော်တို့ ချိုင့်ဝှမ်းတွေနဲ့ တွင်းတွေနဲ့ ပြည့်နေတဲ့လမ်းကို လျှောက်ကြတဲ့အခါမှာ....

ကျနော်တို့ဟာ ထိုက်သင့်တဲ့ ပေးဆပ်မှုတွေနဲ့ရင်းပြီးတော့၊ ဖို့ပြီးတော့ ကျနော်တို့ လမ်းကို ဖောက်ရတာရှိပါတယ်။'

အဲဒီလို ချိုင့်တွေ၊ ကျင်းတွေကို ဘဝတွေနဲ့ခင်းပြီး ဖို့ပြီးတဲ့အခါ ....

သူ့ရင်ထဲမှာ ဘာတွေရှိနေပါသလဲလို့ ကြည့်လိုက်တဲ့အခါမှာတော့

'တကယ်တော့ဗျာ၊ အားလုံးပေါ့ဗျာ ကမ္ဘာမှာရော ကျနော်တို့နိုင်ငံက ပြည်သူတွေရော အားလုံးမျှော်လင့်နေတဲ့ ဒီအမျိုးသား ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ လုပ်ယူလို့ရတဲ့ အရာပါဗျာ၊ ဖန်တီးလို့ရတဲ့ အရာပါ။ ခံစားမှုကို ရှေ့တန်းမတင်ပဲနဲ့ အမြော်အမြင်ကြီးမှုနဲ့ ကျနော်တို့ ရင့်ကျက်မှုသာ လိုပါတယ်လို့ ကျနော်ယုံကြည်ပါတယ်ခင်ဗျာ'

(၅)

'၅(ည)တွေထဲမှာရှိတဲ့ ဟာသတစ်ခုလေဗျာ။ ဘာကြားရသလဲဆိုရင် ရာဇာလီလာမယ်၊ အဲ .... အကြာကြီးစောင့်နေတုန်း၊ နောက်တခါကျတော့ ရာဇာလီလာပြီ။ နောက်တခါ အကြာကြီးထပ်စောင့်။ နောက် ရာဇာလီ ပြန်သွားပြီ၊ ရာဇာလီပြန်ရင် ထူးမယ်၊ ဟုတ်တယ် မဟုတ်လား၊ အဲဒီ သံသရာကြီးလည်ခဲ့တာပဲဗျ'

ကျနော်တို့က အကောင်းကို မျှော်လင့်ကြည့်ပါတယ်။

ဒါပေမယ့် .... အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေအတွက် ကြားဝင်ဆောင်ရွက်ပေးနေတဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးကိုတောင် ဝင်ခွင့်မပေးဘူးဆိုတဲ့အခါ ....

ကျနော်တို့ မျှော်လင့်နေတာဟာ သဘာဝမှ ကျပါတော့ရဲ့လားလို့ စဉ်းစားစရာဖြစ်သွားတယ်။

လူ့အခွင့်အရေးဆိုင်ရာ အထူးစောင့်

စာမျက်နှာ (၁၄) ကော်လံ (၁)သို့...

# အကြမ်းဖက်

ဂါမဏိ

**စစ်ဖက် ပစ်မှတ်တွေကို ပိုထိထိရောက်ရောက် တိုက်နိုင်ဖို့ နည်းပညာတွေထွင်ရာမှာ ကွန်မန်ဒို တိုက်နည်းတွေဟာလည်း ပစ်ပယ်လို့မရတဲ့ အစိတ်အပိုင်းတွေ ဖြစ်လာတယ်။**

၁၉၉၈ ခုအတွင်းမှာ ဘုရားသခင်ရဲ့ပါတီလို့အဓိပ္ပါယ်ရတဲ့ ဟဇ္ဇဘူလာအဖွဲ့ဟာ အစ္စရေးစစ်သား ၂၄ယောက်နဲ့ တောင်လက်ဘနွန်တပ်မတော်အမည်ခံ အစ္စရေးရုပ်သေးစစ်သား ၃၃ယောက်ကို သတ်ပစ်ခဲ့တယ်။ ၉၈ တနှစ်လုံးမှာ ဟဇ္ဇဘူလာအဖွဲ့လက်ချက်နဲ့ သေတဲ့အရပ်သား တယောက်မှမရှိခဲ့ပါဘူး။ ဒီနှစ်ထဲမှာပဲ အစ္စရေးနဲ့ တောင်လက်ဘနွန်တပ်ကတော့ ဟဇ္ဇဘူလာ ၃၈ယောက်နဲ့ လက်ဘနွန်အရပ်သား ၂၄ယောက်ကို သတ်ခဲ့တယ်။ လက်ဘနွန် အရပ်ဖက်နယ်မြေတွေကို အစ္စရေးက ဗုံးကြဲတာမျိုးလုပ်လိုက်ပြီးရင်တော့ ဟဇ္ဇဘူလာကလည်း အစ္စရေးအရပ်သားကျေးရွာတွေကို ဒုံးကျည်နဲ့ပစ် လက်တုံ့ပြန်တာ မကြာခဏလုပ်လေ့ရှိတယ်။ ၁၉၉၃ နဲ့ ၁၉၉၆ ခုနှစ်ကြားမှာ အရပ်ဖက်ပစ်မှတ်တွေ တိုက်ခိုက်မှုရှောင်ရှားဖို့ နှစ်ဖက်သဘောတူညီချက်ကို အစ္စရေးဖက်က (၂၃၁)ကြိမ် ဟဇ္ဇဘူလာဖက်က (၁၃)ကြိမ် ဖောက်ဖျက်ခဲ့တယ်။

၁၉၈၃ ခု၊ ဧပြီလအတွင်း လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့ အမေရိကန်သံရုံးမှာ အရှေ့အလယ်ပိုင်းတခွင်လုံးက စီအိုင်အေအအေးဂျင့်တွေ အစည်းအဝေးလုပ်နေတုန်း အသေခံဗုံးခွဲလို့ လူ ၆၃ယောက် သေခဲ့တယ်။ အောက်တိုဘာလကျတော့ လက်ဘနွန်ရောက် အမေရိကန် ကမ်းတက်တပ်အခြေစိုက်စခန်းနဲ့ ပြင်သစ်လေထီးတပ်စခန်းတွေကို တချိန်တည်း၊ တပြိုင်တည်း အသေခံဗုံးခွဲတိုက်ခိုက်လို့ အမေရိကန် မရိန်းတပ်သား ၂၄၁ယောက်၊ ပြင်သစ် လေထီးတပ်သား ၅၈ယောက်ကျသွားတယ်။ ဒါတွေကို အစ္စလမ်မစ်ဂျီဟဒ်အဖွဲ့က စီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ၁၉၈၅ ခုကျမှ တည်ထောင်တဲ့ ဟဇ္ဇဘူလာအဖွဲ့နဲ့တော့ မဆိုင်ပါဘူး။ ဒီတိုက်ခိုက်မှုတွေဟာ အပြစ်မဲ့အရပ်သားပစ်မှတ်ကို တိုက်တာမဟုတ်ပဲ ဘယ်လိုမှအငြင်းပွားစရာမရှိတဲ့ စစ်ဖက်နဲ့ စစ်ဖက်ထောက်လှမ်းရေးပစ်မှတ်တွေကို ကျိုးကြောင်းဆီလျော်ယုတ္တိယုတ္တာတန်တဲ့ တိုက်ခိုက်မှုဖြစ်ပေမယ့် အမေရိကန်အစိုးရနဲ့ အမေရိကန် မီဒီယာတွေက‘အကြမ်းဖက်ဝါဒ’ ‘အကြမ်းဖက်သမား’ လို့ပဲ တံဆိပ်ကပ်ကြတယ်။ ဒီဆုံးရှုံးမှုတွေကြောင့် အင်မတန်ထောင်လွှားတဲ့ အမေရိကန် သမတ ရီဂင်ဟာ လက်ဘနွန်က အမေရိကန်တပ်တွေကို ကမန်းကတန်းရုပ်ပြီး ကလေးကစားစရာအဆင့်ပဲရှိတဲ့ ဂရီနာဒါနိုင်ငံ ပိစိကွေးလေးကို ဝင်ကျူးကျော်သိမ်းပိုက်ပြီး ‘အောင်ပွဲ’ယူပြခဲ့ရတယ်။

လက်ဘနွန်တိုက်ခိုက်မှုတွေဟာ အင်မတန်မှရက်စက်ပြီး တုန်လှုပ်ချောက်ခြားစရာကောင်းလှပေမယ့်‘အကြမ်းဖက်ဝါဒ’ လက္ခဏာတော့ တခုမှမရှိပါဘူး။ စစ်ပွဲတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်အတိုင်း စစ်သားတွေ တိုက်ပွဲမှာ ကျဆုံးခြင်းသာဖြစ်ပါတယ်။ အရပ်သားပြည်သူတွေကို ခြိမ်းချောက်တဲ့ တိုက်ခိုက်မှုမဟုတ်ပဲ လက်ဘနွန်နိုင်ငံကို ကျူးကျော်နေတဲ့ နိုင်ငံခြားစစ်တပ်တွေမောင်းထုတ်ဖို့ စစ်ဆင်နွှဲတာသာဖြစ်တယ်။ အဲဒီတုန်းက အမေရိကန် စစ်သင်္ဘော ***နယူးဂျာဆီ*** က ***ချို့ဖ်တောင်တန်း***တွေကို ပင်လယ်ထဲကနေ အမြောက်နဲ့ပစ်လို့ ရွာသားတွေသေတာ၊ ဘေရွတ်ဆင်ခြေဖုံးက ဘီယာအယ်လ်အာဘက်ကို စီအိုင်အေအစီအစဉ်နဲ့ ဗုံးကြဲလို့ အရပ်သား ၇၅ယောက်သေတာ၊ ဘားလ်ဘက်ကို ပြင်သစ်တပ်က စီးနင်းရာမှာ အရပ်သား၃၀ သေတာတွေက အစ္စလမ်မစ်ဂျီဟဒ်တိုက်ခိုက်မှုတွေထက်ပိုပြီး အကြမ်းဖက်ဝါဒဖက်ရောက်တာ သိသာလှပါတယ်။

၂၀၀၀ ခုနှစ်၊ အောက်တိုဘာလမှာ ဟဇ္ဇဘူ လာက အစ္စရေးသိမ်းပိုက်ထားတဲ့ လက်ဘနွန်တောင်ပိုင်း ဆီးရီးယားနယ်မြေထဲ ဝင်ပြီး အစ္စရေးစစ်သားလေးယောက်ကို အရှင်ဖမ်းဆီးနိုင်ခဲ့တယ်။ တိုင်းတပါးနယ်မြေထဲ ကျူးကျော်နေတဲ့ တိုက်ပွဲဝင်တရားဝင်စစ်သားတွေကို စစ်သုံ့ပန်းမိတာဖြစ်ပေမယ့် ဒါကို အကြမ်းဖက်ဝါဒအဖြစ်ပဲ အနောက်နိုင်ငံတွေက ဇွတ်မှိတ်အော်နေကြတယ်။

တကယ်တော့ အခုလို စစ်ရေးပစ်မှတ်တွေကို ဇွဲနဘဲနဲ့ ထိထိမိမိတိုက်ခိုက်နိုင်ခဲ့လို့ တခါမှအရှုံးမတွေ့ခဲ့ဖူးတဲ့ အစ္စရေးနိုင်ငံဟာ၂၀၀၀ ခုနှစ်မှာ ဟဇ္ဇဘူလာကိုအရှုံးပေးပြီး ၁၈ နှစ်ကြာသိမ်းပိုက်ထားတဲ့ လက်ဘနွန်နိုင်ငံတောင်ပိုင်းကနေ အရှက်တကွဲနဲ့ အပြီးအပိုင်ဆုတ်ခွာသွားခဲ့ရတယ်။ အစ္စရေးကို အားကိုးအထင်ကြီးခဲ့တဲ့ တောင်လက်ဘနွန်တပ်ဆိုတာတွေလည်း ဘဝပျက်သွားတော့တယ်။ ဟားမတ်စ်အဖွဲ့တို့လို အစ္စရေးအရပ်သားပစ်မှတ်တွေကို ဦးမတည်ပဲ စစ်ရေးပစ်မှတ်တွေကိုသာဦးတည်ပြီး ထိရောက်အောင်မြင်စွာတိုက်နိုင်လို့ အစ္စရေးစစ်တပ်ထဲမှာရော အစ္စရေးပြည်သူများအတွင်းမှာပါစစ်ပွဲရဲ့ အကြောင်းရင်းခံဖြစ်တဲ့ လက်ဘနွန်တောင်ပိုင်း ကျူးကျော်သိမ်းပိုက်ထားမှုကို ဆန့်ကျင်စိတ်တွေ၊ စိတ်ဓာတ်ပျက်ပြားမှုတွေ၊ ကြီးထွားလာစေခဲ့တယ်။ ဟဇ္ဇဘူလာဟာ မိမိရည်မှန်းချက်ဖြစ်တဲ့ အစ္စရေးတပ်တွေ လက်ဘနွန်က ရုပ်သွားတဲ့အခါ တိုက်ခိုက်မှုတွေကို ရပ်စဲလိုက်တော့တယ်။

၁၉၄၈ ခုမှာ ကုလသမဂ္ဂက ပြဋ္ဌာန်းခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း စကားချီးနိဒါန်းမှာ “***လူသားသည် မင်းဆိုးမင်းညစ်အုပ်စိုးမှုနှင့် ဖိနှိပ်မှုကို မလွဲမရှောင်သာ သူပုန်ထတော်လှန်ရသည့် အဆုံးစွန်သောအခြေအနေသို့ ရောက်မသွားစေရန် လူ့အခွင့်အရေးများကို တရားဥပဒေအာဏာပိုင်စိုးမှုအားဖြင့် ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်သည့်အတွက်ငှား....***”လို့ ရှင်းရှင်းလင်းလင်း တံခါးဖွင့်ပေးထားတယ်။

တောင်အာဖရိက လွတ်မြောက်ရေးခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားက လက်နက်ကိုင်တိုက်ရေး၊ မတိုက်ရေးသဏ္ဍာန်ဆိုတာ ကိုယ့်ဆန္ဒအရ ရွေးချယ်နိုင်တာမဟုတ်ပဲ တဖက်ရန်သူက သတ်မှတ်ပြဋ္ဌာန်းတာဖြစ်တယ်။ ရန်သူ ခင်းပေးတဲ့လမ်းအတိုင်း ကိုယ်က လိုက်လျှောက်ရတာဖြစ်တယ်လို့ ပြောခဲ့ဖူးတယ်။ မာတင်လူသာကင်းရဲ့ လမ်းကြောင်းမျိုးလျှောက်ဖို့ တောင်အာဖရိက လူဖြူအစိုးရက ခွင့်မပြုပဲ လက်နက်ကိုင်လမ်းစဉ်သာကျင့်သုံးလို့ မင်ဒဲလားတို့ဖက်ကလည်း လက်နက်ကိုင်လမ်းစဉ်ပဲ ပြန်ကျင့်သုံးရတာဖြစ်တယ်လို့ ရှင်းလင်းပြခဲ့တယ်။

၁၉၈၇ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက“ကိုလိုနီနှင့် လူမျိုးခွဲခြားရေးအစိုးရများအောက်တွင်ငှား....။ နိုင်ငံခြားစိုးမိုးမှုအောက်တွင်ငှား....။ သို့တည်းမဟုတ် အခြားသော ကိုလိုနီစိုးမိုးမှုအသွင်သဏ္ဍာန်များအောက်တွင်ငှား .... ရှိနေသော ပြည်သူအများအနေဖြင့် [ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်] ရည်မှန်းချက် အထမြောက်ရေးတိုက်ပွဲဝင်လုံးပမ်းခွင့်၊ [ကုလသမဂ္ဂ] ပဋိညာဉ်စာတမ်းနှင့် အခြားသော နိုင်ငံတကာဥပဒေမူဝါဒများနှင့်အညီ အကူအညီအထောက်အပံ့ တောင်းခံရယူခွင့်” ရှိကြောင်း ထောက်ခံအတည်ပြုခဲ့ပါတယ်။

ဒီ ၁၉၈၇ ညီလာခံမှာပဲ “အပြစ်မဲ့လူ့အသက်များကို ထိခိုက်အန္တရာယ်ပြု သို့မဟုတ် ဆုံးရှုံးစေခြင်း၊ အခြေခံ မူလလွတ်လပ်ခွင့်များကို ထိခိုက်ပျက်ပြားစေခြင်းနှင့် လူသားဂုဏ်သိက္ခာကို ကြီးကြီးမားမား ညှိုးနွမ်းထိခိုက်စေခြင်း”လုပ်ရပ်များကို “အကြမ်းဖက်ဝါဒ”Terrorismအဖြစ် သတ်မှတ်အဓိပ္ပါယ်ဖွင့်ဆိုခဲ့တယ်။ အမေရိကန် အစိုးရကလည်း “စစ်ပွဲဝင်မဟုတ်သော ပစ်မှတ်များကို အစိုးရ၏ လျှို့ဝှက်ကိုယ်စားလှယ် အေးဂျင့်များ သို့မဟုတ် နိုင်ငံကိုကိုယ်စားမပြုသောအဖွဲ့များက ကြိုတင်ကြံရွယ်ချက်ရှိရှိဖြင့် နိုင်ငံရေးအကြောင်းခံအရ ကျူးလွန်သော အကြမ်းပတမ်းပြုမူခြင်း”ကို အကြမ်းဖက်ဝါဒအဖြစ် တရားဝင်သတ်မှတ် ဖွင့်ဆိုခဲ့တယ်။

အိုစမာဘင်လာဒင်ရဲ့ အယ်လ်ကိုင်ဒါအဖွဲ့ကယီမင်နိုင်ငံမှာ အမေရိကန် စစ်သင်္ဘော ***ကိုးလ်***ကို အသေခံဗုံးခွဲတိုက်ခိုက်တာဟာ အကြမ်းဖက်ဝါဒလို့ မသတ်မှတ်နိုင်တဲ့စစ်ရေးဆောင်ရွက်ချက်တခုဖြစ်ပြီး ၉/၁၁ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုအမြွှာမျှော်စင်ကို အသေခံတိုက်ခိုက်မှုကတော့ အကြမ်းဖက်ဝါဒမြောက်တယ်လို့ နိုင်ငံတကာဥပဒေပညာရှင်တွေက သုံးသပ်ကြတယ်။ ပင်တဂွန်ကို တိုက်ခိုက်တာဟာ စစ်ဖက်ပစ်မှတ်ကို တိုက်တာဖြစ်ပေမယ့် အပြစ်မဲ့ လေယာဉ်ခရီးသည်တွေရဲ့ အသက်ကိုစတေးပြီးမှ လုပ်တာဖြစ်လို့ အကြမ်းဖက်ဝါဒလုပ်ရပ်ထဲ အကျုံးဝင်သွားပါတယ်။ ဒါမျိုးကို ဘေးပန်းထိခိုက်မှုလို့လည်း ဆင်ခြေပေးခွင့်လွှတ်လို့ မရပါဘူး။

၂၀ ရာစုအတွင်း သိသာထင်ရှားတဲ့ ရောမ အကြမ်းဖက်ဝါဒ လုပ်ရပ်တွေကတော့ ဂျပန်တွေကျူးလွန်ခဲ့တဲ့ ၁၉၃၇–၃၈နှစ်ကင်း လူသတ်ပွဲမှာ အရပ်သား သုံးသိန်းသေခဲ့ပြီး ယိုးဒယား–ဗမာ မီးရထားလမ်းဖောက်ရာမှာတော့ စစ်သုံ့ပန်း ၁၆၀၀၀အပါအဝင် လူတသိန်းခွဲ သေခဲ့တယ်။ ဒီလို အကြမ်းဖက်ဝါဒတွေကျင့်သုံးခဲ့တဲ့ ဂျပန်အပေါ်အမေရိကန်က အကြမ်းဖက်ဝါဒ တန်ပြန်ကျင့်သုံးလိုက်တဲ့အခါ ၁၉၄၅မတ်၊ တိုကျိုမြို့တော်ကို မီးလောင်ဗုံးကြဲရာမှာ အရပ်သားတသိန်းနီးပါးသေပြီး ဟီရိုရှီးမားနဲ့ နဂါစကီ အနုမြူဗုံးကြဲရာမှာတော့ တမြို့စီမှာ အရပ်သားရှစ်သောင်းနဲ့ လေးသောင်းအသီးသီး သေခဲ့တယ်။ အိုကီနာဝါကျွန်းကို အမေရိကန်သိမ်းရာမှာ အရပ်သား တသိန်းခွဲ သေခဲ့တယ်။ နာဇီဂျာမဏီက ဂျူးလူမျိုးအရပ်သား ခြောက်သန်းကို သတ်ပစ်ခဲ့ပြီး ဆိုဗီယက်ပြည်သူအရပ်သား သန်း၂၀ကိုလည်း သတ်ခဲ့တယ်၊ မဟာမိတ်တွေက ဂျာမဏီနိုင်ငံ ဒရက်စဒင်မြို့ကို နှစ်လကြာဗုံးကြဲရာမှာတော့ ဂျာမန်အရပ်သား ၁၃၅,၀၀၀သေခဲ့ပြန်တယ်။

ဗီယက်နမ်စစ်ကာလမှာ အမေရိကန်ဗုံးကြဲမှုကြောင့် ၁၉၆၉ကနေ ၁၉၇၃အထိ လေးနှစ်အတွင်း ကမ္ဘောဒီးယားရွာသား တသိန်းခွဲ သေခဲ့တယ်။ (စီအိုင်အေကတော့ ခြောက်သိန်းသေတယ်လို့ ခန့်မှန်းထားတယ်။) ဒါတွေကို နာကျည်းပြီး ရွာသားတွေ ခမာနီအဖွဲ့ထဲ အစုလိုက် အပြုံလိုက်ဝင်လို့ ခမာနီအဖွဲ့ အကြီးအကျယ်အင်အားတွေ တိုးလာတာကနေ နောက်ဆုံးမှာ ပိုးလ်ပေါ့တ် အာဏာရသွားနိုင်ခဲ့တယ်။ အဲဒီအခါမှာ ပိုးလ်ပေါ့တ်က အကြမ်းဖက်လို့ ကမ္ဘောဒီးယားပြည်သူ တသန်းလောက် အသတ်ခံရသူခံရ၊ ငတ်သေသူသေရ ဖြစ်ခဲ့ရပြန်တယ်။

၁၉၈၃ စက်တင်ဘာမှာ တောင်ကိုရီးယားခရီးသည်တင်လေယာဉ်ကို ဆိုဗီယက်ပြည်ထောင်စုက ပစ်ချလို့ အပြစ်မဲ့အရပ်သားခရီးသည် ၂၆၉ယောက်သေခဲ့သလို ၁၉၈၈ခုဇူလိုင်လမှာ အီရန်ခရီးသည်တင်လေယာဉ်ကို အမေရိကန် စစ်သင်္ဘောကပစ်ချလို့ အပြစ်မဲ့ အရပ်သားခရီးသည် ၂၉၀သေခဲ့ရတယ်။

စစ်ပွဲတွေအတွင်း အရပ်သားတွေမလွဲမရှောင်သာ ထိခိုက်သေကြေတာရှိတတ်ပါတယ်။ အမေရိကန်တပ်မတော်မှာဆို“ယှဉ်တွဲပါ ဘေးပန်းထိခိုက်မှု”Collateral damage လို့ သတ်မှတ်ခွင့်ပြုထားတာတောင် ရှိတယ်။ ဒါပေမယ့် တမင်တကာလုပ်ပြီးမှ ဘေးပန်းထိ

စာမျက်နှာ (၁၁) ကော်လံ (၁)သို့ ...



# အာဆီယံက နအဖ၏ ဒီမိုကရေစီဖော်ဆောင်ရေးအပေါ် အယုံအကြည်မရှိတော့



စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျိုး

နအဖသည် အာဆီယံကို ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်နေပြီး အာဆီယံနိုင်ငံများကလည်း နအဖ၏ လမ်းပြမြေပုံအပေါ်၊ သံသယဖြစ်လျက်ရှိကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက မတ်လ (၄)ရက်နေ့က ပြောဆိုလိုက်သည်၊

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျိုး (George Yeo)က 'နအဖ အာဏာပိုင်တွေအနေနဲ့ မြန်မာ့နိုင်ငံရေးကို စနစ်တကျမဖြေရှင်းဘူးဆိုရင် အာဆီယံအဖွဲ့ကြီးပါ သိက္ခာကျပါတယ်။ 'မြန်မာကို အာဆီယံအလှည့်ကျသဘာပတိနေရာ ပေးသင့်၊ မပေးသင့် ကိစ္စအတွက် အဖွဲ့ထဲမှာ သေချာမဆွေးနွေးရသေးပေမယ့် ဒီကိစ္စအပေါ်မှာ အာဆီယံက စိုးရိမ်သောကဖြစ်ရပါတယ်'ဟု စင်ကာပူနိုင်ငံ၏ မဟာဗျူဟာဆိုင်ရာ လွှတ်တော်ဆွေးနွေးပွဲတွင် ပြောဆိုသွားခဲ့သည်။

နအဖသည် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနေသော်လည်း ဖွဲ့စည်းပုံဥပဒေသစ်၏ အလားအလာမှာ မသဲကွဲဘဲ၊ လမ်းပြမြေပုံတွင်လည်း တိကျသော အချိန်သတ်မှတ်ချက်မပါဝင်ဟု မစ္စတာဂျော့ဂျိုးက ဆိုသည်။

ကျနော်တို့ တကယ်စိုးရိမ်တာ ကတော့ မြန်မာအရေးဟာ အာဆီယံနဲ့မဟာမိတ်နိုင်ငံတွေအကြားကဆက်ဆံရေးကို ပျက်ပြားသွားနိုင်တယ်ဆိုတဲ့ အချက်ပါ။ ဘာကြောင့်လဲဆိုတော့ မနှစ်က ဟန္ဓိုင်းမှာကျင်းပတဲ့ အာရှ၊ ဥရောပ၊ အာဆီယံဆွေးနွေးပွဲမှ မြန်မာကို လက်ခံနိုင်ဘူးလို့ အီးယူကပြောတာကို အာဆီယံက မြန်မာဖက်ကကြို့ကြို့ခံခဲ့တယ်။ 'အခုရန်ကုန်ရဲ့အခြေအနေဟာ အာဆီယံရဲ့ ရပ်တည်ချက်ကို သိက္ခာကျစေတယ်'ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံအရေးဟာ ပြည်တွင်းအရေးဖြစ်နေ၍ ဒေသတွင်းနိုင်ငံများကို မထိခိုက်သရွေ့ မြန်မာနိုင်ငံသားများက မိမိတို့ဘာသာဖြေရှင်းကြရမည်ဖြစ်သော်လည်း လက်ရှိအခြေအနေသည် အာဆီယံ၏သိက္ခာကို ထိခိုက်လာသဖြင့် အာဆီယံက ကြားဝင်ဖြေရှင်းမှဖြစ်တော့မည်ဟု ယုံကြည်ကြောင်းနှင့် ယင်းကိစ္စကို နောက်လ ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံသောအခါ ပြတ်ပြတ်သားသား ဆွေးနွေးမည်ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက ပြောဆိုသွားခဲ့သည်။ ❖

# မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ မဖြစ်ရေး မလေးရှားလွှတ်တော်အမတ်များ ဆောင်ရွက်မည်



ဒီမိုကရေစီဖော်ဆောင်ရေးတွင် နောက်ထပ် ကြန့်ကြာနေမည်ဆိုလျှင် မြန်မာနိုင်ငံကို ၂၀၀၆ ခုနှစ် အာဆီယံအလှည့်ကျသဘာပတိ အဖြစ်ကို လက်ခံမည်မဟုတ်ဟု မလေးရှား ဝန်ကြီးချုပ်ရုံး ဝန်ကြီး(Nazri Abdul Aziz) က ပြောဆိုလိုက်သည်။

'မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် မပေါ်ပေါက်မချင်း အာဆီယံအလှည့်ကျ သဘာပတိနေရာပေးဖို့ ဆိုင်းငံ့ထားရမယ်။ အခြားတနိုင်ငံကို လွှဲပေးလိုက်ရမယ်'ဟု မစ္စတာ Naszri Abdaက နယူးစတိတ်စ်တိုင်းမ် (New Straits Times) သတင်းစာသို့ ပြောဆိုသွားသည်။

အာဆီယံသဘာပတိအဖြစ် အင်္ဂလိပ်အက္ခရာစဉ်အတိုင်း လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်စသည်ဖြင့် အလှည့်ကျဆောင်ရွက်ရမည်ဖြစ်ရာ မြန်မာက ၂၀၀၆ ခုနှစ်အတွက် အလှည့်ကျ သဘာဘာပတိဖြစ်သည်။

စစ်တပ်ကြီးစိုးသော မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်ကတည်းက အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့ပြီး အာဆီယံနှင့် အနောက်နိုင်ငံများအကြားဆက်ဆံရေးတွင် ကသိကအောင့်ဖြစ်စရာ နိုင်ငံတခုဖြစ်လာခဲ့သည်။

ထို့အတူ အမေရိကန်သံအမတ်ဟောင်း Richord Holbrooke ကလည်း မတ်လ ၂၁ ရက်နေ့က ဘန်ကောက်သို့ ရောက်ရှိနေစဉ်တွင် '၂၀၀၆ ခုနှစ်အတွင်း ရန်ကုန်မှာ ထိပ်သီးအစည်း အဝေးနှစ်ခုကျင်းပဖို့အထိ အာဆီယံက အရဲစွန့်မယ်ဆိုရင် ၂၅နှစ်တာ ပုံမှန်အစည်းအဝေးတက်လာခဲ့တဲ့ အမေရိကန်နဲ့ တခြားနိုင်ငံများ မတက်ရောက်တော့တဲ့ အခြေအနေမျိုးတွေ ရင်ဆိုင်ရမယ်'ဟု သတိပေးပြောဆိုသွားသည်။

မလေးရှားသည် ဒီဇင်ဘာလကတည်းက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးခြင်းဖြင့် ဒီမိုကရေစီရှေးရှုသောခြေလှမ်းလှမ်းရန် နအဖကို တောင်းဆိုထားသော်လည်း မြန်မာ့ ဒီမိုကရေစီခေါင်းဆောင်မှာ ယခုတိုင် နေအိမ်အကျယ်ချုပ်ဖြင့် ထိမ်းသိမ်းခံနေရဆဲဖြစ်သည်။ ❖

# ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က နအဖအား နောက်ဆုံးအကြိမ် သတိပေး

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အိုက မြန်မာနိုင်ငံတွင် ဇွန်လ နောက်ဆုံးထား၍ လုပ်အားပေးခိုင်းစေခြင်းများ ပပျောက်အောင် ဆောင်ရွက်ပေးရန် နအဖကို နောက်ဆုံးအကြိမ် သတိပေးလိုက်သည်။

ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးအခြေအနေနှင့် ပတ်သက်၍ သွားရောက်စုံစမ်းခဲ့သော အိုင်အယ်လ်အိုအဆင့်မြင့် ကိုယ်စားလှယ်၊ ဆွစ်ဇာလန်နိုင်ငံ သမတဟောင်း (Ruth Dreifuss)က 'ကမ္ဘာ့အသိုင်းအဝိုင်းက မြန်မာနိုင်ငံမှာ သိသာတဲ့တိုးတက်မှုတွေကို မြင်ချင်နေကြတယ်။ အိုင်အယ်လ်အိုကလည်း နအဖဆီကနေ တိကျတဲ့အဖြေ၊ မှန်ကန်တဲ့သတင်းအချက်အလက်တွေကိုပဲ လိုချင်ပါတယ်။ ဒါပေမယ့် ဒီနှစ်တွေထဲမှာ ရှေ့နောက်မညီတဲ့ကတိစကားတွေကိုပဲ နအဖကပေးနေတယ်''ဟု မတ်လ (၂၄)ရက်နေ့ကကျင်းပသော အိုင်အယ်လ်အိုညီလာခံတွင် ပြောဆိုသွားခဲ့သည်။

အိုင်အယ်လ်အို ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အဓမ္မလုပ်အားပေးခိုင်းစေမှုများ ပပျောက်ရေးအတွက် နအဖနှင့်ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ညီလာခံအကြောင်းပြကာ လက်ခံတွေ့ဆုံခြင်းမပြုခဲ့ပေ။

ထို့ကြောင့် အိုင်အယ်လ်အို၏ ဥပဒေကျင့်ထုံး အပိုဒ်(၃၃)တွင် 'အဖွဲ့ဝင် မည်သည့်နိုင်ငံမဆို အိုင်အယ်လ်အိုက ချမှတ်သော ဆုံးဖြတ်ချက်များကို အချိန်နှင့်တပြေးညီဆောင်ရွက်ရန် ပျက်ကွက်ပါက နိုင်ငံတကာခုံရုံး (သို့မဟုတ်)အိုင်အယ်လ်အိုက လိုအပ်သလိုအရေးယူခြင်းကို လိုက်နာရမည်' ဟုပါရှိရာ နအဖသည် ယခုအခါ အထူးစိုးရိမ်လျက်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ကတည်းက အိုင်အယ်လ်အိုအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး စစ်တပ်က အာဏာသိမ်းအပြီး ပိုမိုဆိုးရွားလာသော ဥပဒေချိုးဖောက်မှုများကို အိုင်အယ်လ်အိုက ဖော်ထုတ်ထောက်ပြခဲ့သည်။ သို့သော် နအဖက ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည်ဟုစွပ်စွဲကာ အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်နေခဲ့သည်။ ထို့ကြောင့် အမေရိကန်နှင့် အီးယူတို့က စီးပွားရေးပိတ်ဆို့ကာ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ခဲ့သည်။

ထို့အတူ အမေရိကန်အစိုးရ၏ ဖေဖော်ဝါရီ (၂၈)ရက်နေ့ထုတ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအစီအရင်ခံစာသည် လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုမရှိပဲ စွပ်စွဲချက်များဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းသာဖြစ်သည်ဟု နအဖက တုံ့ပြန်ခဲ့သည်။ ❖

# ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးလျှင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအများဆုံး ထုတ်လုပ်သော နိုင်ငံဖြစ်



မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချရာတွင် ဝ တပ်များ ပါဝင်ပတ်သက်နေဆဲဖြစ်သည်

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် မူးယစ်ဆေးဝါးအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သည်ဟု မတ်လ (၄)ရက်နေ့ထုတ် အမေရိကန်အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာက ဖော်ပြသည်၊

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်အတွင်း ဘိန်း ၂၉၂ တန်ထုတ်လုပ်ခဲ့ပြီးနအဖနှင့် အပစ်အခတ်ရပ်စဲထားသော 'ဝ' ထိန်းချုပ်ရာဒေသများက အဆိုပါဘိန်းအားလုံး၏ (၆၅)ရာခိုင်နှုန်းကို ထုတ်လုပ်ခဲ့သည်ဟု အစီရင်ခံစာက ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ကြောက်မက်ဖွယ်ရာတိုးလာပြီး၊ မြန်မာနိုင်ငံတွင်လည်း စိတ်ကြွဆေးထုတ်လုပ်မှု တိုးတက်လာနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်၊

ထိုင်း–မြန်မာနယ်စပ်နှင့် တရုတ်–မြန်မာနယ်စပ်ဒေသများမှ စိတ်ကြွဆေးများသည် ဒေသတွင်းပျံ့နှံ့နေသော်လည်း နအဖသည် နိုင်ငံတကာကိုပေးထားသော ကတိကဝတ်များကို ဖျက်ကာ'ဝ'ဒေသများ၌ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခွင့်ပြုထားသည်ဟု ဆိုသည်။

နအဖသည် ၁၉၉၉ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ဆောင်ရွက်နေပါသည်ဟု ပြောဆိုထားပြီး 'ဝ' ဒေသခေါင်းဆောင်များကလည်း ၂၀၀၅ ခုနှစ် ပထမ(၆)လအတွင်း 'ဝ'ဒေသ၌ ဘိန်းအပြီးတိုင်ပပျောက်အောင်ဆောင်ရွက်မည်ဟု ပြောဆိုထားသော်လည်း (၂၀၀၄)ခုနှစ်၏ (၁၀)လတာကာလအတွင်း နယ်စပ်ဒေသများ၌ စိတ်ကြွဆေးပြား (၈)သန်း ဖမ်းဆီးရမိခဲ့ရာ ထိုပမာဏသည်၂၀၀၃ ခုနှစ်ကထက် တဆပိုများနေခဲ့သည်။

ထို့ကြောင့် အမေရိကန်အစိုးရက ၂၀၀၅ ခုနှစ်ဆန်းပိုင်းကတည်းက 'ဝ'ခေါင်းဆောင်များကို မူးယစ်မှောင်ခိုများအဖြစ် တရားစွဲထားပြီး မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ထိပ်တန်းဘိန်းစိုက်နိုင်ငံအဖြစ် ဆက်တိုက်ဖော်ပြခံနေရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အား သမတ ဘုရှ်ကတော်ချီးကျူး

ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာတလွှားက အမျိုးသမီးခေါင်းဆောင်များအနက် ထူးချွန်ထက်မြက်သော ခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု သမတဂျော့ဒဗျူဘုရှ်၏ကတော်က ချီးကျူးလိုက်သည်။

မစ္စလောရာဘုရှ်က ''ဒေါ်အောင်ဆန်းစုကြည်သည် လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးအတွက်ကြိုးပမ်းနေသလို မြန်မာပြည်သူများအားလုံး လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေသော ခေါင်းဆောင်တဦးဖြစ်ပြီး သူမလွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သူအားလုံးကို အမေရိကန်အစိုးရတရပ်လုံးက အပြည့်အဝထောက်ခံပါကြောင်း မတ်လ (၈)ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသွားခဲ့သည်။ ❖



အမေရိကန်သမတ ဂျော့ဘုရှ်၏ဇနီး မစ္စလော်ရာဘုရှ်

**ယခင်လမှ အဆက် ...**

အမေရိကဟာ သာမန်နိုင်ငံတခုလို ဘာကြောင့် ဆုံးဖြတ်လုပ်ကိုင်ခဲ့တာလဲဆိုတာ ကျနော်တို့ သဘောပေါက်နားလည်ဖို့ ဆယ်စုနှစ်တွေနဲ့ အချိန်ယူပြီးစဉ်းစားခဲ့ကြရပါတယ်။ ဒါပေမယ့်လည်း အကျိုးဆက်တွေကိုတော့ ကျနော်တို့ ဆယ်စုနှစ်နဲ့ချီပြီး စောင့်ကြည့်လက်ရှိနေရာကဖယ်ရှားပြီး ပိုမိုညင်သာပြီး သိမ်မွေ့တဲ့အုပ်ချုပ်မှုနဲ့ အစားထိုးနိုင်ခဲ့ရင်တော့ လက်ရှိရင်ဆိုင်နေရတဲ့ မြင့်တက်လာတဲ့ အမေရိကန်မုန်းတီးရေးအခြေအနေကို တဖြေးဖြေးပျောက်သွားနိုင်ပါတယ်လို့ သူတို့ အနေနဲ့မျှော်လင့်ထားပါတယ်။ ခက်တာကလည်း ဒီလူတွေကို နားချဖို့ဆိုတာက သူတို့ရာမှာလည်း ဆိုဗီယက်ယူနီယံဟာ ကြမ်းတမ်းခက်ထန်တဲ့ မျက်နှာကိုသာ ဖော်ပြခဲ့ပါတယ်။ သူ့ရဲ့ အဝန်းအဝိုင်းမှာရှိခဲ့တဲ့ မဟာမိတ်ဆိုတာတွေကလည်း ဆိုဗီယက်ဆိုတဲ့ပေါင်းချောင်ထဲမှာ လွတ်လပ်တဲ့ဆန္ဒနဲ့မဟုတ်ပဲ ပူးနေခဲ့ကြရတာဖြစ်ပါတယ်။ အင်အားသုံး ပူးပေါင်းခိုင်းခဲ့တယ်လို့ တောင်ပြောရမလိုပါပဲ။ ရွေးချယ်ဘယ်လိုမှ ပြောမဖြစ်ပါဘူး။ တည်တည် ငြိမ်ငြိမ် နဲ့ ဒီကိစ္စအပေါ် အကဲဖြတ်ကြည့်ကြမယ်ဆိုရင်တော့ အမေရိကရဲ့ ပြုမူလုပ်ဆောင်ချက်ဟာ အကျိုးအကြောင်းမှန်ကန်မှုရှိပြီး အမေရိကန် နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက် တည့်မတ်ထိမ်းကြောင်းရမယ့် အနေအထားဖြစ်နေခဲ့တယ်ဆိုတာကို သဘောတူအခေါ်အပေါ်ရပ်တည်ခဲ့တဲ့ အင်အားစုဖြစ်ပါတယ်။ စစ်အေးလွန်ခေတ် ကမ္ဘာ့ပညာတတ်တွေ ယုံကြည်ထားတာက ဒီကျနော်တို့နေတဲ့ ကမ္ဘာ့ဂိုလ်မျက်နှာပြင်ပေါ်က အကောင်းဆုံးလူနေမှုပုံစံဟာ အမေရိကန်လူနေမှုပုံစံဖြစ်တယ်လို့ ဆိုပါတယ်။

ဒီလိုနဲ့ ပညာတတ်တွေဟာ အမေရိကန်



# နာလန်ထအောင်ကြိုးပမ်းနေရတဲ့ ... အမေရိက

**သံဒိုင်းဖေ**

စရာမလိုပါဘူး။

**နိုင်ငံအများစုဟာအမေရိကန်တွေရဲ့ ညောင်ညိုပင်လမ်းခွဲဇာတ်လမ်းနောက်က ဒုက္ခတွေကိုတိုက်ရိုက်ဖြစ်စေ ဒါမှမဟုတ် သွယ်ဝိုက်၍ဖြစ်စေ ခံစားကြရတာပါပဲ။ ဒုက္ခတွေထဲက အသိသာဆုံးကတော့ ၉–၁၁ အဖြစ်အပျက်ပါပဲ။ ဒီအဖြစ်အပျက်ရဲ့ မူလဘူတအစဟာ အမေရိကဟာ သူ့ရဲ့ တချိန်က အရင်းနှီးဆုံးဆက်ဆံရေးတွေ တည်ဆောက်နိုင်ခဲ့တဲ့ နိုင်ငံတွေဆီက နောက်ဆုတ်ကျောခိုင်းခဲ့တဲ့ဆုံးဖြတ်ချက်ရဲ့ အကျိုးဆက်လို့ ပြောရမှာဖြစ်ပါတယ်။**

အမေရိကန် ပညာတတ်တွေပြောတာက အမေရိကန်မုန်းတီးရေးတွေ မြင့်တက်လာတဲ့ ဖြစ်စဉ်ဆိုတာ ကွက်ကြားမိုးလိုပါပဲတဲ့။ အခြေမခိုင်လို့ ရေရှည်မခံနိုင်တဲ့သဘောပါပဲ။ အမေရိကအနေနဲ့ ဒီလိုဆိုးဝါးတဲ့အခြေအနေမျိုးကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း ဗီယက်နမ် စစ်ပွဲကာလ အတွေ့အကြုံတွေကိုဆင်ခြေပေးပြီး စောဒကတက်ပြကြပါတယ်။ ဒါကြောင့် ယခုကိစ္စကိုလည်း ကျော်ဖြတ်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

အမေရိကန်မုန်းတီးရေးတွေ မြင့်တက်လာရတာဟာ အထူးသဖြင့် ဘုရှ်အုပ်ချုပ်ရေးရဲ့ ဆတ်ဆတ်ထိမခံတဲ့ နိုင်ငံတကာပေါ်လစီရဲ့ အကျိုးရလဒ်လို့လည်း အများစုက ယုံကြည်ထားပုံလည်း ရနေပါတယ်။ အခုလက် သစ်စီးပွားရေး၊ နိုင်ငံရေးအုပ်ချုပ်မှုကိုဟာ လက်ရှိဖြစ်နေတဲ့ပြဿနာကို ကိုင်တွယ်နေရတဲ့သူတွေမဟုတ်ပဲ ဖြစ်နိုင်ခြေရှိတဲ့ အခြေနေကိုသာ ခန့်မှန်းတွက်ချက်ပြနေရသလို ဖြစ်နေပါတယ်။

အမေရိကန်ရင်ဆိုင်နေရတဲ့ အန္တရာယ်တခုကို အခြားနည်းတနည်းနဲ့ပြောပြရင်တော့ ဒါဟာ အမေရိကန်အာဏာကို ဆိုဗီယက်ပုံစံနဲ့ ထူထောင်နေသလိုပါပဲ။ စစ်အေးကာလနဲ့ စစ်အေးလွန်ကာလနှစ်ခုစလုံးမှာပါ အမေရိကအာဏာနဲ့ ဆိုဗီယက်အာဏာတို့ရဲ့ မတူညီမှုကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အမေရိကအာဏာဆိုတာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အမြင်မှာ ပိုပြီး တရားဝင်မှုရှိခဲ့တယ်လို့ ယုံကြည်လက်ခံခဲ့ကြပါတယ်။ အမေရိကန်ဝါဒက ဆိုဗီယက်မက်စ်ဝါဒအပေါ် အပေါ်စီးရမှုရဲ့ ရလဒ်တခုအဖြစ် အမေရိကန်အများစုဟာ ယုံကြည်ပါတယ်။

လက်တွေ့မှာတော့ ဒါဟာသံသယမရှိလောက်ပါဘူး။ အမေရိကန်မော်ဒယ်လ်ဟာ ဆိုဗီယက်မော်ဒယ်လ်ထက် အလွန်အဆင့်မြင့်ခဲ့ပါတယ်။ ဒါဟာ မြင့်မားတဲ့လူနေမှုအဆင့်အတန်းနဲ့ ကြီးကျယ်တဲ့ချမ်းသာကြွယ်ဝမှုတွေကို မွေးဖွားပေးခဲ့တဲ့တခုတည်းအတွက်ကြောင့်တော့ မဟုတ်ပါဘူး။ ပိုပြီးအရေးကြီးတာက ကမ္ဘာ့အမြင်ပါ။ ဆိုဗီယက်ပြည်သူတွေဟာ အာဏာရှင်ရဲ့လက်အောက်မှာ တင်းကြပ်တဲ့ ချုပ်ချယ်မှုတွေနဲ့ ထိမ်းချုပ်ခံနေရတယ်လို့ ရှုမြင်ခဲ့ကြပါတယ်။ အခြားကမ္ဘာနဲ့ ဆက်ဆံခွင့်သာ ပေးမယ်ဆိုရင်တော့ ဆိုဗီယက်အုပ်စုထဲက အများစုဟာ ထွက်ခွာခဲ့ကြမှာပါပဲ။

**_စစ်အေးခေတ်ပြီးသွားတယ်ဆိုရင်ပဲ အမေရိကဟာ ကမ္ဘာမှာ အခြားနိုင်ငံတွေထက် အလွန်ပဲ အင်အားကြီးမားနေပြီဆိုတာကို အမေရိကန်ပေါ်လစီချမှတ်သူတွေဟာ သတိစပြုမိခဲ့ကြပါတယ်။ အမေရိကန် အမျိုးသားအကျိုးစီးပွားအတွက် အကျိုးပြုစေဖို့ ကမ္ဘာ့ အစီအစဉ်ကို ကိုယ့်ဖက်ပါအောင် ဆွဲဆောင် သိမ်းသွင်းရမယ်ဆိုတာကိုလည်း တနှစ်ပြီး တနှစ် ပိုပြီးလုပ်ဆောင်လာခဲ့ပါတယ်။_**

ဒီလိုနဲ့ တဖက်မှာတော့ အမေရိကရဲ့ မဟာမိတ်အများစုဆိုတာ ကိုယ်ပိုင်ရွေးချယ်မှုကနေ ဖြစ်လာကြတာလို့ဆိုပါတယ်၊ အမေရိကဦးဆောင်တဲ့ နိုင်ငံတကာဖြစ်စဉ်ထဲကို ကျေကျေနပ်နပ်နဲ့ ပါဝင်ခဲ့ကြတာဖြစ်ပါတယ်။ အမေရိကန်ပြည်သူတွေနဲ့ သူတို့နိုင်ငံသားတွေအတွက် ကြွယ်ဝချမ်းသာမှုတွေကို ထောက်ပံ့ပေးနိုင်ခဲ့ကြပါတယ်။ အမေရိကနဲ့ မဟာမိတ်ပြုတဲ့ နိုင်ငံအများစုဟာ အမေရိကနဲ့ မဟာမိတ်ပြုရာမှာ သူနိုင်၊ ကိုယ်နိုင်ဆက်ဆံရေးအပေါ် အခြေခံပြီး၊ ယနေ့ပြောနေတဲ့ ဝင်း–ဝင်းအခြေအနေအပေါ် မဟာမိတ်ပြုခဲ့တာဖြစ်ပါတယ်။

စစ်အေးတိုက်ပွဲ ပြီးဆုံးသွားချိန်မှာတော့ အမေရိကန်အများစုကြီး ခံစားရတာက အခြေခံပြောင်းလဲမှုတွေကတော့ ဘာမှမရှိပါဘူးတဲ့။ ဒါပေမယ့် အမေရိကန်ပေါ်လစီကတော့ အဓိကအပြောင်းအလဲဖြစ်သွားခဲ့ပါတယ်။ မက်လုံးလို့ယူဆရမယ့် အမေရိကရဲ့ ဝင်း–ဝင်းဆက်ဆံရေးဟာ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါကြောင့် စစ်အေးခေတ်ဆက်ဆံရေးပုံစံဟာ ပုံသဏ္ဌာန်အားဖြင့် နဂိုအတိုင်းရှိနေပေမယ့် လက်ရှိဆက်ဆံရေးပုံစံရဲ့ အတွင်းအနှစ်သဏ္ဌာန်ကတော့ ပြောင်းလဲသွားခဲ့ပါပြီ။

တဖြည်းဖြည်းနဲ့ ပါကစ္စတန်နဲ့ ထိုင်းနိုင်ငံတို့လို နိုင်ငံအများစုဟာ သူတို့ရဲ့ စစ်အေးခေတ်က အမေရိကနဲ့ပူးပေါင်းခဲ့ကြတဲ့ ရှည်လျားလှတဲ့သမိုင်းဆိုတာ ဒီနေ့ အမေရိကနဲ့ဆက်ဆံရေးမှာ ထည့်တွက်လို့မရတော့သလို ဖြစ်နေပါတယ်။ အဲဒီဆက်ဆံရေးတွေဆိုတာ အမေရိကက ဆိုဗီယက်ကိုတန်ပြန်ဖို့အတွက် လိုအပ်နေတဲ့အချိန်မှာ အသုံးဝင်ခဲ့တာဖြစ်ပါတယ်။ အခုတော့ ဒါကို တန်ဖိုးထားဖို့ထက် အသုံးဝင်မှုအပေါ်မှာ မူတည်လာပါတယ်။ မတူခြားနားတဲ့ နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်အောက်မှာ လိုက်ပါဆောင်ရွက်လာကြရပါတော့တယ်။

အမေရိကန်အစိုးရက ‘ဂ’ ငယ်ကွေ့ကွေ့လိုက်လို့ ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေအပေါ် ထားရှိတဲ့ သဘောထားရပ်တည်ချက်ကို မရိုးမသား ဒါမှမဟုတ် သစ္စာဖောက်သွားတယ်လို့လက်ခံနိုင်လိမ့်မယ်ထင်ပါတယ်။

ဒီကနေ့ နိုင်ငံတကာဖြစ်ထွန်းတိုးတက်နေတဲ့ နိုင်ငံတကာဖြစ်စဉ်တွေဟာ နိုင်ငံတိုင်းဟာ မိမိနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားအတွက် ဦးစားပေးရေးဆိုတာကို အသိမှတ်ပြုခဲ့တဲ့ ဝက်စ်ဖာလီယာစာချုပ်ဆီကို နောက်ပြန်သွားနေပါတယ်။ အများကောင်းစားရေးဝါဒ၊ အတ္တကင်းစင်ရေးဆိုတဲ့ သဘောထားတွေကတော့ ထည့်သွင်းဆက်စပ်လို့တောင် မရနိုင်တော့သလိုဖြစ်နေပါတယ်။ သူနိုင်၊ ကိုယ်နိုင်ဆက်ဆံရေး၊ ဝင်း–ဝင်းအခြေအနေကတော့ ဆက်လက် တည်ရှိနေခဲ့ပါတယ်။ ဒါပေမယ့် တဖက်သူကိုပွဲသိမ်းနိုင်ဖို့ အင်အားရှိတဲ့အခြေအနေမှာ၊ တနည်းအားဖြင့် လုပ်နိုင်ခြေရှိတဲ့ အာဏာကလည်းရှိခဲ့ရင် ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတကာအစီအစဉ်ကိုပါ ကိုယ့်ဖက်ပါအောင်ဆွဲယူသွားဖို့ ကြိုးစားခဲ့ကြပါတယ်။

စစ်အေးခေတ် ပြီးသွားတယ်ဆိုရင်ပဲ အမေရိကဟာ ကမ္ဘာမှာ အခြားနိုင်ငံတွေထက် အလွန်ပဲ အင်အားကြီးမားနေပြီဆိုတာကို အမေရိကန်ပေါ်လစီချမှတ်သူတွေဟာ သတိစပြုမိခဲ့ကြပါတယ်။ အမေရိကန်အမျိုးသား အကျိုးစီးပွားအတွက် အကျိုးပြုစေဖို့ ကမ္ဘာ့ အစီအစဉ်ကို ကိုယ့်ဖက်ပါအောင် ဆွဲဆောင်သိမ်းသွင်းရမယ်ဆိုတာကိုလည်း တနှစ်ပြီး တနှစ် ပိုပြီးလုပ်ဆောင်လာခဲ့ပါတယ်။ နိုင်ငံတကာစနစ်တခုလုံးမှာက ဒီလို အဆမတန်ကြီးမားတဲ့ အမေရိကန်ရဲ့ပါဝါကို တန်ပြန်နိုင်မယ့် ထိန်းကြောင်းပြုပြင်ဖို့ အခြေအနေဆိုတာကလည်း ပေါ်ပေါက်ခဲ့တာမဟုတ်ပါဘူး။ ဒါကို ဘယ်လိုလုပ်ရမယ်ဆိုတာ သိသူလည်းမရှိ သလိုဖြစ်နေပါတယ်။ နောက်ပြီး လုပ်ပိုင်ခွင့် အာဏာပါဝါကို တခါတလေမှာ ပိုလို့တောင် မောက်မာပြလာသလိုဖြစ်နေပါတယ်။

အဲဒီလို အမေရိကန်တွေရဲ့ အာဏာပါဝါအပေါ် တဖက်သတ်အသုံးပြုချင်သလိုသုံးနေတဲ့အချိန်၊ အပြန်အလှန်ထိန်းကျောင်းမှုတွေ တိတိကျကျမရှိသေးတဲ့ကာလမှာ ဒါကို တုန့်ပြန်ဖို့ အင်အားစုတခု ပေါ်ပေါက်လာခဲ့ပါတယ်။ အံ့ဩစရာကောင်းတာက ဒီအင်အားစုဟာ အမေရိကရဲ့ ကမ္ဘာအနှံ့ဖြန့်ကျက်ထားခဲ့တဲ့ အင်အားစု၊ အမေရိကန် အတွေးတက္ကသိုလ်တွေဆီကို လေ့လာသင်ယူစရာနယ်ပယ်အဖြစ် စုပုံတိုးဝင်လာကြပါတော့တယ်။ တကယ်အမှန်ကလည်း ကမ္ဘာ့ပညာတတ်အသိုင်းအဝိုင်းနဲ့ အထက်တန်းစားလူတန်းစားများအတွက် အမေရိကန်တွေရဲ့ တက္ကသိုလ်တွေက ရက်ရက်ရောရောလမ်းဖွင့်ပေးခဲ့တဲ့ အကျိုးရလဒ်ကြောင့်ဖြစ်သလို အမေရိကဆိုတာ ဒီအထက်တန်းစားကလာတဲ့ လူတွေအားလုံးကို တကယ်ပဲ အောင်အောင်မြင်မြင်နဲ့ အတတ်ပညာတွေရော အတွေးအမြင်တွေကိုပါ ကျယ်ပြန့်သွားအောင် မျက်စိဖွင့်ပေးနိုင်ခဲ့ပါတယ်။ သူတို့အားလုံး အမေရိကန်တွေရဲ့ လူမှုသိပ္ပံဆိုင်ရာ အတွေးအခေါ်အယူအဆနဲ့ ဘာသာဗေဒတွေကို သဘောပေါက် လက်ခံနားလည်ခဲ့ကြပါတယ်။ ဒါဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ တရားဥပဒေဆိုင်ရာ နယ်ပယ်အသီးသီးမှာ တွေ့နိုင်ပါတယ်။ ဒီအထဲမှာ လူမှုသိပ္ပံဆိုင်ရာ အမေရိကန်တွေရဲ့ တကယ့်အရေးကြီးတဲ့ အတွင်းသဏ္ဌာန်ကိုပါ ဖမ်းဆုတ်နိုင်ခဲ့တာကလည်း အကြောင်း တခုလို့ဆိုရပါမယ်။ သူတို့အတွက် အစဉ်အမြဲကြည့်တတ်တဲ့ပုံစံက နိုင်ငံရေး၊ စီးပွားရေးတွေကို တကယ့်ပကတိအခြေအနေကိုသာ တွက်ချက်စဉ်းစားလေ့ရှိပြီး ဒါတွေကို တခြားသူတွေက ဘယ်လိုဖြစ်ချင်ကြသလဲဆိုတဲ့အပေါ်မှာတော့ အလေးထားမှုမရှိသလိုပါပဲ။

ကမ္ဘာတဝှမ်းလုံးက အသိပညာတွေ တနေ့တခြားဖွံ့ဖြိုးလာနေတာကလည်း အမေရိကရဲ့ အခြားနိုင်ငံတွေအပေါ် သူ့ရဲ့အတွေးတွေနဲ့သဘောထားတွေကို တင်ပို့နိုင်ခဲ့တဲ့ ရလဒ်ကြောင့် ဖြစ်ပါတယ်။ ဒီနေရာမှာ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေက အထက်တန်းစားလူတန်းစားတွေကိုတော့ အမေရိကန်လူနေမှုပုံစံထဲ ရောက်အောင်ဆွဲခေါ်သွားဖို့ ဆိုတာကတော့ အင်မတန် စဉ်းစားရခက်တဲ့ကိစ္စတခု ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့်အမေရိကဟာ ကမ္ဘာ့ အထက်တန်းစား လူတန်းစားအားလုံးကိုတော့ အောင်အောင်မြင်မြင်နဲ့ အမေရိကန်ဇာတ်သွင်းထားပြီးသား ဖြစ်နေပါတယ်။

နောက်လ ဆက်လက်ဖော်ပြပါမည်။

# ၁၉၈၈ ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌမင်းကိုနိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ပြန်လည်ဖွဲ့ရေး ဥက္ကဋ္ဌ ကိုမင်းဇေယျ၊ ဒုတိယဥက္ကဋ္ဌ ကိုဌေးကြွယ်တို့၏ မြန်မာ့နိုင်ငံရေးအကြပ်အတည်းအပေါ် သုံးသပ်ချက်များ



ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုမင်းကိုနိုင်

**"ပြည်သူလူထုရဲ့ အခန်းကဏ္ဍက ဘယ်နည်းနဲ့ရရ။ ဆိုလိုတာကတော့ဗျာ။ တိုင်းပြည်မှာ ထိခိုက်နစ်နာမှုလည်း ကင်းစင်ရမယ်။ အသိမ်မွေ့ဆုံး ပြောင်းလဲမှုလည်းဖြစ်ရမယ်ဆိုလို့ရှိရင်တော့ သူတို့ ပြည်သူလူထုက အကြိုက်ဆုံးပေါ့။ ဒါပေမယ့် အင်မတန် မရေမရာမခံစားနိုင်အောင် ရှည်ကြာတဲ့ နည်းလမ်းမျိုးဆိုရင်တော့ ပြည်သူလူထုမလိုချင်ဘူးဗျ။ ဘာကြောင့် လဲဆိုတော့။ပြည်သူလူထုက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အင်မတန်မှကို ရေငတ်သလိုငတ်နေရတာ အဲ့ဒီအချိန်မှာတော့ ကျနော်တို့ပြည်သူလူထုကတော့ အမြန်ဆုံးလိုချင်တယ်။"**

## မင်းကိုနိုင်

ကျနော်တို့တိုင်းပြည်မှာ ဒီကနေ့အထိ အခက်အခဲ အကြပ်အတည်းတွေရှိနေတယ်။ နိုင်ငံတကာက ပိတ်ဆို့အရေးယူခံထားရတဲ့ စီးပွားရေးအရ အရေးယူခံထားရတာတွေရှိတယ်။ ပြီးတော့ ကန့်သက်ခံထားရတာတွေရှိတယ်။ အပယ်ခံထားရတာတွေရှိတယ်။ အဲဒီတော့ ကျနော်တို့တိုင်းပြည်မှာ ဘာပဲလုပ်ချင်လုပ်ချင်ပေါ့ဗျာ အခက်အခဲအတားအဆီးတွေ ဖြစ်နေတယ်။ နိုင်ငံတကာဆက်ဆံရေးမှာရော ပြည်တွင်းစီးပွားရေးတည်ဆောက်မှုမှာရော ဒါတွေအားလုံးအတွက် ဘာကြောင့်ဖြစ်လာရလဲလို့ စဉ်းစားလိုက်တဲ့အခါကျတော့ ကျနော်တို့နိုင်ငံရေးစနစ် အပေါ်ထပ်အဆောက်အုံဖြစ်တဲ့ နိုင်ငံရေးစနစ်မှာ ဒီမိုကရေစီကို မရသေးဘူးမရှိသေးတဲ့အတွက်ကြောင့်မို့လို့ ဒီအတွက် ဖိအားပေးခြင်းခံရတယ် အကျပ်ကိုင်ခြင်းခံရတယ်။ အဲ့လိုဖြစ်လာတဲ့အခါကျတော့ ဒီပြဿနာတွေအားလုံးပြေလည်ဖို့က ကျနော်တို့နိုင်ငံရေးမှာက ပြန်လည်ပြီးတော့ စဉ်းစားကြဖို့ အမှတ်တခုကို ကျနော်တို့ ရောက်လာကြပြီ။ ဆက်လက်ပြီးတော့ နှစ်ဦးနှစ်ဖက် ထိပ်တိုက်တွေ့နေကြဦးမှာလား သို့တည်းမဟုတ်ရင် စားပွဲဝိုင်းကို ထိုင်မှာလား ဒီမေးခွန်းပဲပေါ်လာတယ်။

အဲဒီတော့ စားပွဲဝိုင်းမှာထိုင်ပြီးတော့ မျက်နှာချင်းဆိုင်ဖြေရှင်းမှပဲ ဒီပြဿနာဟာပြေလည်မယ်လို့ ကျနော်တို့ကယုံကြည်သွားပြီ။

ကျနော်တို့ရဲ့ အခန်းကဏ္ဍကတော့ ဒီနေရာမှာ လာမယ့်နိုင်ငံတော်အတွက် တကယ်ကို စားပွဲဝိုင်းပေါ်ကို လာထိုင်ရမယ့် အဖွဲ့အစည်းတွေ ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို စားပွဲဝိုင်းမှာ တကယ်ကိုထိုင်ချင်တဲ့ဆန္ဒ ပေါ်လာအောင်လို့ ကျနော်တို့ကတော့ အထပ်ထပ်အခါခါ တိုက်တွန်းနေရမှာပဲ။

ပြည်သူလူထုရဲ့ အခန်းကဏ္ဍက ဘယ်နည်းနဲ့ရရ။ ဆိုလိုတာကတော့ဗျာ။ တိုင်းပြည်မှာ ထိခိုက်နစ်နာမှုလည်း ကင်းစင်ရမယ်။ အသိမ်မွေ့ဆုံး ပြောင်းလဲမှုလည်းဖြစ်ရမယ်ဆိုလို့ရှိရင်တော့ သူတို့ ပြည်သူလူထုက အကြိုက်ဆုံးပေါ့။ ဒါပေမယ့် အင်မတန် မရေမရာ မခံစားနိုင်အောင် ရှည်ကြာတဲ့နည်းလမ်းမျိုးဆိုရင်တော့ ပြည်သူလူထုမလိုချင်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့။ ပြည်သူလူထုက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အင်မတန်မှကို ရေငတ်သလိုငတ်နေရတာ အဲ့ဒီအချိန်မှာတော့ ကျနော်တို့ပြည်သူလူထုကတော့ အမြန်ဆုံးလိုချင်တယ်။ အဲ့ဒီတော့ ပြည်သူလူထုအနေနဲ့ လိုလားတောင်းတနေတာကို ကျနော်တို့ကနေပြီးတော့ ပြည်သူလူထုရဲ့ သဘောထားအမှန်တွေကို ဖော်ထုတ်ပေးဖို့ ဝိုင်းဝန်းပြီးတော့ အစွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးဖို့ ကျနော်တို့မှာ တာဝန်ရှိပါတယ်။

**"လူငယ်တွေကြားထဲမှာ ဘယ်အနာဂတ်ကိုမှ မျှော်မှန်းလို့မရနိုင်တဲ့အခြေအနေတွေ တကယ့်လူထုဘဝထဲမှာလည်း စီးပွားရေးအကြပ်အတည်းကအစ အရမ်းကိုကြုံနေရတဲ့အချိန်၊ လယ်သမားတွေကအစ ဝမ်းစာစပါးတောင် မကျန်လောက်အောင် တာဝန်ကျေစပါးတွေ ပေးခဲ့ရတာတွေ မြန်မာနိုင်ငံဟာ နယ်စပ်တွေကနေပြီးတော့ မှောင်ခိုလမ်းကြောင်းတွေနဲ့ ကုန်ပစ္စည်းတွေအပေါ် မှီတင်နေရတာတွေ၊ အလုပ်လက်မဲ့တွေ၊ အဲဒီအခြေအနေကနေပြီးတော့ ....."**

ကျနော်တို့ ပြည်တွင်းမှာကတော့ အစိတ်စိတ်အမွှာမွှာကွဲနေတယ်ဆိုတဲ့ ပြဿနာကတော့ ကျနော်တို့ အနည်းနိုင်ဆုံး အနည်းဆုံးဖြစ်အောင်တော့ ကျနော်တို့က ကြိုးစားမှာပါ။ အခုဆိုရင်ပဲ အဲ့ဒီပြဿနာဟာ ကျနော်တို့အတွက် ထည့်ပြောရမယ့် ကိစ္စရယ်လို့ ကျနော်တို့ အချင်ချင်းကြားထဲမှာ မရှိကြတော့ပါဘူး။ အပြင်မှာ ရောက်လာကြတဲ့ ကျနော်တို့ရဲ့ ဂဂ ခုနှစ်က လုပ်ဖော်ကိုင်ဖက် ကျောင်းသားရဲဘော်တွေအားလုံးဟာ တညီတညာတည်း ရင်ဘောင်တန်းပြီးတော့ ကျနော်တို့ လျှောက်နေပါတယ်။

## ကိုဌေးကြွယ်

ဂဂ ကာလက တပါတီအာဏာရှင်စနစ်၊ မဆလခေတ်ပေါ့။ လူငယ်တွေကြားထဲမှာ ဘယ်အနာဂတ်ကိုမှ မျှော်မှန်းလို့မရနိုင်တဲ့ အခြေအနေတွေ တကယ့်လူထုဘဝထဲမှာလည်း စီးပွားရေးအကြပ်အတည်းကအစ အရမ်းကိုကြုံနေရတဲ့အချိန်၊ လယ်သမားတွေကအစ ဝမ်းစာစပါးတောင် မကျန်လောက်အောင် တာဝန်ကျေစပါးတွေ ပေးခဲ့ရတာတွေ မြန်မာနိုင်ငံဟာ နယ်စပ်တွေကနေပြီးတော့ မှောင်ခိုလမ်းကြောင်းတွေနဲ့ ကုန်ပစ္စည်းတွေပေါ် မှီနေရတာတွေ၊ အလုပ်လက်မဲ့တွေ၊ အဲဒီအခြေအနေကနေပြီးတော့ ဂဂမှာ ဒီ မတ်လ ၁၃ ရက်နေ့၊ ကိုဖုန်းမော် အရေးအခင်းကနေစပြီးတော့ ကျနော်တို့ ကျောင်းသားလူငယ်တွေဟာ ကိုယ့်ရဲ့အနာဂတ်ကိုရရမယ်ဆိုတဲ့ သတ္တိမျိုးတွေနဲ့ ကျနော်တို့ လှုပ်ရှားခဲ့တယ်။ အဲ့ဒီရဲ့ အကျိုးဆက်အဖြစ် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးဆိုပြီးတော့ မြန်မာနိုင်ငံမှာ ပေါ်ခဲ့တယ်ဗျ။ ဒါပေမယ့်လို့ အခုချိန်ထိပီပီပြင်ပြင် ပါတီစုံစနစ်လည်း မဖြစ်သေးတဲ့အခါ ဈေးကွက်စီးပွားရေးပီပီပြင်ပြင်မဖြစ်သေးတဲ့ အခါမျိုးဆိုတော့ တပိုင်းပေါ့။

အမျိုးသားအင်အားစုတွေအားလုံးကြားထဲမှာ၊ တပ်မတော်အပါအဝင် နိုင်ငံရေးအင်အားစုတွေအပါအဝင်၊ တိုင်းရင်းသားတွေအပါအဝင်အားလုံးသော ကျနော်တို့လူထုမှာ အားလုံးသော အမျိုးသားအင်အားစုတွေကြားထဲမှာ မြန်မာနိုင်ငံနဲ့ထိုက်တန်တဲ့ အပြောင်းအလဲတခုဟာ လိုအပ်နေပြီဆိုတဲ့ဟာကို ပထမဦးဆုံးအနေနဲ့ နံပါတ် (၁) အဆင့်ပဲ။ နံပတ် (၂)အဆင့်က တကယ်ယုံကြည်တယ်လက်ခံတယ်ဆိုလို့ရှိရင် ဒီအရာကို ဘယ်လိုရအောင်လုပ်မလဲ အမျိုးသားအင်အားစုတွေအားလုံးအတွက် အထိခိုက်အကျအဆုံးအနည်းနိုင်ဆုံးနဲ့ အနာဂတ်အတွက် ကျနော်တို့ စုပေါင်းပြီးတော့သွားနိုင်ဖို့ အရေးကြီးပါတယ်။ အဲလိုမျိုးသွားနိုင်ဖို့အတွက် ကျနော်တို့တမျိုးသားလုံးမှာ တာဝန်ရှိတယ်လို့ပဲ ဆိုရမယ်။

အဓိကတောင်းဆိုချင်တဲ့ အချက်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ပီပီပြင်ပြင်လုပ်ကြဖို့ပဲ အမြန်ဆုံးနဲ့အကောင်းဆုံးဖြစ်အောင် လုပ်ကြဖို့ပဲ။ အဲ နိုင်ငံရေးအကျဉ်းသမားတွေ လွတ်သင့်နေပြီ၊ ပြောဆိုမှုတွေ လွတ်လပ်ခွင့်ပေးသင့်နေပြီ။ အိုင်ဒီယာတွေ လွတ်လပ်ခွင့်ပေးသင့်နေပြီ။ ဒီဟာတွေကနေစပြီးတော့ တကယ်တမ်း ကျနော်တို့ စားပွဲဝိုင်းပေါ်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးဆန်ဆန် တကယ်ဖြေရှင်းကြဖို့ တောင်းဆိုချင်ပါတယ်။

အဲ့ဒီတော့ကျနော်တို့ မြန်မာနိုင်ငံဟာ ဒီနေ့ ဒီအချိန်ဆိုလို့ရှိရင် တကယ်တမ်း မြန်မာနိုင်ငံရဲ့ပကတိအခြေအနေနဲ့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်း ပြောင်းလဲမှုနဲ့ဆိုရင် ခေတ်သစ်တခုကိုရောက်သင့်နေပြီး နိုင်ငံရေးအင်အားစုဆိုတာထက် အမျိုးသားအင်အားစုအားလုံးပေါ့ဗျာ။ တပ်မတော်အပါအဝင်၊ တိုင်းရင်းသားများအပါအဝင် ဒီကျနော်တို့ ကျောင်းသားတွေ၊ လူငယ်တွေ နောက်မျိုးဆက်သစ်တွေ နိုင်ငံရေးအင်အားစုတွေ အားလုံးဟာ အဆင်သင့်ရှိဖို့ လိုအပ်နေတယ်လို့ ထင်ပါတယ်။



မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ ပြန်လည်ဖွဲ့စည်းရေး ဒုဥက္ကဋ္ဌ ကိုဌေးကြွယ်

ဒီမြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲဖို့ ကျနော်တို့က သွေးစွန်းသွားတဲ့ ပြုပြင်ပြောင်းလဲရေးမျိုးလည်း မဖြစ်ချင်ဘူးခင်ဗျာ။ အရှေ့ဥရောပပြောင်းလဲမှုပုံစံမျိုး ကတ္တီပါ တော်လှန်ရေးလို့တောင်ပြောရတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးကို ကျနော်တို့ဖြစ်စေချင်တယ်။ ဒါ စေတနာပါ။ တိုင်းပြည်အတွက် စေတနာပါ။

Road Map ဆိုပြီးတော့ နိုင်ငံတော် ရှေ့ဆက်သွားမယ့် လမ်းစဉ် (၇)ရပ်ကို ချမှတ်ထားတယ်ဆိုတာလည်း ကျနော်တို့ တွေ့ရတယ်။ ဒါပေမယ့်လို့ ဒါဟာတကယ် ပြည့်စုံလုံလောက်တဲ့ ဖြေရှင်းမှုဖြစ်ပါ့မလား။ ဒီထက်ပိုပြီးတော့ပြည့်စုံလုံလောက်တဲ့ ဖြေရှင်းမှုမျိုး

စာမျက်နှာ (၁၅) ကော်လံ (၅)သို့....



မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ ဥက္ကဋ္ဌ ကိုမင်းဇေယျ

**"နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် တကယ်တမ်းလိုအပ်တာက အမျိုးသားညီလာခံမဟုတ်ဘူးနော်။ စစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြစ်တယ်။ ဒီစစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကနေပြီးတော့အမျိုးသားညီလာခံကို တက်လှမ်းရမယ်။ အဲဒီ အမျိုးသားညီလာခံကနေပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲနိုင်တယ်။ အဲ့လိုကျနော်တို့က ဒီလမ်းကြောင်းကို ကျနော်တို့ မြင်ထားတယ်။ ဒီစစ်မှန်သော နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲဆိုတာကလည်း အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်စေမယ့် အစပျိုးကောင်းမယ့် တခုတည်းသောနည်းလမ်းလို့ ကျနော်တို့ အဲသလိုမျိုးမြင်တယ်။"**

အခု အလွမ်းပန်းဝေရမယ့်သူက ကိုအောင်ကျော်မိုး ဖြစ်ပါတယ်။ သူ့အကြောင်း အလွမ်းစာဖွဲ့မယ်ဆိုရင် ပြည့်စုံမှာမဟုတ်ဘူး ဆိုတာကိုတော့ ဦးဆုံးဝန်ခံရပါမယ်။ သူ့အဖြစ်က တခြားကွယ်လွန်သွားခဲ့ကြတဲ့ ဒီမိုကရေစီသူရဲကောင်းများရဲ့ အကြောင်းရပ်နဲ့ မတူလို့ဖြစ်ပါတယ်။ သူ့အဖြစ်က အများနဲ့ မတူ တမူထူးခြားပါတယ်။ ဒီမိုကရေစီသူရဲကောင်းအားလုံးတို့ဟာ စစ်အာဏာရှင်အစိုးရရဲ့ မတရားဖမ်းဆီးခံခဲ့ရတာချင်းတူညီတယ်။ စစ်အစိုးရရဲ့ ပြစ်ဒဏ်ပေးတာကို ခံယူရတာချင်းလည်း တူညီတယ်။ စစ်အကျဉ်းထောင်တွေထဲမှာ ကျန်းမာရေးဆိုးဝါးထိ ခိုက်လာလို့ ရောဂါဆိုးတွေကပ်ရောက်ပြီး ဆေးဝါးကုသမှု ညံ့ဖျင်းတာကြောင့် ကွယ်လွန်သွားကြရတာချင်းလည်း တူညီပါတယ်။ အခု ကိုအောင်ကျော်မိုးအဖြစ်က နအဖအကျဉ်းထောင်ထဲမှာ စစ်အာဏာရှင်တို့ရဲ့ မတရားတဲ့၊ လူမဆန်တဲ့ ထောင်စည်းကမ်းဥပဒေကို အစာငတ်ခံဆန္ဒပြ ဆန့်ကျင်တိုက်ပွဲဝင်ရင်း ကွယ်လွန်သွားတာဖြစ်တယ်။ ဒီအချက်ကပဲ ထူးခြားမှုဖြစ်ပါတယ်။

ကိုအောင်ကျော်မိုးဟာ ခေတ်ပညာတတ် လူရွယ်တဦးဖြစ်တယ်။ စက်မှုလက်မှုသိပ္ပံ၊ အင်းစိန်ကျောင်းဆင်း အင်ဂျင်နီယာတဦး။ ၁၉၈၂ ခုနှစ်ကစပြီး အမှတ် ၁၀၅၊ ကျုံးကြီးလမ်း၊ ဆောက်လုပ်ရေးစီမံကိန်းမှာ စတုတ္ထ တန်းအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ ခေတ်ပညာတတ်လူငယ်တဦးပီပီ စာဖတ်အား၊ စာပေလေ့လာအားကောင်းသူတယောက်ဖြစ်တယ်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာရပ်နဲ့ လက်ဝဲစာပေတို့ကို လေ့လာလိုက်စားခဲ့တယ်။ စာအရေးအသားမှာ ဘယ်လက်နဲ့ရော၊ ညာလက်နဲ့ပါ နှစ်ဖက်စလုံးသုံးပြီး ရေးနိုင်တယ်။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နေတတ်တယ်။ အပြောနည်းပြီး အလုပ်များများလုပ်သူ၊ အလုပ်ကို တိတိကျကျ များများလုပ်ပြီး 'လူသန်မပြော' ဆိုတဲ့ အမျိုးအစားထဲက ဖြစ်တယ်။ သာယာဝတီထောင်မှာ ၅ (ည) ပုဒ်မ အကျဉ်းသားတွေ တောင်ယာလုပ်ကြရာမှာ ကိုအောင်ကျော်မိုးဟာ အထူးအပင်ပန်းခံပြီးလုပ်ခဲ့တယ်။ တောင်ယာအလုပ်ဟာ အလုပ်ကြမ်းဖြစ်လို့ အတော်ပင်ပန်းတဲ့ အလုပ်မျိုးဖြစ်ပါတယ်။ သူက အားလုံးအတွက် အပင်ပန်းခံပြီး ဝင်လုပ်တာဖြစ်တယ်။ ကိုအောင်ကျော်မိုးဟာ မတရားမှုကိုမကြိုက်၊ အမှန်တရားကို လက်ခံယုံကြည်တယ်။

"လူမှာ အရေးကြီးဆုံးက ကိုယ်ကျင့်တရားနဲ့ အမှန်တရားကို မြတ်နိုးမှုပဲဖြစ်တယ်"

"Charater and Love of Truth" ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကားကို အလေးအနက်ထားသူဖြစ်တယ်။ ပုဂံကိုသန်းနိုင်နဲ့ သိက္ခမ်းခင်မင်ရင်းနှီးသူဖြစ်လို့ ကိုသန်းနိုင်ရဲ့လေ့လာရေးအစုမှာ ပါဝင်တယ်။ လူငယ်တို့ရဲ့ ပျိုမျစ်တဲ့အားမာန်နဲ့ မြန်မာပြည်ကြီးကို ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ဖို့ ရည်မှန်းမျှော်လင့်ချက် ထားရှိခဲ့သူဖြစ်တယ်။ မြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီနိုင်ငံ၊ ငြိမ်းချမ်းတဲ့နိုင်ငံ၊ စည်ပင်ဝပြောတဲ့နိုင်ငံ၊ တမျိုးသားလုံးသွေးစည်းညီညွတ်တဲ့နိုင်ငံအဖြစ် ကိုအောင်ကျော်မိုးက မြင်ချင်၊ တွေ့ချင်တယ်။ ဒီ မျှော်မှန်းချက်၊ ရည်ရွယ်ချက်အောင်မြင်ရေးအတွက် သူ့သွေး၊ သူ့ချွေး၊ သူ့မျက်ရည်နဲ့ သူ့လုပ်အားကိုပေးဖို့ ခိုင်မာတဲ့ဆုံးဖြတ်ချက် ထားရှိခဲ့သူဖြစ်တယ်။

ကိုအောင်ကျော်မိုးရဲ့ဖခင်က အငြိမ်းစားဗိုလ်ကြီးတဦးဖြစ်ပြီး ဗိုလ်ချုပ်အောင်ကြီးနဲ့ ရင်းနှီးပါတယ်။ ဦးအောင်ကြီးရဲ့ ပြည်ထောင်စုအမျိုးသားဒီမိုကရေစီပါတီဝင်လည်းဖြစ်တယ်။ ကိုအောင်ကျော်မိုးကတော့ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တယ်။ သူ့ရဲ့အကိုတယောက်ဖြစ်တဲ့ ကိုအေးအောင်ဟာ ရန်ကုန်ဆေးတက္ကသိုလ်(၁) ဆေးကျောင်းသားတဦးဖြစ်ပြီး တတိယနှစ် ဆေးနေထိုင်ခဲ့တယ်။ နိုင်ငံရေးအကျင့်သီလနဲ့ နိုင်ငံရေးယဉ်ကျေးမှုကြီးသူ ဖြစ်တယ်ဆိုတာကို သူ့ရဲ့ အနေအထိုင်အပြုအမူတွေက ဖော်ပြနေပါတယ်။ ဘဝတူ နိုင်ငံရေးအကျဉ်းသားတွေက သူ့ကိုလေးစားချစ်ခင် အသိအမှတ်ပြုကြတယ်။ သူနဲ့အတူနေခဲ့ဖူးသူ နိုင်ငံရေးအကျဉ်းသားတွေက သူဟာ နေ့စဉ်ဖြတ်သန်းရတဲ့ အကျဉ်းထောင်ဘဝကို တချို့သောသူတွေလို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစားဖြတ်သန်းနေရတယ်မရှိပဲ ပုံမှန်အေးဆေး တည်ငြိမ်စွာနဲ့ ဖြတ်သန်းနေတာတွေ့ရလို့ အံ့သြမိကြောင်း ပြောဆိုကြတယ်။ သူတပါးကို ကူညီရာမှာ အမြဲဝန်မလေးတတ်ကြောင်း၊ ဆုံးရှုံးခံနေကြရပါတယ်။ စစ်အာဏာရှင်တွေရဲ့ ဒီလို မတရားလုပ်ရပ်တွေကို နိုင်ငံရေးအကျဉ်းသားများက မကျေနပ်ကြပါဘူး။ သက်ဆိုင်ရာတို့ကို တောင်းဆိုပေမယ့် ထူးခြားမှု မရှိပါဘူး။ ဒီမတရားတဲ့လုပ်ရပ်ကို ဆန့်ကျင်ဖို့ ကိုအောင်ကျော်မိုးနဲ့ ဘဝတူ ခံစားချက်တူ အကျဉ်းသားတွေ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြပါတယ်။ နောက်ဆုံး အစာငတ်ခံ ဆန့်ကျင်ဆန္ဒပြတိုက်ပွဲဝင်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အားလုံးဟာ '၄၈၂၈' အဖွဲ့ဝင်တွေ ဖြစ်ကြပါတယ်။

တိုက်ပွဲဝင်ဖို့ ဆုံးဖြတ်ချက်ကို ညှိနှိုင်းတိုင်ပင်သူ (၁၃)ဦးထဲကနေ တဝက်ကျော်က

# မိုးကြိုး

**"ဒီတိုက်ပွဲဟာ အကျဉ်းသားအားလုံးအတွက် တိုက်ပွဲဝင်တာဖြစ်တယ်။ ဒီခရီးမှာ သေမင်းကိုလှမ်းမြင်ခဲ့ရင်လည်း နောက်မဆုတ်ဘဲ သေမင်းရှိရာကိုသာ တိုးဝင်သွားမှာဖြစ်တယ်။ ကျနော့်တစ်ဦးတည်းအနေနဲ့ပြောရရင် ...."**

**ညိုဇိ**

သိပ္ပံတက်နေတုန်း ၁၉၇၅ ခုနှစ် ဦးသန့်အရေးအခင်းမှာပါဝင်ခဲ့လို့ ဗိုလ်နေဝင်း စစ်အစိုးရက ဖမ်းဆီးထောင်ချတာကို ခံခဲ့ရသူဖြစ်တယ်။ ၁၉၈၃ ခုနှစ် ထောင်ကလွတ်တော့ ဗမာပြည်ကွန်မြူနစ်ပါတီကို တောခိုသွားပြီး လက်နက်ကိုင်တော်လှန်ရေးသမားဘဝကို ခံယူခဲ့ပါတယ်။ ဒါကြောင့်မို့ ကိုအောင်ကျော်မိုးဟာ မြန်မာ့နိုင်ငံရေးအဝန်းအဝိုင်းနဲ့ ဆက်နွှယ်မှုရှိသူဖြစ်ပြီး နိုင်ငံရေးနဲ့စိမ်းသူမဟုတ်ပါဘူး။

၁၉၈၈ အရေးတော်ပုံကာလမှာ ကိုအောင်ကျော်မိုးဟာ ဒီမိုကရေစီဘက်တော်သားတဦးအဖြစ် လူထုလှုပ်ရှားမှုမှာ ပါဝင်ဆောင်ရွက်ခဲ့တယ်။ ကိုအောင်ကျော်မိုးဟာ သမဂ္ဂအသီးသီးက ဖြန့်ဝေတဲ့စာစောင်၊ ကြော်ငြာတွေကို ဖြန့်ဝေခဲ့တယ်။ ကိုသက်ခိုင်ရဲ့ '၄၈၂၈' အဖွဲ့မှာ ပါဝင်ခဲ့တယ်။ စာစောင်များဖြန့်ဝေခြင်းဟာ ပြည်သူလူထုကို နိုင်ငံရေးအသိပညာပေးတာ၊ စည်ရုံးလှုံ့ဆော်တာလို့ သူက ခံယူပါတယ်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ရက်နေ့မှာ သူ့ဖခင်၊ သူ့အကိုများနဲ့ အတူနေထိုင်ရာ အမှတ် ၁၅၊ မြနန္ဒာလမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်နေအိမ်ကနေ အဖမ်းခံခဲ့ရတယ်။ ကိုသက်ခိုင်နဲ့အမှုတွဲ ဖြစ်တယ်။ ပုဒ်မ ၅ (ည)၊ ပုဒ်မ ၁၇ (၁)တို့နဲ့ စွဲချက်တင်ခံရပြီး ပြစ်ဒဏ် အနှစ် ၂၀ ချမှတ်ခံရတယ်။ နောက်တော့ အင်းစိန်အကျဉ်းထောင်ကနေ သာယာဝတီအကျဉ်းထောင်ကို ပို့ခံရတယ်။ နဝတ ထုတ်ပြန်ကြေညာတဲ့ ၁/၉၀ အမိန့်အရ ပြစ်ဒဏ် ၁၀နှစ် အတည်ဖြစ်ခဲ့တယ်။

ကိုအောင်ကျော်မိုးဟာ စစ်အကျဉ်းထောင်အတွင်းမှာ နိုင်ငံရေးသမားပီသစွာ စိတ်သဘောထားကောင်းမွန်ကြောင်း **'ဆိုခဲစေ မြဲစေလူမျိုး'** ဖြစ်ကြောင်းလည်း ထပ်ဆင့်ပြောပြကြတယ်။ ကိုအောင်ကျော်မိုးဟာ အကျဉ်းထောင်အတွင်းမှာ အဲဒီလို ဂုဏ်သိက္ခာရှိရှိ နေထိုင်ခဲ့တဲ့နည်းတူ၊ နောင်တော် ရဲဘော် နိုင်ငံရေးသမားများ ချမှတ်ခဲ့တဲ့ '*ရန်သူ့အကျဉ်းထောင်အတွင်းနေ ထိုင်နည်းမူ (၅)ချက်*'ကိုလည်း လိုက်နာခဲ့တယ်။ အဲဒီမူ ငါးချက်ကတော့ ....

၁။ ရန်သူကို အလုပ်အကျွေး မပြုရေး

၂။ တပ်ပေါင်းစုမှုနှင့် နေထိုင်ကြရန်

၃။ မိမိအဖွဲ့အစည်း၏ နိုင်ငံရေးမူကို ဆက်လက်ကိုင်စွဲရန်

၄။ အထိမ်းအမှတ်နေ့များ အမြဲကျင်းပရန်နှင့်

၅။ ရရှိသော သတင်းအချက်အလက်များကို စုပေါင်းဆွေးနွေးရန် ....ဆိုတာတွေပဲဖြစ်ပါတယ်။

ဒီမူငါးချက်ကို အကျဉ်းကျနေတဲ့ ကျောင်းသားခေါင်းဆောင်ဟောင်း ကိုစိန်ဝင်း (သုံးခွ)နဲ့ ဦးလှရွှေ (ဘိုကလေး)တို့က လူငယ်ကျောင်းသားများကို ညွှန်ပြခဲ့တာဖြစ်ပါတယ်။

ကိုအောင်ကျော်မိုးဟာ စစ်အကျဉ်းထောင်အတွင်းမှာ နှစ်ပေါင်း ၉ နှစ် နေပြီးခဲ့ပေမယ့် စစ်အစိုးရက ပြန်မလွှတ်သေးပါဘူး။ ထောင်စည်းမျဉ်းစည်းကမ်းဥပဒေအရ အကျဉ်းသားတဦးကိုပေးတဲ့ ပုံမှန်လျှော့ရက်များနဲ့ဆိုရင် ပြစ်ဒဏ် ၁၀ နှစ်ကျသူဟာ အကျဉ်းထောင်ကနေ လွတ်မြောက်ပြီး ဖြစ်ပါလိမ့်မယ်။ အခုတော့ အကျဉ်းသားတိုင်းရရှိရမယ့် လျှော့ရက်တွေနဲ့ တခြားခံစားခွင့်တွေကိုမပေးပဲ ရသင့်ရထိုက်တဲ့ ခံစားခွင့်တွေ မဲပေးဆန္ဒပြုသဘောတူမှ ဝင်ကြဖို့ဖြစ်ပါတယ်။ အများစုရဲ့ သဘောကိုလက်ခံတဲ့ ဒီမိုကရေစီနည်းလမ်းကို ကျင့်သုံးတာဖြစ်ပါတယ်။ ဒီလို တိုက်ပွဲဝင်မယ့်ကိစ္စကို ဘဝတူနိုင်ငံရေးအကျဉ်းသား (၁၃)ယောက်ဟာ အချိန်တနှစ်လောက်ယူပြီး ကြိုတင်စီစဉ်ညှိနှိုင်းခဲ့ကြပါတယ်။ (၁၃)ယောက်ရှိတဲ့အနက် တိုက်ပွဲဝင်ရေးကို (၈) ယောက်က သဘောတူခဲ့တဲ့အတွက် ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ဖို့ အတည်ပြုကြပါတယ်။ အစာငတ်ခံတိုက်ပွဲကို ၁၉၉၈ ခုနှစ် မေလ ၅ ရက်နေ့မှာ စတင်ဖို့ သတ်မှတ်ဆုံးဖြတ်ကြတယ်။ တိုက်ပွဲဝင်ဖို့ ဆန္ဒပေးသူ (၈)ဦးကတော့ ....

၁။ ကိုအောင်ကျော်မိုး

၂။ ကိုသိန်းဇော်

၃။ ကိုခင်မောင်ကြည်

၄။ ကိုမြင့်ရီ

၅။ ကိုသိန်းထူး

၆။ ကိုကျော်ဦးညို

၇။ ဦးအောင်သန်း

၈။ ကိုဇော်ဇော်အောင်တို့ ဖြစ်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် တိုက်ပွဲမပြုလုပ်သင့်ကြောင်း သဘောထားတင်ပြသူ (၅)ဦးကတော့ ....

၁။ ကိုရဲဝင်း (ရန်ကုန်)

၂။ ကိုအောင်မေသု (အုတ်ဖို)

၃။ ကိုမျိုးကြည် (ပြည်)

၄။ ကိုဝင်းကို (မှော်ဘီ)နှင့်

၅။ ကိုမြင့်ဆွေ (မှော်ဘီ)တို့ ဖြစ်ပါတယ်။

အခုပြုလုပ်မယ့် အစာငတ်ခံဆန္ဒပြတိုက်ပွဲဟာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အသင်းအဖွဲ့ကိုမှ ကိုယ်စားပြုတဲ့တိုက်ပွဲမဟုတ်ကြောင်းလည်း သဘောတူကြတယ်။ အားလုံးကိုလည်း အသိပေးခဲ့တယ်။

တိုက်ပွဲတောင်းဆိုချက်အဖြစ် အကျဉ်းသားတိုင်းရသင့်တဲ့ လျှော့ရက်များ၊ အကျဉ်းသားတိုင်းခံစားခွင့်ရှိတဲ့ တန်းတူညီခံစားခွင့်များ ရရှိရေးဖြစ်ပါတယ်။

ဒီတောင်းဆိုချက်တွေဟာ အခွင့်ထူးတောင်းဆိုချက် မဟုတ်ပါ။ မူလအကျဉ်းထောင်ဥပဒေစည်းမျဉ်းအတိုင်း ရှိခဲ့တဲ့အကြောင်းအရာအဟောင်းသာ ဖြစ်ပါတယ်။ ဒီလို တရားမျှတမှန်ကန်တဲ့ တောင်းဆိုချက်အတွက် ကိုအောင်ကျော်မိုးအပါအဝင် (၈)ဦးသော နိုင်ငံရေးအကျဉ်းသားတို့ဟာ ၁၉၉၈ ခုနှစ်၊ မေလ ၅ ရက်နေ့ကစပြီး အစာငတ်ခံဆန္ဒပြ တိုက်ပွဲဝင်ကြပါတော့တယ်။ တိုက်ပွဲစကြောင်း သက်ဆိုင်ရာအာဏာပိုင်များထံ အကြောင်းမကြားခင်မှာ ကိုအောင်ကျော်မိုးဟာ မနက်စောစောထ၊ သူ့ရဲ့ အကျဉ်းခန်းသံတိုင်ကိုကိုင်ပြီး 'အင်တာနေရှင်နယ်' သီချင်းတပုဒ်လုံးကို စိတ်ပါလက်ပါသီဆိုခဲ့တယ်။ ကမ္ဘာ့ပစ္စည်းမဲ့တို့ရဲ့သီချင်းနဲ့ ဘဝတူအကျဉ်းသားများကို နှုတ်ဆက်ခြင်းဖြစ်ပါတယ်။ သူ့ရဲ့ နောက်ဆုံးနှုတ်ဆက်ခြင်းလည်းဖြစ်တယ်။ ဒီသီချင်းနဲ့ သာယာဝတီအကျဉ်းထောင်မှာ နယ်ချဲ့အင်္ဂလိပ်အာဏာပိုင်ရဲ့ ကြိုးပေးသတ်ဖြတ်ခံခဲ့ရသူ တောင်သူလယ်သမားသူပုန်ခေါင်းဆောင်ကြီး ဂဠုန်ဆရာစံကို တိုင်တည်တာပဲလား ....။

တိုက်ပွဲစမယ့် မနက်မှာပဲ အမည်မဖော်လိုသူတဦးက 'ပြောမဖြစ်တဲ့ အကြောင်းရှိလို့ပါ' လို့ပြောပြီး တိုက်ပွဲမှာ မပါတော့ပါဘူး။ အဲဒီနေ့ညနေမှာပဲ အမည်မဖော်လိုသူ နောက်တဦးကလည်း တိုက်ပွဲကို စွန့်ခွာပြန်တယ်။ ဒီတိုက်ပွဲကြောင့် အာဏာပိုင်တွေ ထိတ်ထိတ်ပြာပြာ ဖြစ်ကုန်ကြတယ်။ တိုက်ပွဲကို နည်းမျိုးစုံသုံးပြီး ချေမှုန်းဖို့ ဆုံးဖြတ်ကြတယ်။ တိုက်ပွဲဝင်သူတွေကို ရေလုံးဝမပေးပဲ ဖြတ်တောက်ခဲ့တယ်။ ဆန္ဒပြတိုက်ပွဲဝင်သူတွေဟာ အာဟာရအဖြစ် ရေကိုသာအားထားနေရတာ ဖြစ်ပါတယ်။ ရေကိုဖြတ်လိုက်တဲ့အတွက် ဆန္ဒပြတိုက်ပွဲဝင်သူတွေ အထိနာပါတော့တယ်။ ရေအသက် တမနက်လို့ဆိုတယ် မဟုတ်ပါလား။ ရေဖြတ်လိုက်တဲ့အတွက် အကျဉ်းသားအားလုံးက တိုက်ပွဲဝင်သူတွေအတွက် စိုးရိမ်ပူပန်ခဲ့ကြတယ်။ ထင်တဲ့အတိုင်းပဲ ဖြစ်လာပါတော့တယ်။ ရေလုံးဝမရတဲ့အတွက် တိုက်ပွဲဝင်သူ (၃)ဦးဟာ ၂ ရက်၊ တခြားတဦးက ၃ရက်သာခံပြီး တိုက်ပွဲကနေ ထွက်ကြတယ်။ တိုက်ပွဲဆက်ဝင်သူ ၂ ဦးသာ ကျန်တော့တယ်။ ကိုအောင်ကျော်မိုးနဲ့ ကိုသိန်းဇော်တို့ဖြစ်တယ်။ သူတို့နှစ်ဦးရဲ့ အခြေအနေမှန်ကိုလည်း အသေအချာမသိကြရပါဘူး။

ကိုအောင်ကျော်မိုး အဖျားဝင်နေပြီဆိုတဲ့သတင်းသာ သဲ့သဲ့ကြားရတယ်။ ပက်လက်အနေအထားနဲ့ မလှုပ်နိုင်ဖြစ်နေတဲ့ ကိုအောင်ကျော်မိုးကို အာဏာပိုင်တွေက ဆေးကုသဖို့ ကြိုးစားကြတယ်။ အတင်းအကြပ်ပြုကြတယ်။ ပိုင်းဖြတ်မှုရှိတဲ့ ကိုအောင်ကျော်မိုးက လုံးဝဆေးကုသမခံခဲ့ပါဘူး။ ရဲရင့်ပြတ်သားသူပီပီ ဆေးသွင်းပိုက်တွေကို လက်မခံဘဲ အားလုံးကို ဆွဲဖြုတ်ခဲ့တယ်။ အားနည်းနေတဲ့၊ အာဟာ

စာမျက်နှာ (၁၁) ကော်လံ (၄)သို့ ...

# နအဖ စစ်တပ်နှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့တို့ ပူးပေါင်း၍ ကရင်နီတပ်မတော် (ကေအဲန်ပီပီ) အပေါ် ထိုးစစ်ဆင်မှု ပိုမိုပြင်းထန်လာ

မြန်မာစစ်အစိုးရ၏ နယ်လှည့်တပ်ဖြစ်သည့် တပ်မ ၅၅ သည် ဒေသခံတပ်များနှင့်ပူးပေါင်းပြီး ကရင်နီတပ်မတော်၏ ဗျူဟာမြောက်စခန်း ညာမူကုန်းအား ထိုးစစ်ဆင်နေမှု အရှိန် ပိုမြင့်လာသည်ဟုသိရသည်။ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) အတွင်းရေးမှူး ခူးရီမင်ထူးက မတ်လအတွင်း ဒေသခံတပ်ဖွဲ့အား တပ်မ ၅၅ က လာရောက်ပူးပေါင်းပြီး နောက်ပိုင်း တနေ့လျှင် နှစ်ကြိမ်ပုံမှန် လက်နက်ကြီးဖြင့်ပစ်ခတ်နေကြောင်း၊ ထိုးစစ်ဆင်မှု တလကျော်ပြီးသည့်နောက်တွင် ညာမူစခန်းအား တနေ့လျှင် လက်နက်ကြီး ကျည် ၂၀ အထိသာ ပစ်ခတ်မှုရှိပြီး ယခုလဆန်းပိုင်း တပ်မ ၅၅ က ဒေသခံတပ်ဖွဲ့များနှင့် လာရောက်ပူးပေါင်းပြီးနောက်ပိုင်းတွင် ထိုးစစ်ဆင်မှုအရှိန် မြင့်လာကြောင်း၊ နှစ်ဘက်ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူဦးရေ ပိုတိုးလာခဲ့ကြောင်း ပြောဆိုသည်။

တိုက်ပွဲအခြေအနေနှင့် ပတ်သက်၍ ခူးရီမင်ထူးက .... 'တိုက်ပွဲအခြေအနေတော့ ဒီလိုပဲလေ။ သူတို့လည်း ရှေ့မတိုးနိုင်၊ နောက်မဆုတ်သာပဲလေ။ သူတို့ တက်လိုက်တက်လိုက်ရင် ကျနော်တို့လူက ပစ်ချလိုက်ရင် သူတို့လှန်လှန် သွားတာပဲလေ။ ကျနော်တို့တွက်တာက ဒီလမကုန်ခင်မှာ အပြတ်ချရင် ချနိုင်တယ်လေ။ သူတို့က ဒါပေမယ့် သူတို့အနေအထားလည်း မှုတည်တာပဲလေ။''

မြန်မာအစိုးရတပ်နှင့် အပစ်ရပ်စဲရေးအဖွဲ့နှစ်ဖွဲ့ ပူးပေါင်းသည့် တပ်ဖွဲ့သည် ကရင်နီတပ်မတော်အား အမြစ်ပြတ်ချေမှုန်းနိုင်ရန် ထိုးစစ်ဆင်နေသည်မှာ သုံးလခန့်ရှိပြီဖြစ်ပြီး ကေအဲန်ပီပီ၏ ခြေကုတ်စခန်း ညာမူကုန်းအား သိမ်းပိုက်နိုင်ခြင်းမရှိသေးပေ။ ❖

# ရန်ကုန်မြို့ လယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ စွမ်းအားမြင့်စစ်သည်တော်များက မိမိတို့ လက်ချက်ဟုဆို

ပြီးခဲ့သည့် မတ်လအတွင်း ရန်ကုန်မြို့၌ ဖြစ်ပွားသော ဆက်တိုက်ဗုံးပေါက်မှုများသည် မိမိတို့အဖွဲ့၏ လက်ချက်ဖြစ်ပြီး၊ နအဖ အနေဖြင့် ကျင်းပဆဲ ညောင်နှစ်ပင်ညီလာခံကို မရပ်တန့်လျှင် ဖောက်ခွဲမှုများကို နောက်ထပ်ပြုလုပ်သွားမည်ဟု စွမ်းအားမြင့်စစ်သည်တော်များအဖွဲ့က ပြောဆိုလိုက်သည်။

မတ်လ (၁၇)ရက်နေ့ နံနက် (၉)နာရီခန့်တွင် ပါရမီညောင်ပင် ကားဂိတ်အနီး ခရီးသည်မပါသော ကားပေါ်တွင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီး၊ ထိုနေ့ည တနာရီခန့်တွင် ပန်းဆိုးတန်းရှိ ပန်နီးယားမားဟိုတယ် ရေချိုးခန်းအတွင်းဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြန်ရာ နအဖက အမျိုးသားဒီမိုကရေစီ (လွတ်မြောက်နယ်မြေ)နှင့် အောဘီအက်စ်ဒီအက်ဖ်ကျောင်းသားတပ်မတော်တို့၏ လက်ချက်ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

သို့သော် မတ်လ (၂၃)ရက်နေ့တွင် စွမ်းအားမြင့်စစ်သည်တော်များအဖွဲ့က ပေါက်ကွဲမှုများသည် မိမိတို့ လက်ချက်ဖြစ်ပြီး နအဖအနေဖြင့် အကျဉ်းသားအားလုံးကို ပြန်လွတ်မပေးလျှင်၊ ညောင်နှစ်ပင်ညီလာခံကို မရပ်တန့်လျှင် ညီလာခံကျင်းပရာနေရာတဝိုက်၊ မဟာဗန္ဓုလပန်းခြံတဝိုက်နှင့် အခြား မဖော်ပြနိုင်သေးသော နေရာတချို့တွင် နောက်ထပ်ဖောက်ကွဲမှုများ ဆက်တိုက်ပြုလုပ်သွားမည်ဟု ပြောဆိုလိုက်သည်။ ယင်းဖောက်ခွဲမှုများသည် ပြည်သူလူထုကို ထိခိုက်စေလိုသော ဆန္ဒမရှိပဲ၊ စစ်အာဏာရှင်များ၏ အကျိုးစီးပွားကိုသာ ဦးတည်တိုက်ခိုက်သွားမည်ဟုလည်း ဆိုသည်။

ပြီးခဲ့သည့်လအတွင်းက သင်္ကန်းကျွန်းဘူတာအနီးတွင် မပေါက်ကွဲသေးသော ဗုံးများထပ်မံတွေ့ရှိခဲ့သဖြင့် တိုက်ခိုက်မှုများဖြစ်ပွားမည်ကို စိုးရိမ်နေသော အာဏာပိုင်များသည် ရန်ကုန်မြို့တွင်းနှင့် ထင်ရှားသော နေရာအတော်များများတွင် လုံခြုံရေးတပ်များ တင်းတင်းကြပ်ကြပ်ချထားသည်ဟု သိရသည်။

စွမ်းအားမြင့်ကျောင်းသားစစ်သည်တော်အဖွဲ့သည် (၁၉၉၉)ခုနှစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နအဖသံရုံးနှင့် (၂၀၀၀) ခုနှစ် နှစ်ဦးပိုင်း ရပ်ချ်ဘူရီဆေးရုံကို ဝင်စီးပြီးနောက်ပိုင်းတွင် လှုပ်ရှားမှုများရပ်တန့်နေခဲ့ရာမှ ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြောင်းရွှေ့ကာ ဖောက်ခွဲမှုများပြုလုပ်လျက်ရှိသည်။ ❖

## ဂါမဏိ၏ အကြွမ်းဖက်မှု ...

ခိုက်မှုလို့ ခေါင်းစဉ်းတပ်ပေးတာတွေကို အမေရိကန်တင်မက နိုင်ငံအတော်များများရဲ့ အစိုးရတွေက ထမင်းစားရေသောက် လုပ်နေတာပါပဲ။

(အရပ်သားတွေမထိခိုက်အောင် တတ်နိုင်သမျှကြိုးပမ်းပြီး) စစ်ဖက်ပစ်မှတ်တွေနဲ့ စစ်ဖက်ကို အထောက်အကူပေးနေတဲ့ နိုင်ငံရေး၊ စီးပွားရေးပစ်မှတ်တွေကို တိုက်ခိုက်ခြင်းဟာ ကမ္ဘာဦးအစစစ်ပွဲတွေ စတင်ပေါ်ပေါက်ချိန်ကနေ အခုထိ စစ်ပွဲအားလုံးရဲ့ ပင်မဥပဒေသ သို့မဟုတ် နိယာမတရားဖြစ်ခဲ့ပါတယ်။ အနာဂတ်မှာလည်း ဒီနိယာမတရား ဆက်ရှိနေမှာ မြေကြီးလက်ခတ်မလွဲပါဘူး။ ဒီ ရည်မှန်းချက်ရောက်အောင် လက်နက်တွေအမျိုးမျိုး၊ နည်းဗျူဟာတွေအမျိုးမျိုး ကြံဆဖော်ထုတ်ခဲ့ကြရာမှာ အခုနောက်ဆုံး အနုမြူခါတုံ၊ ဇီဝလက်နက်တွေတိုင်အောင် ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလက်နက်မျိုးတွေကျတော့ မဆိုင်တဲ့အရပ်သားတွေထိခိုက်ဖို့ အလားအလာပိုများနေပါတယ်။ လက်တွေ့သုံးစွဲတိုက်ခိုက်ခဲ့သမျှတွေမှာလည်း အရပ်သားတွေပဲ အများဆုံးထိခဲ့တာ ဟီရိုရှီးမား၊ နဂါစကီသက်သေပါပဲ။

စစ်ဖက်ပစ်မှတ်တွေကို ပိုထိထိရောက်ရောက်တိုက်နိုင်ဖို့ နည်းဗျူဟာတွေထွင်ရာမှာ ကွန်မန်ဒိုတိုက်နည်းတွေဟာလည်း ပစ်ပယ်လို့မရတဲ့ အစိတ်အပိုင်းတွေဖြစ်လာတယ်။ မိမိဖက်က အင်အားနည်းနည်းနဲ့ အထူးပစ်မှတ်ကို ထိထိရောက်ရောက်တိုက်နိုင်လို့ ရန်သူ့ဦးနှောက်ဖြစ်တဲ့ ထိပ်သီးတွေ ခေါင်းပိုင်းတွေကျသွားရင် သာမန်တပ်သားတယောက်ကျတာထက် ပိုထိရောက်တာဘယ်သူမှ မငြင်းနိုင်ပါဘူး။ နောက်ပိုင်း လုံခြုံတဲ့နေရာက ထိပ်သီးတွေ ဗိုလ်ချုပ်တွေကျတော့ အထိအခိုက်မရှိပဲ ရှေ့တန်းက သာမန်ရဲဘော်လေးတွေသာ အသက်ပေးနေရတာဟာ ယေဘုယျ စစ်ပန်းချီကားဖြစ်ပေမယ့် စစ်ကာလအတွင်း စစ်ဖက်၊ နိုင်ငံရေးဖက်ခေါင်းပိုင်းကို ဦးနှောက်ဖောက်စားရေး၊ နောက်တန်းက အချက်အချာအဆောက်အဦးဖောက်ခွဲဖျက်ဆီးရေးဆိုတာလည်း မလုပ်မဖြစ်လုပ်ရတဲ့ထုံးစံဖြစ်ပြီး ဘယ်တုန်းကမှ အကြမ်းဖက်ဝါဒလို့ မယူဆခဲ့ကြပါဘူး။ ကွန်မန်ဒိုတိုက်နည်းကို စစ်ပွဲကို အဆုံးအဖြတ်ပေးတဲ့ နည်းဗျူဟာအဖြစ် သတ်မှတ်ယူဆကြတာမဟုတ်ပေမယ့်လည်း နိုင်ငံတကာက စစ်တပ်တိုင်းမှာ အထူးတိုက်ခိုက်ရေးတပ်တွေ မဖြစ်မနေဖွဲ့စည်းလေ့ကျင့်ထားကြပါတယ်။ ဒါပေမယ့် အခုကျတော့ အစိုးရတွေဖက်က သို့မဟုတ် ကိုယ့်ဖက်ကလုပ်တာဆိုရင် ပုံမှန်စစ်ဆင်ရေးလုပ်ရပ်အဖြစ် သတ်မှတ်ဖော်ပြပြီး တော်လှန်ရေးသမားတွေဖက်က သို့မဟုတ် ရန်သူဖက်ကလုပ်ရင်တော့ အရပ်သားမထိလည်း အကြမ်းဖက်ဝါဒအဖြစ် သတ်မှတ်ရှုတ်ချနေကြတယ်။

လက်ရှိသတင်းခေတ် စီအဲန်င်အဲန်ခေတ်မှာတော့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး ပစ်မှတ်တွေတင်မကတော့ပဲ ဝါဒဖြန့်ချိရေးအတွက် သတင်းပစ်မှတ်တွေလည်း အရင်ကထက် ပိုအရေးပါလာပါတယ်။ ဒါကြောင့် လေယာဉ်အပိုင်စီးတာ၊ သံရုံးအပိုင်စီးတာ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဇာတ်ရုံတို့ကို အပိုင်စီးတာတွေလည်း လုပ်လာကြတယ်။ ဒါပေမယ့် စစ်ပွဲဝင်မဟုတ်တဲ့ အရပ်သားပြည်သူတွေ ထိခိုက်သေဆုံးမှုဖြစ်ရင်တော့ အကြမ်းဖက်ဝါဒထဲ အကျုံးဝင်သွားပြီး ရည်မှန်းတာရဲ့ ဆန့်ကျင်ဖက်ဝါဒဖြန့်ချိရေးရလဒ်တွေသာ ပေါ်လာမှာဖြစ်တယ်။

နိုင်ငံရေးနည်းနဲ့ဖြေရှင်းမရတဲ့ နိုင်ငံရေး၊ စီးပွားရေးအကျိုးစီးပွားပြဿနာတွေကို စစ်ရေးနည်းနဲ့ဖြေရှင်းတာဟာ အကျိုးစီးပွားကွဲလွဲမှုတွေရှိနေသရွေ့ ဆက်လက်ဖြစ်ပေါ်နေဦးမှာပါပဲ။ ကမ္ဘာပေါ်မှာ စစ်ပွဲတွေနိဂုံးချုပ်ပျောက်ကွယ်သွားမဲ့အချိန်က ဝေးပါသေးတယ်။ စစ်ပွဲတွေရှိနေသရွေ့ အကြမ်းဖက်ဝါဒပြဿနာဟာလည်း တကယ့်လက်တွေ့အရေး၊ တံဆိပ်ကပ်စွပ်စွဲမှုလုပ်ငန်းအဖြစ်ရော ရှိနေဦးမှာပါပဲ။ အကြမ်းဖက်ဝါဒလား၊ ဘေးပန်းထိခိုက်မှုလား၊ စစ်ဆင်မှုလား ဘယ်လိုပဲ အငြင်းပွားကြပါစေ၊ လုပ်စရာရှိတာကို ဆက်လုပ်မယ့်လူတွေကလည်း ဘယ်မှာမဆိုရှိနေမှာပါပဲ။ ❖

ဂါမဏိ

## အလွမ်းကဗျာ အလွမ်းစာမှာ...

ရပြတ်နေတဲ့၊ ရေငတ်နေတဲ့ အဖျားဝင်နေတဲ့ အင်ဂျင်နီယာလေး ကိုအောင်ကျော်မိုးဟာ (၄)ရက်မြောက်နေ့ ညပိုင်းမှာ ကွယ်လွန်သွားတော့တယ်။ ရေအသက် တမနက် မဟုတ်တော့၊ ရေအသက် (၄)ရက် ဖြစ်သွားခဲ့ပြီ။ မေလ (၈)ရက်နေ့ ညဘက်မှာ တိုက်ပွဲဝင် ကိုအောင်ကျော်မိုးရဲ့အလောင်းကို ကပ်နဲ့သယ်ပြီး တိတ်တဆိတ်ထုတ်သွားကြတယ်။ ဒီလိုနဲ့ သာယာဝတီမြို့ သုဿန်တနေရာမှာ ကိုအောင်ကျော်မိုးရဲ့အလောင်းကို လူမသိသူမသိ မြှုပ်နှံခဲ့တယ်။ ကိုအောင်ကျော်မိုး ကွယ်လွန်ခြင်းအတွက် ကြားရသူအပေါင်းက နှမြောတသ ယူကျုံးမရဖြစ်ကြတယ်။ ကြေကွဲဝမ်းနည်း စိတ်ထိခိုက်ကြတယ်။ သူ့လုပ်ရပ်အပေါ် ဂုဏ်ပြုကြတယ်။ သူ့ရဲ့ ပိုင်းဖြတ်မှု၊ ရဲရင့်ပြတ်သားမှု၊ ဇွဲရှိမှုကို ချီးကျူး အသိအမှတ်ပြုကြတယ်။ သာယာဝတီ သုဿန်မြေကတော့ ဂုဏ်ပြုလက်ခံထိုက်သူတဦးကို ကြိုဆိုခဲ့ပါပြီ။

ကိုအောင်ကျော်မိုး အစာငတ်ခံတိုက်ပွဲမဝင်ခင် သူ့ရဲ့ရဲဘော်တဦးကို သူ့ရဲ့ရင်တွင်းစကားကို အခုလို ပြောကြားခဲ့ပါတယ်။

**''ဒီတိုက်ပွဲဟာ အကျဉ်းသားအားလုံးအတွက် တိုက်ပွဲဝင်တာဖြစ်တယ်။ ဒီခရီးမှာ သေမင်းကိုလှမ်းမြင်ခဲ့ရင်လည်း နောက်မဆုတ်ဘဲ သေမင်းရှိရာကိုသာ တိုးဝင်သွားမှာဖြစ်တယ်။ ကျနော့် တဦးတည်းအနေနဲ့ပြောရရင် ကျနော်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို ကိုယ်စားပြုတာဖြစ်ပါတယ်''**

ကိုအောင်ကျော်မိုးအကြောင်းကို ပြန်ပြောပြတဲ့ရဲဘော်လေးဟာ မျက်ရည်ဝဲရုံမက မျက်ရည်တွေကျနေပါတယ်။ ကိုအောင်ကျော်မိုး မကြာခဏပြောလေ့ရှိတဲ့ စာစုလေးကတော့

''တော်လှန်ရေး မပြီးဆုံးခင်မှာ
ပညာတတ်တွေဟာ
ပစ္စည်းမဲ့တွေရဲ့ ပုခုံးရိုးကို
(ရိုက်ချိုး) လှုပ်နိုးထားခဲ့လိမ့်မယ်''

လီနင်

ကိုအောင်ကျော်မိုးကို ၁၉၆၀ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှာ အဖ ဦးမောင်အောင်၊ အမိ ဒေါ်မူမူအောင်တို့ကနေ မန္တလေးနန်းတွင်းမှာ မွေးဖွားပြီး ရန်ကုန်မှာ ကြီးပြင်းခဲ့တယ်။ မွေးချင်း (၄)ယောက်ရှိတဲ့အနက် အငယ်ဆုံးသားဖြစ်တယ်။ ကိုအောင်ကျော်မိုးဟာ ငယ်စဉ်က အထက (၆)ဗိုလ်တထောင်၊ အထက (၂) ပုဇွန်တောင်၊ အထက (၅) ကမာရွတ်တို့မှာ ပညာသင်ကြားခဲ့တယ်။ ၁၉၇၆ ခုနှစ်မှာ ၁၀တန်းအောင်မြင်ခဲ့တယ်။ ၁၉၇၇ ခုနှစ်ကနေ ၁၉၈၀ ခုနှစ်အထိ အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းကို တက်ရောက်သင်ကြားအောင်မြင်ခဲ့တယ်။ ၁၉၈၂ ခုနှစ်ကစပြီး စတုတ္ထတန်း အင်ဂျင်နီယာအဖြစ် အမှတ် (၁၀၅)ကျုံးကြီးလမ်း၊ ဆောက်လုပ်ရေးစီမံကိန်းမှာ ဆောင်ရွက်ခဲ့တယ်။ ၁၉၈၉ ခုနှစ်အဖမ်းခံရချိန်မှာ အသက် ၂၉နှစ်အရွယ်သာ ရှိပါသေးတယ်။ ၁၉၉၈ ခုနှစ် မေလ (၈) ရက်နေ့ သာယာဝတီအကျဉ်းထောင်မှာ အစာငတ်ခံ ဆန္ဒပြတိုက်ပွဲဝင်ရင်း ကွယ်လွန်သွားခဲ့တယ်။ ကွယ်လွန်ချိန်မှာ အသက် ၃၈ နှစ်အရွယ်၊ အရွယ်ကောင်းတုန်းဖြစ်လို့ နှမြောဖို့ကောင်းလှပါတယ်။

ကိုအောင်ကျော်မိုးဟာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ သစ္စာရှိသူဖြစ်တယ်။ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်များအပေါ်မှာလည်း နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ လက်တွေ့လုပ်ငန်းအရ ရိုးဖြောင့်သစ္စာရှိသူဖြစ်တာကို တွေ့ရပါတယ်။

မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှု သမိုင်းမှာရော၊ သာယာဝတီအကျဉ်းထောင်သမိုင်းမှာပါ ကိုအောင်ကျော်မိုးဟာ မှတ်တိုင်တစ်ခုကို စိုက်ယူသွားခဲ့ပါပြီ။ ❖

* * * * *

# မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထင်သွေးကင်ဆာရောဂါဖြင့်ကွယ်လွန်



မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထင်

၁၉၉၅ ခုနှစ်ကတည်းက နအဖနှင့် အပစ်အခတ်ရပ်စဲထားသော မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထင် (၈၄)နှစ်သည် မတ်လ(၂၄)ရက်နေ့က သွေးကင်ဆာရောဂါဖြင့် မော်လမြိုင်၊ မွန်ပြည်သစ်ပါတီရုံးချုပ်တွင် ကွယ်လွန်သွားပြီဖြစ်သည်။

နိုင်ထင်ကို ၁၉၂၁ ခုနှစ် ဧပြီလ ၂၁ရက်နေ့တွင် မွန်ပြည်နယ် မုဒုံဒေသ၌ မွေးဖွားခဲ့ပြီး အသက် (၂၆)နှစ်အရွယ်တွင် တော်လှန်ရေးသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် မွန်ပြည်သစ်တပ်ဦး၏ လက်နက်နှင့်ဒီမိုကရေစီလဲလှယ်ရေးတွင် ပါဝင်ခဲ့ပြီး ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်း အာဏာသိမ်းလိုက်သောအခါ တော်လှန်ရေးနယ်မြေသို့ ပြန်လည်ရောက်ရှိကာ အာဏာရှင်အဆက်ဆက်ကို တော်လှန်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မွန်ပြည်သစ်ပါတီဥက္ကဌ နိုင်ရွှေကျင် ကွယ်လွန်သွားသောအခါ မွန်ပြည်သစ်ပါတီဥက္ကဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ယခုအခါ မွန်ပြည်သစ်ပါတီ၏ ဥက္ကဌ နေရာကို ဒုဥက္ကဌ (၁)ဗိုလ်ချုပ်ထောမွန်က ဆက်လက်တာဝန်ယူမည်ဖြစ်ပြီး၊ ဒုတိယ ဥက္ကဌနေရာကို ဒုဥက္ကဌ (၂)နိုင်ရဿက တာဝန်ယူမည်ဟု သိရသည်။

မွန်ခေါင်းဆောင်များ ချမှတ်ထားသော စစ်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ဟန်သာက 'ကျနော်တို့ မျှော်မှန်းထားတဲ့အတိုင်း မွန်အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ပြည်နယ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ အဲဒီ အဆင့်ကိုမရသေးပါဘူး။ ဒီမိုကရေစီအခွင့်ရေးဆိုရင်လည်း ဘာမှမရသေးပါဘူး။ ကျနော်တို့ ကျန်တဲ့သူတွေက ကျနော်တို့ခေါင်းဆောင်တွေရဲ့ မျှော်မှန်းထားတဲ့ ရည်ရွယ်ချက်အတိုင်း ဆက်ချီတက်ရမှာပါ'ဟု ပြောဆိုသွားသည်။ ❖

# နိုင်ငံတကာ

## သတင်းတိုထွာ

### စွပ်စွဲချက်အသစ်

[တိုင်းမဂ္ဂဇင်း]

(၂၀၀၁)ခုနှစ်က ယူကရိန်းနိုင်ငံသည် ဆိုဗီယက်လုပ် အနုမြူစွမ်းအားအသုံးပြုနိုင်သော ခရုစ်ဒုံးပျံ (၁၈)စင်းအား တတိယနိုင်ငံများသို့ မှောင်ခိုရောင်းချခဲ့သည်ဟု အစိုးရရှေ့နေချုပ်ရုံးက ပြောကြားခဲ့သည်၊ ထိုတတိယနိုင်ငံများမှာ တရုတ်နိုင်ငံနှင့်အီရန်နိုင်ငံဖြစ်သည်ဟု အများက ပြောဆိုနေကြသည်။ ဤအမှုနှင့်ပတ်သက်သူ တရားခံများထဲတွင် အစိုးရအထက်တန်းအရာရှိများ၊ လုပ်ငန်းရှင်ကြီးများနှင့် ယူကရိန်း အထူးစုံစမ်းရေးဗျူရိုမှ အရာရှိများပါဝင်ကြောင်း ယူကရိန်အထူးစုံစမ်းရေးဗျူရိုမှ ဒါရိုက်တာအသစ်ဖြစ်သူ အိုလက်ဇောင်းဒါးတူ ဘာချီနေ့က တိုင်းမဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

❖

### ပါလက်စတိုင်းအရေး

[တိုင်းမဂ္ဂဇင်း]

ယာယီအပစ်အခတ်ရပ်စဲရေးအား ဤနှစ်ကုန်ထိ တိုးမြှင့်ရန်အတွက် အာမခံချက်ပေးရန် ပါလက်စတိုင်းရှိ အဓိကတိုက်ပွဲဝင်အုပ်စုများသို့ အစ္စရေးဝန်ကြီးချုပ် ရှရွန်က တောင်းဆိုခဲ့သည်။ အစောပိုင်းကာလက အစ္စရေးသည် အနောက်ဖက်ကမ်းခြေရှိ ဂျာရီချိုမြို့အား ပါလက်စတိုင်းအာဏာပိုင်များလက်သို့ လွှဲပြောင်းပေးခဲ့သည်။ ဤလုပ်ရှားမှုနောက်ပိုင်းတွင် အခြားမြို့ (၄)မြို့အား ပါလက်စတိုင်းတို့ ထိန်းချုပ်ထားသည့် လုံခြုံသည့်ဒေသသို့ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။

❖

### စစ်ရာဇဝတ်မှုများနှင့် ဥရောပပေါင်းစည်းရေး

[တိုင်းမဂ္ဂဇင်း]

ယခင်ယူဂိုဆလားဗီယားဆိုင်ရာ ကုလသမဂ္ဂစစ်ရာဇဝတ်မှုတရားရုံးမှ မက်ဆီဒိုးနီးယန်းပြည်ထဲရေးဝန်ကြီးဟောင်း လျူ့ဘ်ဘော့စကိုစကီနှင့် သူ၏သက်တော်စောင့် ရိုဟန်တာကူလိုစကီတို့အပေါ် စွဲဆိုထားသည့် လူသတ်မှု၊ အစုလိုက်အပြုံလိုက်ဖျက်ဆီးမှုနှင့် ရက်စက်စွာပြုကျင့်မှုများဆိုင်ရာ စွဲဆိုချက်ကို လွန်ခဲ့သည့်အပတ်က ထုတ်ပြန်လိုက်သည်။ ခရိုအေးရှားသည် ဤလတွင် ဥရောပသမဂ္ဂတွင် ပူးပေါင်းပါဝင်ရေးဆွေးနွေးပွဲများကို စတင်ပြုလုပ်ရန် မျှော်လင့်ခဲ့သော်လည်း ဟိတ်ဂ်တရားရုံးမှ တရားသူကြီးချုပ် ကာလာဒဲလ်ပွန့်က ယခင်ခရိုအေးရှားမှ စစ်ရာဇဝတ်သား ဗိုလ်ချုပ်ကြီး ဂိုတိုဗီးနားသည် ခရိုအေးရှားအာဏာပိုင်တို့လက်တွင်း၌ ရှိနေဆဲဖြစ်ကြောင်း ပြောဆိုမှုကြောင့် ရွှေ့ပြောင်းခဲ့ရသည်။ ယခင် ဘော့စနီးယား–ဆာ့ဘ်ခေါင်းဆောင် ကာရာဇစ်နှင့် ဗိုလ်ချုပ်ကြီးမာလာဒစ်တို့ကို စစ်ရာဇဝတ်သားများအဖြစ် တရားစွဲဆိုထားသောကြောင့် ဆားဗီးယားနှင့် ဘော့စနီးယားဒေသများသည် ဥရောပပေါင်းစည်းရေးတွင် ပြောရေးဆိုခွင့်ကိုယ်စားလှယ်ပင်မရှိချေ။

❖

### ဥရောပ လက်နက်ရောင်းချမှုနှင့် ဂျပန်သဘောထား

[IHT]

ပြင်သစ်သမတ ဂျက်ရှီရတ် ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ်တွင် ဥရောပမှ တရုတ်နိုင်ငံသို့ လက်နက်တင်ပို့ရောင်းချနေမှုအား ဂျပန်ဝန်ကြီးချုပ်က ပြင်းပြင်းထန်ထန် ကန့်ကွက်ပြောဆိုလိုက်သည်။ ဂျပန်နိုင်ငံက စစ်သုံးစရိတ်များလျှော့ချနေစဉ်တွင် တရုတ်နိုင်ငံက ၎င်း၏ စစ်သုံးဘတ်ဂျက်ကို လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တနှစ်လျှင် (၁၀%)တိုးမြှင့်နေကြောင်း ဝန်ကြီးချုပ် ကိုအိဇုမိက ထောက်ပြခဲ့သည်။ ဂျပန်နိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတန်းအဖွဲ့ဝင်ဖြစ်ရေးကို ပြင်သစ်ကထောက်ခံထားသည်။

❖

### အမေရိကားရှိ အမျိုးသမီးများဝင်ငွေ

[IHT]

ဘွဲ့ရလူမဲနှင့် အာရှအမျိုးသမီးများသည် အလားတူဘွဲ့ရသည့် လူဖြူယောကျ်ားမိန်းမများထက် လစာအနည်းငယ်ပိုရရှိပြီး အခြားလူမျိုးများထက် ပိုပြီးရရှိသည်။ ၂၀၀၃ ခုနှစ်တွင် ဘွဲ့ရလူဖြူအမျိုးသမီးတယောက်၏ တနှစ်ဝင်ငွေမှာ (၃၇,၈၀၀)ဒေါ်လာနီးပါး၊ အာရှအမျိုးသမီးတယောက်၏ တနှစ်ဝင်ငွေမှာ (၄၃,၇၀၀)ဒေါ်လာနီးပါးနှင့် လူမဲအမျိုးသမီးများမှာ (၄၁,၀၀၀)ဒေါ်လာနီးပါး ရရှိကြောင်း (၂၈)ရက်နေ့က ထုတ်ပြန်သည့် သန်းကောင်စာရင်းဗျူရို၏စာရင်းများအရ သိရှိရသည်။ ဟစ်စပန်းနစ်အမျိုးသမီးများ၏ တနှစ်ဝင်ငွေမှာ (၃၇,၆၀၀)ဒေါ်လာအောက် အနည်းငယ်နည်းကြောင်း သိရှိရသည်။

❖

## ပါကစ္စတန်သမတ မူရှာရတ်ဖ်အား ထောင်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြ



ပါကစ္စတန်သမတ မူရှာရတ်ဖ်၏ အုပ်စိုးမှုအား အခြေခံမူဆလင် မဟာမိတ်ပါတီအား ထောက်ခံသူ ထောင်ပေါင်းများ စွာတို့ကကန့်ကွက်ဆန္ဒပြနေစဉ်

မတ်၊ (၂၃)ရက်။ [ဘီဘီစီ]

လာဟိုးမြို့၌ ပါကစ္စတန်သမတ မူရှာရတ်ဖ်၏အုပ်စိုးမှုအား အခြေခံမူဆလင် မဟာမိတ်ပါတီအားထောက်ခံသူ ထောင်ပေါင်းများစွာတို့က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ဧပြီလ (၂)ရက်နေ့တွင် နိုင်ငံလုံးဆိုင်ရာအထွေထွေသပိတ်မှောက်ရန် မတ်တာဟီဒါ မာဂျလိအီအာမယ်လ် (MMA)မဟာမိတ်အဖွဲ့ခေါင်းဆောင်များက တောင်းဆိုခဲ့သည်။ "မူရှာရတ်ဖ်ရဲ့ အသိအမြင်ကျယ်တဲ့အစွန်းမရောက်ရေးဆိုတဲ့ ပြောဆိုမှုဟာ မဖွယ်မရာဖြစ်မှုတွေ၊ စာရိတ္တပျက်ပြားမှုတွေနဲ့ မိစ္ဆာဒိဋ္ဌိ အယူတွေ ပြန့်ပွားလာဖို့အတွက် လမ်းဖော်ပေးတာပဲဖြစ်တယ်"ဟု (MMA) ခေါင်းဆောင် မော်လာနာဖာလုရာမန်က ပြောကြားခဲ့သည်။ ထို့ပြင် ပါကစ္စတန်၏ နျူးကလီးယားလုပ်ငန်းများအပေါ် အမေရိကန်၏ ဖိအားပေးမှုကိုလည်း ရှုတ်ချပြောကြားခဲ့သည်။ ဤလူထုစည်းဝေးပွဲကြီးကို ၁၉၄၀ ခုနှစ် မတ်လ (၂၃)ရက်နေ့က အိန္ဒိယမူဆလင်များအတွက် သီးခြားတိုင်းပြည် ထူထောင်ရေး တောင်းဆိုရန် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ မူဆလင်အဖွဲ့ချုပ်ကြီးက နာမည်ကျော် "ပါကစ္စတန် ဆုံးဖြတ်ချက်" အားချမှတ်ခဲ့သည့်နေရာဖြစ်သည့် အစ်ဘားလ်ပန်းခြံအပြင်ဖက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မူရှာရတ်ဖ်အား တပ်မတော် အကြီးအကဲနေရာမှဖယ်ပေးရန် ကတိဖောက်ဖျက်မှုကိုလည်း စွပ်စွဲပြောဆိုခဲ့ကြသည်။ အီရန်အားစစ်ရေးအရ အရေးယူဆောင်ရွက်ရန် အမေရိကန်၏အဆိုပြုချက်အား ထောက်ခံခြင်းအပေါ် ရှုတ်ချပြောဆိုခဲ့သည်။ ဧပြီလ (၂)ရက်နေ့တွင် ဈေးဆိုင်များ၊ လုပ်ငန်းများနှင့် ယာဉ်အသွားအလာအားလုံး ပိတ်ထားရန်ကိုလည်း တောင်းဆိုလိုက်သည်။ အခြားအတိုက်အခံခေါင်းဆောင်ဖြစ်သူ အီမန်ခန်ကလည်း အထွေထွေသပိတ်အား ထောက်ခံခဲ့သည်။ မူရှာရတ်ဖ်မှာ လွန်ခဲ့သည့်နှစ်ကုန်က တပ်မတော်အကြီးအကဲနေရာမှ ဖယ်ပေးရမည်ဖြစ်သော်လည်း ဖယ်မပေးခဲ့ဘဲ၊ အကြမ်းဖက်သမားများအား တိုက်ခိုက်ရန်အတွက် ဤရာထူးအား ဆက်လက်ယူထားရန်လိုအပ်ကြောင်းနှင့် ပြည်သူလူထုကလည်း ၎င်းအား ဤနေရာတွင် ဆက်လက်ရှိနေစေလိုကြောင်းကို ပြောကြားခဲ့သည်။ ❖

## ဆိုမာလီယား၌ နိုင်ငံခြားစစ်သားများအပေါ် ဂျီဟတ်စစ်ပွဲဆင်နွှဲမည်

[ဘီဘီစီ]

နိုင်ငံခြားမှ ငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များချထားလျှင် မြင့်မြတ်သောစစ်ပွဲ (သို့မဟုတ်) ဂျီဟဒ်စစ်ပွဲ ဆင်နွှဲမည်ဖြစ်ကြောင်း ဆိုမာလီမူဆလင်ဘုန်းကြီးတပါးက သတိပေးပြောကြားလိုက်သည်။ ရှိတ်ဟတ်ဆန်ဒါဟီရာအာဝီးစ်သည် အစ္စလာမ်တရားရုံးချုပ်၏ ဝါရင့်အဖွဲ့ဝင်တဦး ဖြစ်ပြီး အယ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသူတဦးဟု အမေရိကန်ကစွပ်စွဲခဲ့သည်။

သမတ အဗ္ဗဒူလာယူဆုဖ်သည် ကင်ညာနိုင်ငံမှ ပြောင်းရွှေ့လာသည့် ၎င်း၏အစိုးရအဖွဲ့အားကာကွယ်ရန် ငြိမ်းချမ်းရေးထိန်းသိမ်းသူများကို အလိုရှိသည်။ ဆိုမာလီယားနိုင်ငံ၌ အစိုးရယန္တရားမလည်ပတ်သည်မှာ



ဆိုမာလီယားသမတ အဗ္ဗဒူလာယူဆုဖ်

(၁၄)နှစ်ရှိပြီဖြစ်ပြီး နိုင်ငံကို ပြိုင်ဖက်စစ်ဘုရင်များက ခွဲဝေအုပ်ချုပ်ထားသည်။ မစ္စတာအာဝီးစ်က ငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့မှန်သမျှ အားတိုက်ခိုက်ရန်မှာ ဆိုမာလီနိုင်ငံသားအားလုံး၏ ဘာသာရေးတာဝန်ဖြစ်ပြီး စွက်ဖက်ရေးတပ်ဖွဲ့မှန်သမျှအား သေသည်အထိ တိုက်ပွဲဝင်ရမည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ငြိမ်းချမ်းရေးတပ်ဖွဲ့များအား ရန်ပုံငွေ မထောက်ပံ့ရန်လည်း နိုင်ငံခြားတိုင်းပြည်များသို့ တောင်းဆိုခဲ့သည်။ ဆိုမာလီယာနိုင်ငံသို့ ဆူဒန်နှင့် ယူဂန်ဒါမှ စစ်သား (၆,၈၀၀)စေလွှတ်ရန် အာဖရိကအရှေ့ခြမ်းတိုင်းပြည်များက သဘောတူထားသည်။ မစ္စတာယူဆုဖ်၏ ပြည်ပြေးအစိုးရဟုခေါ်သည့် မိုဂါဒစ်ရှူး၌ အခြေစိုက်သည့် စစ်ဘုရင်အများအပြားကလည်း နိုင်ငံခြားစစ်သည်များအသုံးချခြင်းကို ဆန့်ကျင်သည်။ ❖

## အစ္စရေးများအခြေချနေထိုင်မှု အမေရိကန်လက်ခံမည်ဟု ပြောဆိုနေ

မတ်၊ (၂၅)ရက်။ [ဘီဘီစီ]

အနောက်ဖက်ကမ်းဒေသတွင်များပြားလှသည့် ဂျူးအခြေချနေထိုင်မှုကို အစ္စရေးအနေဖြင့် ဆက်လက်ထိန်းသိမ်းထားရန် အမေရိကန်က မျှော်လင့်ကြောင်း အစ္စရေးဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ပြောကြားလိုက်သည်။ အပြီးသတ်အဆင့် သဘောတူညီချက်တွင် အနောက်ဖက်ကမ်းမှ အစ္စရေးများလုံးဝဆုတ်ခွာရေးကို မျှော်လင့်နေခြင်းမှာ လက်တွေ့နှင့်မကိုက်ညီကြောင်း ဒန်ကတ်ဇာက အစ္စရေးရေဒီယိုသို့ ပြောကြားခဲ့သည်။ လွန်ခဲ့သည့်လက အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရှရွန် အိမ်ဖြူတော်သို့သွားရောက်စဉ်က အစ္စရေးအခြေချနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းသည် အနောက်ဖက်ဒေသရှိ ဒေသတွင်းပကတိအခြေအနေများနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း သမတဘုရှ်က ပြောကြားခဲ့သည်။

"ပါလက်စတိုင်းတွေကို ကိုယ်စားပြုပြီး အမေရိကန်ကမဆုံးဖြတ်နိုင်ဘူး၊ အပြီးသတ်အဆင့် ဆွေးနွေးရေးကိစ္စကို သူတို့ဘာသာ မဆုံးဖြတ်နိုင်ဘူး၊ အစ္စရေးတွေ အခြေချနေထိုင်မှုကိုရပ်ပစ်ဖို့ ကျနော်တို့အနေနဲ့ အမေရိကန်ကိုတောင်းဆိုတယ်" ဟု ဝါရင့်ပါလက်စတိုင်း စေ့စပ်ဆွေးနွေးရေးသမားဖြစ်သူ ဆာအက်ဘ်အီရက်ကတ်က မစ္စတာကတ်ဇာ၏မှတ်ချက်ကို ဝေဖန်ပြောဆိုခဲ့သည်။

ယခုလအစောပိုင်းက အနောက်ဖက်ကမ်းဒေသ မာအေးလ်အဒူမင်အရပ်မှ ဂျေရုစလင်အရှေ့ဘက်အထိ အိုးအိမ်ပေါင်း (၃၅၀၀) ဆောက်လုပ်ရန် အစ္စရေးအစိုးရကစီမံနေသည်။ ဤတိုးချဲ့မှုအား တားဆီးပေးရန် ပါလက်စတိုင်းအရာရှိများက အမေရိကန်ကိုတောင်းဆိုခဲ့သည်။ အစ္စရေးတို့အနေနှင့် ဤကိစ္စအား အငြင်းပွားနေသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းကမူ အရှေ့ဂျေရုစလင်အပါအဝင် ဂါဇာနှင့် အနောက်ဖက်ကမ်း၌ အခြေချနေထိုင်မှုအားလုံးကို အပြည်ပြည်ဆိုင်ရာတရားဥပဒေအရ တရားမဝင်မှုအဖြစ် သတ်မှတ်ထားသည်။ ဂျူးအခြေချနေထိုင်သူ (၄)သိန်းခန့်သည် အရှေ့ဂျေရုစလင်အပါအဝင် ဂါဇာနှင့် အနောက်ဖက်ကမ်းဒေသများ၌ ပါလက်စတိုင်း လူဦးရေ (၄)သန်းကျော်နှင့် အတူတကွနေထိုင်နေကြသည်။ ၁၉၆၇ ခုနှစ်မှစ၍ အရှေ့ဂျေရုစလင်အပါအဝင် ဂါဇာနှင့် အနောက်ဖက်ကမ်းဒေသများကို အစ္စရေးက ဝင်ရောက်သိမ်းပိုက်ထားခြင်းဖြစ်သည်။

## နိုင်ငံတကာ

# ပါကစ္စတန်နိုင်ငံသို့ အက်ဖ်–၁၆ ဂျက်တိုက်လေယာဉ်များ ရောင်းချမှု အမေရိကန်အတည်ပြု



ပါကစ္စတန်နိုင်ငံသို့ ရောင်းချမည့် အက်ဖ်–၁၆ ဂျက်တိုက်လေယာဉ်များ

**မတ်လ၊ (၂၅)ရက်။ [ဘီဘီစီ]**

ပါကစ္စတန်သို့ အက်ဖ်–၁၆ ဂျက် တိုက်လေယာဉ်များ ရောင်းချမှုကို အမေရိကန်အစိုးရက အတည်ပြုလိုက်ပြီဟု သမတဘုရှ်အစိုးရအဖွဲ့ အရာရှိများက ပြောကြားလိုက်သည်။

ဤဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အမေရိကန်သမတ ဂျော့ဘုရှ်က အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းအား တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်၊ ဤဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အကြီးအကျယ်စိတ်ပျက်မိကြောင်းနှင့် အိန္ဒိယအနေဖြင့် ဒေသတွင်းလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ ပိုမိုတိုးပွားလာလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သမတဘုရှ်အား ပြောကြားခဲ့သည်။ ပါကစ္စတန်သို့ အက်ဖ်–၁၆ ရောင်းချမှုသည် ဒေသတွင်း စစ်အင်အား ချိန်ခွင်လျှာတခုလုံးကို ပြောင်းလဲလိမ့်မည် မဟုတ်ကြောင်း၊ သမတ မူရှာရတ်ဖ်အနေဖြင့် အကြမ်းဖက်ဆန့်ကျင်ရေးစစ်ပွဲကို ဆောင်ရွက်နေခြင်းကြောင့် ပါကစ္စတန်၏ လုံခြုံရေးအတွက် သေရေးရှင်ရေးတမျှ အရေးပါကြောင်း ဘုရှ်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၏ မကြာသေးမီက သွားရောက်ခဲ့သည့် ဒေသတွင်းခရီးစဉ်၌ အိန္ဒိယအရာရှိများနှင့် ဤကိစ္စအား ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်မှ အက်ဖ်–၁၆ ဂျက် တိုက်လေယာဉ်များ ရရှိမည်ဆိုခြင်းကို ပါကစ္စတန်ပြန်ကြားရေးဝန်ကြီး ရှိတ်အာမက်ရာရှစ်က ဘီဘီစီ အူရဒူ သတင်းဌာနသို့ အတည်ပြုပြောကြားခဲ့သည်။ အိန္ဒိယအစိုးရအနေဖြင့် ဤ လက်နက်ရောင်းချမှုသည် ရေရှည်ဖြစ်ပွားနေသည့်ပြိုင်ဖက်များအကြား စစ်ရေးချိန်ခွင်လျှာအား အနှောက်အယှက်ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြောင်းနှင့်လက်ရှိငြိမ်းချမ်းရေးဆွေးနွေးမှုများကို ထိခိုက်မှာကို စိုးရိမ်ကြောင်း သတင်းထောက်များက ပြောကြားသည်။

၁၉၈၀ စုနှစ်နှောင်းပိုင်းက အက်ဖ်–၁၆ ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် ပါကစ္စတန်က လက်မှတ်ထိုးထားခဲ့သော်လည်း ၁၉၉၀ စုနှစ်များက ပါကစ္စတန်၏ နျူးကလီးယားလုပ်ငန်းများနှင့် ပတ်သက်၍ အမေရိကန်က ပိတ်ဆို့အရေးယူထားခြင်းကြောင့် ပေးပို့ခဲ့ခြင်းမရှိခဲ့ချေ။ ယမန်နှစ်ကလည်း (၁.၃ဘီလျံ)တန်ဖိုးရှိသည့် လက်နက်များ ရောင်းချရန် အမေရိကန်နှင့် ပါကစ္စတန်တို့ လက်မှတ်ရေးထိုးခဲ့သည်။

အက်စ်–၁၆ လေယာဉ်ကို လော့ဟိဒ်မာတင်ကုမ္ပဏီက တည်ဆောက်ခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် စွမ်းအားအထက်မြက်ဆုံးတိုက်ခိုက်ရေး လေယာဉ်ဖြစ်သည်။ တကမ္ဘာလုံးရှိ လေတပ်ဖွဲ့များတွင် အစင်းရေ (၄,၅၀၀) ခန့် အသုံးပြုနေသည်။

# တောင်ပိုင်းဆူဒန်သို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ စေလွှတ်ရန် အတည်ပြု

**မတ်၊ (၂၅)ရက်။ [ဘီဘီစီ]**

တောင်ပိုင်းဆူဒန်သို့ ငြိမ်းချမ်းရေး ထိန်းသိမ်းသည့်တပ်ဖွဲ့ (၁၀,၀၀၀)ကျော် စေလွှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တခဲနက် အတည်ပြုလိုက်သည်။ လူနှစ်သန်းခန့်သေဆုံးခဲ့သည့် ခါတွမ်နှင့် တောင်ပိုင်းသူပုန်များအကြား ဖြစ်ပွားသည့် (၂၁)နှစ်ကြာ ပြည်တွင်းစစ်အား အဆုံးသတ်စေခဲ့သည့် ဇန်နဝါရီလငြိမ်းချမ်းမှုလုပ်ငန်းစဉ်အား စစ်သားများက ကြီးကြပ်မည်ဖြစ်သည်။ လူထောင်ပေါင်းများစွာသေဆုံးခဲ့သည့် ဒါဖာဒေသ အတွင်းဖြစ်ပွားနေသည့် သီးခြားပဋိပက္ခမှာလုံခြုံရေးကောင်စီအနေဖြင့် မဖြေရှင်းနိုင်သေးပဲ သောင်မတင်ရေမကျ ဖြစ်နေဆဲပင်ရှိသည်။ ဒါဖာဒေသရှိ အာရပ်မဟုတ်သော လူထောင်ပေါင်းများစွာတို့အပေါ် သတ်ထွက်ပြေးခဲ့ကြရသည်။ ဒါဖာဒေသတွင် လွန်ခဲ့သည့်တနှစ်က အပစ်ရပ်စဲရေး လက်မှတ်ထိုးထားခဲ့သော်လည်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဤဒေသသည် ပြင်သစ်ပြည်လောက်ကျယ်ဝန်းသည့်အတွက် အာဖရိကငြိမ်းချမ်းရေးစောင့်ကြပ်ကြည့်ရှုသူ (၂,၀၀၀)မှာ လုံလောက်မည်မဟုတ်ပေ။ ဤတပ်ဖွဲ့များအပေါ် မူဆလင်နိုင်ငံများက လွှမ်းမိုးမည်ကို ခရစ်ယာန်နှင့် နတ်စားများ အများဆုံးပါဝင်သည့် ဆူဒန်လွတ်မြောက်ရေးလှုပ် ရှားမှုအဖွဲ့ (SPLM) အနေဖြင့် ယခင်က စိုးရိမ်ပူပန်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင်များအကြား ဆူဒန်အစိုးရအပေါ် ပိတ်ဆို့အရေးယူရေးနှင့် စစ်ရာဇဝတ်ကောင်များအား မည်သို့အရေးယူရမည်ဆိုခြင်းတို့အပေါ် ကွဲလွဲခဲ့ကြ



ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တနေသော ဆူဒန်ပြည်သူများ

ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်းများနှင့်ပတ် သက်၍ အစိုးရလိုလားသူ ဂျန်ဂျာဝိဒ်ပြည် သူ့စစ်များအား စွပ်စွဲပြောဆိုခဲ့ကြသည်။ ဒါဖာဒေသ၌ လူပေါင်း (၁၈၀,၀၀၀)ခန့်မှာ ရောဂါဘယများနှင့် ငတ်မွတ်ခြင်းကြောင့်သေဆုံးခဲ့ရပြီး လူပေါင်း (၂)သန်းခန့်မှာ အိုးအိမ်များစွန့်ပစ်သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် အများစုက အပြည်ပြည် ဆိုင်ရာတရားရုံး (ICC)၌ စစ်ရာဇဝတ်ကောင်များကို တရားစွဲလိုကြသည်။ ဤကိစ္စတွင် အိုင်စီစီတရားရုံးအား အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သည့် အမေရိကန်အတွက် ဘေးကြပ်နံကြပ်ဖြစ်စေသည်။

# ဥရောပသမဂ္ဂဖွဲ့ စည်းပုံဥပဒေ အကြပ်အတည်း ဆိုက်နေခြင်း




ဥရောပသမဂ္ဂဖွဲ့စည်းပုံအသစ်ရေးဆွဲရေးကို ကန့်ကွက်ဆန္ဒပြနေသူများ

**မတ်လ (၂၈)ရက်။ [တိုင်းမဂ္ဂဇင်း]**

အဆိုတင်သွင်းထားသည့် ဥရောပသမဂ္ဂ (အီးယူ)ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ပတ်သက်၍ အီးယူအဖွဲ့ဝင်နိုင်ငံအားလုံးတွင် ဆန္ဒခံယူပွဲပြုလုပ်မည်ဖြစ်ရာ ပြင်သစ်နိုင်ငံ၌ မေလ (၂၉) ရက်နေ့တွင် ဆန္ဒခံယူပွဲ ပြုလုပ်မည်ဖြစ်၍ ပြင်သစ်နိုင်ငံသားများအနေနှင့် မည်သို့မည်ပုံမဲပေးကြမည်ကို စုံစမ်းမေးမြန်းသည့် ကြိုတင်မဲကောက်ခံမှုတခုကို လွန်ခဲ့သည့် အပတ်ကပြုလုပ်ခဲ့ရာဖွဲ့ စည်းပုံအား မထောက်ခံသည့်ဘက်မှ (၅၁%)နှင့် ထောက်ခံသည့်ဘက်မှ (၄၉%)ရရှိခဲ့သည်။ ဒီဇင်ဘာလက ထောက်ခံသည့်ဘက်မှ (၆၉%)ဖြင့် အမြင့်ဆုံးရှိနေရာမှ လွန်ခဲ့သည့်လနှောင်းပိုင်း၌ (၆၃%)ထိ သိသိသာသာကျဆင်းသွားခဲ့သည်။ အစိုးရ၏ပြုပြင်ပြောင်းလဲမှု၊ အလုပ်လက်မဲ့ဖြစ်မှု မြင့်တက်လာခြင်း၊ သုံးစွဲနိုင်မှု ကျဆင်းလာခြင်းနှင့် ဝန်ဆောင်မှုကဏ္ဍများအား လွတ်လပ်စွာဖွင့်ပေးမည့် အီးယူ၏ ကြိုးပမ်းမှုများအပေါ် မကျေနပ်မှုများ တိုးပွားလာခြင်းများက နောက်ထပ်မကျေနပ်မှုများကို ဖြစ်ပေါ်လာစေနိုင်သည်ဟုမဲကောက်ခံရေးအေဂျင်စီမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် စတေးဖန်းအိုးဇေးက ပြောကြားခဲ့သည်။ “ခေါင်းဆောင်တွေကို အပြစ်ပေးလိုစိတ်တွေ တဖွားဖွားတိုးပွားလာနေတယ်။ အမှားလုပ်တဲ့နေရာမှာတော့ ပါရီကော ဘရပ်ဆဲလ်ကော အကုန်လုံး အတူတူပဲဆိုပြီး အပြစ်တင်ပြောဆိုနေကြတယ်”ဟု အိုးဇေးက ရှင်းလင်းပြောကြားသည်။ ထောက်ခံသည့်ဘက်၌ ပြင်သစ်ပြည်တွင် နိုင်ငံရေးအရ ပင်မရေစီးဖြစ်သည့် လက်ဝဲနှင့် လက်ယာနှစ်ဖက်စလုံးမှ အဓိကအကျော်အမော်များ အားလုံးနီးပါးပါဝင်သည်။ လွန်ခဲ့သည့်လက စပိန်နိုင်ငံ၌ အီးယူဖွဲ့စည်းပုံဥပဒေအား ထောက်ခံအတည်ပြုပြီးနောက် လာမည့် ဇွန်လ၌ ကျင်းပမည့် ဒတ်ချ်ဆန္ဒခံယူပွဲ မတိုင်မီတွင် အစဉ်အလာအားဖြင့် ဥရောပအား ထောက်ခံလိုလားသည့် ပြင်သစ်မဲကို အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်းထားလိုကြသည်။ မဲပေးခွင့်နှင့်နှင့် နိုင်ငံများအကြား လုပ်ထုံးလုပ်နည်းများနှင့် အီးယူသမတနှင့် နိုင်ငံခြားရေးဝန်ကြီးရွေးချယ်ခြင်း စသည်တို့အား အခိုင်အမာရေးဆွဲထားသည့် အီးယူဖွဲ့စည်းပုံအား ပြင်သစ်နိုင်ငံကဲ့သို့ အီးယူအားထူထောင်သည့် အဖွဲ့ဝင်နိုင်ငံတခုတွင် ဆန့်ကျင်ပယ်ချခဲ့လျှင် စာချုပ်စာတမ်းများသည် အသက်မဝင်ပဲ အသေဖြစ်သွားလိမ့်မည် (သို့မဟုတ်) လုပ်ငန်းစဉ်များအား ပင်ပင်ပန်းပန်း ပြန်လည်စေ့စပ်ဆွေးနွေးရန် လိုအပ်လိမ့်မည်ဖြစ်သည်။

❖

# နာဂ အရေးတိုက်ပွဲဝင်သူအုပ်စုများအကြား တိုက်ခိုက်မှုဖြစ်ပွား

**မတ်၊ (၂၄)ရက်။ [ဘီဘီစီ ]**

မတ်လ (၂၄)ရက်နေ့က အိန္ဒိယအရှေ့မြောက်ပိုင်း နာဂမြေ (Naga- land)ပြည်နယ်၊ အလယ်ပိုင်းခရိုင်၌ နာဂမြေ အမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN)၏ မူအီဗား နာဂအုပ်စုဝင် (၅၀)ခန့်က ပြိုင်ဖက် ခက်ပ်လန် နာဂအုပ်စုစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အနည်းဆုံး (၇)ဦးခန့်သေဆုံးခဲ့ကြောင်း အိန္ဒိယရဲများက ပြောဆိုခဲ့သည်။ ဤတိုက်ခိုက်မှုအား တွန်းလှန်နိုင်ခဲ့ကြောင်း ခက်ပ်လန်အုပ်စု ပြောရေးဆိုခွင့်ရှိသူ ကေမူလာတွန်နူက ဘီဘီစီသို့ပြောကြားခဲ့သည်။ ခက်ပ်လန်အုပ်စုနှင့် မူအီဗားအုပ်စု နှစ်ခုစလုံးသည် အိန္ဒိယအစိုးရနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်နေသည်။ နာဂမြေ အမျိုးသားဆိုရှယ်လစ်ကောင်စီ အကွဲအပြဲဖြစ်ခဲ့သည့် (၁၉၈၈)ခုနှစ်မှစ၍ ယနေ့အချိန်ထိ နှစ်ဖက်အုပ်စုဝင် (၄၀၀)ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ နာဂပုန်ကန်မှုသည် အိန္ဒိနိုင်ငံ၌ ပထမဆုံး လူမျိုးစုသူပုန်ထမှုဖြစ်သည်၊ (NSCN)က အိမ်နီးချင်းပြည်နယ်များဖြစ်သည့် မဏိပူ၊ အာသံနှင့် အရှန်နာချာလ်ပရာဒက်ရှ်တွင်နေထိုင်သူများအပါအဝင် ပိုမိုကြီးမားသည့် နာဂနယ်မြေကို ရရှိလိုသည်။ ဤပြည်နယ်များက ထိုအယူအဆကို အပြင်းအထန် ဆန့်ကျင်ကြသည်။ နာဂတော်လှန်ရေးသမားများနှင့် အိန္ဒိယအစိုးရအကြား စေ့စပ်ဆွေးနွေးမှုများတွင် ဤအချက်သည် အဓိကအကျဆုံးအချက်ဖြစ်သည်ဟု သတင်းထောက်များက ပြောဆိုသည်။ တွေ့ဆုံ ဆွေးနွေးမှုများကို နာဂတော်လှန်ရေးသမားများက တွေ့ဆုံဆွေးနွေးသည့်နည်းဖြင့် ပြဿနာများအား ဖြေရှင်းရန်ဆုံးဖြတ်ခဲ့သည့် ၁၉၉၇ ခုနှစ်၌ စတင်ခဲ့သည်။ ❖

# စာပေပိတ်ပင်မှုကြောင့် အမုန်းတရားများကို ဖြစ်ပေါ်စေ
# မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့တွင် နာမည်ကျော်စာရေးဆရာမက ထုတ်ဖော်ပြောကြား



စာရေးဆရာမ ဒေါ်မေငြိမ်း

မြန်မာပြည်တွင်းရှိ စာနယ်ဇင်းများတွင် ပြည်သူတို့၏ လက်ရှိဘဝအခြေအနေကို ဖော်ပြသော စာပေများကို လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်မရသဖြင့် လူထုအကြားတွင် နားလည်မှုနည်းပါးကာ အချင်းချင်းမုန်းတီးစိတ်များ ဖြစ်ပေါ်လာကြသည်ဟု ၁၇ နှစ်မြောက် မြန်မာနိုင်ငံလူ့အခွင့် အရေးနေ့ (ဖုန်းမော်နေ့)အခမ်းအနားတွင် မကြာသေးခင်က ပြည်တွင်းမှထွက်လာခဲ့သည့် နာမည်ကျော် စာရေးဆရာမ မေငြိမ်းက ပြောပြသည်။

စာပေလွတ်လပ်ခွင့် **"မရှိတဲ့ အခါမှာ ဘယ်လိုဖြစ်သလဲဆိုတော့ ဒီလူတွေတော်နေတာကို မြို့လယ်ခေါင်ကလူက မသိဘူး။ မြို့လယ်ခေါင်က လူတွေဖြစ်ချင်တိုင်းဖြစ်နေတာကို ဒီမြို့စွန်က လူတွေက သိတယ်။ သိတဲ့အခါကျတော့** Depression **တွေရတယ်။ အဲဒီအခါမှာ လူအချင်းချင်း မုန်းတဲ့စိတ်တွေက ပေါ်လာတယ်။"**

စာပေလွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးခံနေရပြီး လူထု၏စီးပွားရေး ကြပ်တည်းမှုအခြေအနေများကို ပြည်တွင်းရှိ စာရေးဆရာများ ဖော်ထုတ်ရေးသားခွင့်မရကြဟု ဆရာမမေငြိမ်းက ပြောသည်။ ရန်ကုန်မြို့စွန်ရပ်ကွက်မှ အခြေအနေကိုပြောပြရင်း ထိုအခြေအနေများကို ထုတ်ဖော်ရေးသားခွင့်မရဟု ဆိုသည်။

"ဘယ်လောက်တောင်ဖြစ်နေလဲ ဆိုကျမတို့ ဒဂုံတက္ကသိုလ်နားက ရပ်ကွက် (၇) တို့၊ ရပ်ကွက် (၁၀)တို့မှာဆိုရင် လူတွေဟာ ညစာနဲ့ မနက်စာကို ပေါင်းစားရတယ်။ ထမင်းရည်သောက်ရတယ်။ အဲဒီထမင်းရေသောက်ဖို့တောင် အိမ်ကလူတွေက မရှိတဲ့ အခြေအနေရောက်နေပါတယ်။ ဒါဟာ ပုံပြင်မဟုတ်ပါဘူး။ အဲဒါကို ရေးဖို့အတွက် ကျမတို့မှာ လုံးဝအခွင့်အရေးလည်း မရှိပါဘူး။"

နေ့စဉ်ကြုံတွေ့နေရသည့် အသေးအမွှား အခက်အခဲများကိုပင် ထုတ်ဖော်ရေးသားခွင့်မရကြောင်း ဆရာမမေငြိမ်းက ပြောသည်။

"ကျမတို့က တနေရာရာမှ ဘတ်စ်ကားကြပ်နေတာကစလို့ပေါ့နော် ဘတ်စ်ကားကြပ်တာတောင် ကျမတို့ ရေးခွင့်မရပါဘူး။"

ထိုသို့ ရေးသားခွင့်မရသည့်အတွက် လူတဦးနှင့်တဦး နားလည်မှုများမရရှိပဲ အမုန်းတရားများကို ဖြစ်စေသည်။ ထို့ပြင်သာမက ရေးခွင့်ပြုထားသည်များကိုသာ ရေးကြရသဖြင့် ပေါ်ပင်စာများကြောင့် လူငယ်များ အရည်အသွေးညံ့ဖျင်းလာကြသည်ဟု ဆရာမ မေငြိမ်းက သုံးသပ်ပြောဆိုသည်။

"အခုထွက်နေတဲ့ မဂ္ဂဇင်းတွေ ဝတ္ထုတွေဆိုရင်လည်း အစိုးရက လွှတ်ပေးတဲ့ ပေါ်ပင်တွေကိုပဲ ရေးတာများနေတယ်။"

မဆလလက်ထက် အဓိကရုဏ်း နှိမ်နင်းရေးရဲများ၏ ပစ်ခတ်မှုကြောင့် စက်မှုကျောင်းသား ဖုန်းမော်ကျဆုံးသည့်နေ့ကို မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ကျင်းပကြခြင်း ဖြစ်သည်။

❖



# တောင်ယာ

ငါ့ဘဝတခု တပြင်လုံးကိုတောင်
ရှာဖွေတွေ့ရှိခွင့်မရနိုင်လောက်အောင်
အမြစ်တွယ်ဆုပ်ကိုင်
လွှမ်းမိုးဖိစီးထားတဲ့
သစ်ပင်ကြီးတွေကို
အတုံးအရုံးခုတ်ချလိုက်။

ဒင်း(သင်း)တို့ကို မီးတိုက်လိုက်ကြ
ဟုန်းဟုန်းလိမ့်လိမ့် မီးတိုက်လိုက်ကြ
သူတို့ရဲ့ပင်ကိုယ်ဘဝ
မဲနက်မှုတွေ
ပြီးတော့....ပြာပုံဘဝကျတဲ့အထိ မီးတိုက်လိုက်ကြ။

ပြီးရင် .... ....
ငါဟာ
လူသားအားလုံးအတွက်
စပါးပင်
စိမ်းလဲ့
ဝင်းဝါ
ရင်တခွင်လုံး ရိတ်သိမ်းခွင့်ပေးမယ့်သူပါ ....။ ။

ညိုထက် (လမ်းသစ်ဦး)

### စာမျက်နှာ (၅) ဇွန်မှိုင်းမှ ...

ကြည့်ရေး ကိုယ်စားလှယ် မစ္စတာပင်ညဲယိုးကိုယ်တိုင်စားပွဲအောက်မှာ အသံဖမ်းစက်ထည့်ထားပြီး လူ့အခွင့်အရေးချိုးဖောက်ခံလိုက်ရရုံမက ....

နောက်တစ်ခေါက် ထပ်ဝင်ခွင့် ဘယ်လိုမှတောင်းလို့မရတော့ဘူးဆိုတဲ့အခါ ....

ဒါကိုရော ဘယ်လိုစဉ်းစားရမှာလဲ။

နိုင်ငံတကာ စာချုပ်တွေကို လက်မှတ်ထိုး၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်နေပါတယ်လို့ တဖက်က ကြွားလုံးထုတ်နေပြီး အိုင်အယ်လ်အိုအဖွဲ့ကိုတော့ ပြည်တွင်းရေးကို ဝင်စွက်တဲ့အဖွဲ့ကြီးပါလို့ သတင်းစာရှင်းလင်းပွဲလုပ်ပြီး စွပ်စွဲပုတ်ခတ်ပြောဆိုနေတာတွေကို ကျနော် ဘယ်လိုနားလည်ရမှာလဲ။

(၆)

'ကျနော့်အနေနဲ့ ဒါက ဟို (၁၆)နှစ်လောက် ကျနော် လက်ချည်းဖြုတ်ခဲ့ ရတာဆိုတော့လေ .... အဖွဲ့အစည်းအလိုက်၊ တဦးချင်းအလိုက် ကျနော် မီသလောက်တော့ လေ့လာပါတယ်။ အထူးသဖြင့်တော့ လူထုပေါ့ဗျာ၊ သူတို့မှာတော့ လုံခြုံရေးအရ၊ စီးပွားရေးအရ၊ မလုံခြုံမှုတွေ မရေရာမှုတွေ တော်တော်ခံစားနေရတယ်ဗျ၊ သာမန်အခြေခံလူထုချည်းပဲလည်းမကပါဘူး၊ စီးပွားရေးသမားဆိုရင်လည်း စီးပွားရေးသမားအလျောက်ပေါ့ဗျာ၊ မရေရာမှုတွေ တော်တော်ခံစားနေရတယ်ဗျ၊ လုံခြုံမှုလည်းမရှိဘူး၊ ကျနော်ထင်တယ်လေ၊ အာဏာပိုင်တွေထဲမှာတောင်မှ လုံခြုံမှု၊ စိတ်ချရမှုဆိုတာဟာ သေချာရဲ့လားလို့ ကျနော်တွေးမိတဲ့အခါမျိုးတွေ ရှိတယ်။'

ကိုမင်းကိုနိုင် လေ့လာသုံးသပ်မိတာတွေဟာ အမေလူထုဒေါ်အမာ ထောက်ပြခဲ့တဲ့ 'ဒီခေတ် ဒီအခါလောက် ဆင်းရဲဒုက္ခရောက်ကြရတာ အမေ တခါမှမကြုံဖူးဘူး' ဆိုတဲ့စကားနဲ့ တထပ်တည်းပါပဲ။

(၇)

ကိုမင်းကိုနိုင်ရေ ....

အဲန်အယ်လ်ဒီနဲ့ စီအာရ်ပီပီကတော့ တွေ့ဆုံဆွေးနွေးရေးကို သင်ပုန်းချေရေးကနေ စတင်ကြရအောင်ပါလို့ ၂၀၀၄ ဒီဇင်ဘာထဲက တင်ပြထားပါပြီ။

အဲဒါကို တုံ့ပြန်ပုံကျတော့ ....

ဦးအေးသာအောင်နဲ့ စီအာရ်ပီပီ ကို ခြိမ်းခြောက်ပြတာ ....

ဦးခွန်ထွန်းဦးနဲ့ ဦးစိုင်းညွန့်လွင်တို့အပါအဝင် SNLD ခေါင်းဆောင် တွေကို ဖမ်းဆီးလိုက်တာ။

အပစ်အခတ်ရပ်စဲပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို စိတ်အားထက်သန်စွာလုပ်ဆောင်နေတဲ့ ဗိုလ်ချုပ်ဆေထင်အပါအဝင် ရှမ်းတော်လှန်ရေး ခေါင်းဆောင်တွေကို ဖမ်းဆီးထားတာ စတဲ့ အနှုတ်လက္ခဏာတွေသာဖြစ်နေပါပေါ့လား။

ဘာပဲပြောပြောပေါ့လေ ....

၂၀၀၅ မတ်လ (၁၂)ရက်နေ့ညက ကိုမင်းကိုနိုင်ပြောတာကို ကျနော် သဘောတူပါတယ်။

'မပြေမလည်ဖြစ်နေကြတဲ့ အနေအထားမှာ တွေ့ကြမယ်။ ဆုံကြမယ်။ စားပွဲဝိုင်းထိုင်ပြီးပြောကြမယ်ဆိုတဲ့ ကိစ္စမျိုးဟာ ဘာနဲ့တူသလဲဆိုတော့ အတ္တဆိုတဲ့လျှာပေါ်မှာတော့ အနံ့ဆိုးကြီးနဲ့ ခါးသက်သက်ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။ မာနဆိုတဲ့ လည်ချောင်းတွေထဲမှာ တစ်ဆို့ဆို့ကြီးနဲ့ အဝင်ဆိုးနေတတ်ပါတယ်။ ဒါပေမယ့် အများအကျိုးအတွက် ကောင်းမွန်သွားစေမယ့် အစွမ်းထက်တဲ့ ဆေးခါးကြီးပါ။ တိုင်းပြည်တပြည်ရဲ့ ဝေဒနာ ပျောက်ဖို့အတွက် အတ္တ၊ မာနဆိုတဲ့ လျှာနဲ့ လည်ချောင်းကိုတော့ အလိုမလိုက်ကြဖို့ လိုပါတယ်လို့ ကျနော်ပြောချင်ပါတယ်။'

ဒီဆေးခါးကြီးကို ကျနော်တို့ဖက်က တော့သောက်ဖို့ အဆင်သင့်ဖြစ်နေခဲ့ပါပြီ။

သူတို့ (စစ်အုပ်စု)က အဆင်သင့်ဖြစ်လာဖို့ကတော့ ကိုမိုးသီးဇွန်တို့ ကိုအောင်ဒင်တို့ ကိုမင်းဇေယျာတို့ ကိုဌေးကြွယ်တို့ ပြောသလို၊ ဆရာတာရာတို့ အမေမာတို့ ထောက်ပြသလို ကျနော်တို့ ဆက်ပြီးကြိုးစားကြတာပေါ့ဗျာ။

ကိုမင်းကိုနိုင်ပြောသလို ကျနော်တို့ ရွေးထားတဲ့လမ်းကြောင်းကို မျက်ခြေပြတ်မခံပဲ ပန်းတိုင်အရောက် ချီတက်နိုင်ဖို့ဆိုရင် ၁၉၈၈ တိုက်ပွဲဝင် ကျောင်းသူတစ်ဦးထောက်ပြသလို ....

'နောက်ဆုံးမှာတော့ ဥစ္စာရင်လို ဥစ္စာရင်ခဲ့ပေါ့၊ ကိုယ်ဖာသာပဲ ကြိုးစားကြရမှာပါ' ဆိုတာကို ကျနော်တော့ တော်တော်သဘောတူတယ်ဗျာ။ ။

'မင်းကိုနိုင် ပြောတဲ့စကားများ'ကို ပြုစုထုတ်ဝေတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)သို့ အထူးကျေး ဇူးတင်စွာဖြင့် ....

ဇွန်မှိုင်း
(၂၃၊ ၃၊ ၂၀၀၅)

# ကချင်လက်နက်ကိုင်အဖွဲ့သစ် (ကေအက်စ်စီ) ကချင်လူထုနှင့် မိတ်ဆက်

ဗိုလ်မှူးကြီး လဆန်အောင်ဝါ ဦးဆောင်သည့် (ကေအိုင်အေခွဲထွက်)အဖွဲ့နှင့် ကချင်ပြည်ဒီမိုကရေစီသစ် တပ်မတော် (အန်ဒီအေကေ)တို့ ပူးပေါင်းဖွဲ့စည်းခဲ့သော ကချင်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကောင်စီ (Kachin Solidarity Council)သည် မြစ်ကြီးနားမြို့ရှိ ဝိုင်အမ်စီအေခန်းမတွင် မတ်လ (၁၉)ရက်နေ့ လူထုရှင်းလင်းပွဲတရပ် ကျင်းပခဲ့သည်ဟု သိရှိရသည်။

အစည်းအဝေးကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခဲ့ခြင်းပြီး ကချင်ပြည်နယ်၌ ကချင်လက်နက်ကိုင်အဖွဲ့ခွဲများတည်ရှိခွင့်ကို နအဖက မူအားဖြင့် လိုလားအသိအမှတ်ပြုထားသည်ဟု သိရှိရသည်။

ကချင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် (အန်ဒီအေကေ) ဥက္ကဋ္ဌ ဆခုံတင့်ရင်းက ယာယီတာဝန်ယူထားပြီး အနာဂတ်တွင် ကချင်လူထုက တင်မြှောက်သည့် ခေါင်းဆောင်များနှင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကချင်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကောင်စီကို မြန်မာ စစ်အစိုးရဘက်မှ တရားဝင်အသိအမှတ်ပြုလာရန် ကြိုးစားနေကြောင်း အစည်းအဝေးတွင် ဦးဆောင်ဆွေးနွေးသူ ဗိုလ်မှူးဒွဲလာက ဆိုသည်။

ကချင်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကောင်စီကို ယခုနှစ် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ကချင်ပြည် ဒီမိုကရေစီသစ် တပ်မတော် (အန်ဒီအေကေ)အခြေစိုက်ရာ ပန်ဝါတွင် ဖွဲ့စည်းခဲ့သည်။

ကချင်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကောင်စီတွင် ပါဝင်သည့် ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော်သည် ၁၉၈၉ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ကာ မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သောအဖွဲ့ဖြစ်ပြီး ကေအိုင်အို (ခွဲထွက်)အဖွဲ့မှာ ယမန်နှစ် ဇန်နဝါရီလက ကေအိုင်အိုအဖွဲ့အတွင်း အာဏာသိမ်းရန် ကြံစည်သည်ဟု စွပ်စွဲခံခဲ့ရသူ ဗိုလ်မှူးကြီး လဆန်အောင်ဝါ ဦးဆောင်နေသောအဖွဲ့ဖြစ်သည်။

အခြား အပစ်အခတ်ရပ်စဲထားသည့် ကချင်လက်နက်ကိုင်အဖွဲ့တခုဖြစ်သော ဦးမထုနော်၏ ကချင်ကာကွယ်ရေးတပ်မတော် (ကေဒီအေ)က ကချင်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကောင်စီကို မူအရ ထောက်ခံထားသော်လည်း ကချင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကောင်စီ လူထုရှင်းလင်းပွဲကျင်းပချိန်ထိ တရားဝင်ပါဝင်ခြင်း မရှိသေးပေ။

❖

# ဘယ်သူ အမြင်ကျယ်သလဲ

ဗညြ

နိုင်ငံရေးလုပ်သူတွေမှာ အခွင့်အခါကောင်းကို အသုံးချတတ်တယ်ဆိုတာ နိုင်ငံရေးအရ ပါးနပ်မှု ရင့်ကျက်မှုကို ဖော်ပြချက်တမျိုးဖြစ်တယ်။ ဗိုလ်နေဝင်းတယောက် အဲဒီလိုအသုံးချနိုင်တဲ့အခါ အခက်အခဲတွေက ရုန်းထွက်နိုင်ပြီး အဲဒီလိုအခွင့်ကောင်းတွေကို လက်လွှတ်လို့ ဒုက္ခရောက်ခဲ့တဲ့ သာဓကတွေအများကြီး။ ဒါကို နအဖအာဏာရှင်တွေ သဘောပေါက်ကြ၊ သင်ခန်းစာယူနိုင်ကြရဲ့လားမသိ။ အချိန်ဆိုတာ သူတို့ကိုယ်ပိုင်ပစ္စည်းလို့ထင်နေရင်၊ ကမ္ဘာ့အခြေအနေတွေဟာ ဘယ်တော့မှ မပြောင်းလဲနိုင်ဘူးလို့ ထင်နေကြရင်တော့။

ဒင်းတို့တတွေနစ်နာတာ ဘာမှအရေးမကြီး၊ သနားစရာမလို။ ဒါပေမယ့် တိုင်းပြည်နာမယ့်ကိန်း စိုးရိမ်ကြရမယ်။

သူတို့ကတော့ နိုင်ငံတကာအပြောင်းအလဲတွေမှာလည်း မီးစင်ကြည့်ကရင်ရမယ်လို့ထင်နေကြဟန်တူတယ်။ ဟုတ်တယ်၊ နိုင်ငံငယ်တွေက ဖက်ဆစ်တွေဟာ အခြေအနေတွေကိုကြည့်ပြီး သာရာစီးကြတာချည်းပဲ။ ဒုတိယကမ္ဘာစစ်မတိုင်ခင်က ဖက်ဆစ်တွေဖြစ်တဲ့ စပိန်နဲ့ ပေါ်တူဂီဟာကမ္ဘာစစ်ကြီးဖြစ်လာတော့ ဂျာမန်နာဇီတွေကို အသာလေးခွာထွက်တယ်။ နိုင်ငံချင်းကလည်း လှမ်းနေတော့ ပိုလုပ်လို့ကောင်းတာပေ့ါ။ နောက်ကျတော့ အမေရိကန်၊ အင်္ဂလိပ်တို့နောက်က ရပ်တာပဲ။ ဟိုနိုင်ငံတွေကလည်း စစ်ကြီးအတွင်းဆိုတော့ ကိုယ့်ဖက်ကပါရင် ဘယ်သူဖြစ်ဖြစ်လက်ခံတယ်။ ဂျာမဏီအတွက် မဟာမိတ်လျှော့ရင် ကောင်းတာပဲမဟုတ်လား။ အလားတူပဲ၊ ဒီဘက်ပိုင်းမှာပေါ်တဲ့ အမေရိကတိုက်က ပီနိုရှေးနဲ့ ဘာတစ်စကျူတာတို့ကအစ အာဖရိကက မိုဘူတူအလယ်၊ အာရှတိုက်က ဆူဟာတို၊ ဒေါင်ဗန်မင်းအဆုံး အဆိုးဆုံး အာဏာရှင်တွေဟာ အမေရိကန်လိုနိုင်ငံကြီးတွေဆီမှာ အရိပ်ခိုကြတာချည်းပဲ။ အမေရိကန်ကလည်း ကွန်မြူနစ်နဲ့ လက်ဝဲကို ဆန့်ကျင်တယ်ဆိုရင် လူဘယ်လောက်ပဲ သတ်ထား၊ သတ်ထား၊ ရေဖျန်းမင်္ဂလာ၊ နှစ်ခြင်းမင်္ဂလာပြုပေးတယ်။

ဒါပေမယ့်အခု ဒီလိုမရတော့ဘူး။ အခြေအနေက ပြောင်းသွားပြီ။ ဒါကိုစစ်အုပ်စုသိပါလေစ။

ဒီနေ့အခါမှာ ကွန်မြူနစ်နဲ့ လက်ဝဲကို ပြတ်ပြတ်သားသားနှိမ်ပြရုံနဲ့တော့ ဝါရှင်တန်က အိုကေလို့မပြောတော့ဘူး။ နအဖအနေနဲ့ ကမ္ဘာ့အခင်းအကျင်းသစ်တခုအတွက် အင်အားကြီးတွေ အလုပ်များနေခိုက် ကမ္ဘာကြီးရဲ့ဒီထောင့်လေးမှာ ကိုယ်ထင်တိုင်းကြဲလို့ရမယ်ထင်ရင် မှားမှာပဲ။ စစ်တပ်ကို ဗဟိုပြုထားတဲ့ အစိုးရတရပ်အနေနဲ့ စစ်ဦးဘီလူးဆိုတဲ့စကားကို နားလည်မယ်လို့ယုံတယ်။ ကိုယ့်ဩဇာလွှမ်းမိုးရာနယ်မြေ အပြတ်လုနေကြတဲ့အချိန်မှာ ကိုယ့်ကိုသူများက သတိမထားမိဘူးထင်ရင် မှားမယ်။ အခြေအနေက တောင်းဆိုလာရင် အင်အားကြီးတွေဟာ“နင်မဟုတ် နင့်အဖေဖြစ်ရမယ်”ဆိုပြီး နင်းဝင်မှာ။ အခုအချိန်ဟာ အင်အားကြီးတွေက ဩဇာခံနယ်မြေလုပွဲတမျိုးကို ညင်သာတဲ့နည်းနဲ့ ဆင်နွှဲနေကြတာ။ မညင်သာနိုင်တဲ့ကာလမှာ ဘယ်လိုဖြစ်ဦးမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ဒါကို နအဖဟာ မျက်စိကန်းတစ္ဆေ မကြောက်လုပ်နေတယ်။ သူ့နောက်မှာ ဟိုလူရှိသလိုလို၊ ဒီလူရှိသလိုလို အချိုးမျိုး ချိုးနေတယ်။ ဒီလိုနဲ့ သူများကို၊ နောက်ပြီး ကိုယ့်ကိုယ်ကို လိမ်ညာနှစ်သိမ့်နေတယ်။ တကယ်က နအဖမှာ အောက်သွားမရှိတာ ကြာပြီ။

အမှန်ပြောရရင် နအဖနောက်မှာ ဘယ်သူမှမရှိဘူး။ ဒီနေ့ကမ္ဘာ့အနေအထားမှာ ငါ့နောက်မှာ ဘယ်သူရှိတယ်လို့ ပြောနိုင်တဲ့ နိုင်ငံအင်မတန်မှုကို နည်းတယ်။ အစ္စရေးလ်လောက်ပဲရှိမယ်ထင်တယ်။ ဒါထက်ပိုဆိုးတာက ဟန်ကိုယ့်ဖို့လုပ်ပြီး ကိုယ်က ဘယ်သူ့လူဆိုတာမျိုး လက်မထောင်ရင် ကိုယ့်ဒုက္ခကိုယ်ရှာသလိုတောင် ဖြစ်သွားမယ်။ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေဖြစ်သွားမယ်။

အင်အားကြီးတွေဟာ အခုအခါမှာ သူတို့ချင်းထိပ်တိုက်မတွေ့အောင် ရှောင်နေကြ သေးတယ်။ ဒီလိုအခါမှာ အင်အားကြီးတခုကရမ်းရင် ကျန်အင်အားကြီးတွေက ဘာမှမလုပ်ဘူး။ အလွန်ရှိလှ ပါးစပ်ပြောပဲ။ ယူဂိုစလပ်ကို အမေရိကန်နဲ့ နေတိုးက ဝင်ရမ်းတဲ့အခါ၊ အီရတ်ကို အမေရိကန်နဲ့ အင်္ဂလိပ်ကဝင်သိမ်းပိုက်ဖျက်ဆီးတဲ့အခါ ဘယ်သူကများ ဆန့်ကျင်ကန့်ကွက်ပြီး တင်းတင်းမာမာ ပြောခဲ့လို့လဲ။ ဒါပေမယ့် ဒါဟာ ယာယီအချင်းအရာသာဖြစ်တယ်။ နောင်မကြာခင်မှာ သူတို့ချင်း ပြတ်ပြတ်သားသား ရင်ဆိုင်တာတွေဖြစ်လာတော့မယ်။ ဒါလည်း ကောင်းတာမဟုတ်ဘူး။

နအဖအနေနဲ့ သူတို့မှာ တခုခုဖြစ်လာရင် အိမ်နီးနားချင်းတွေဆီက အကူအညီရကောင်းရဲ့လို့ တွက်ထားကြလေသလားလည်းမသိဘူး။ တကယ်က ဗမာပြည်ထဲမှာ တခုခုသာဖြစ်လာရင် အိမ်နီးနားချင်းတွေအနေနဲ့ ပထမဆုံးလုပ်ကြမှာဟာ ကိုယ့်ခြံစည်းရိုးလေး ကိုယ်လုံအောင်ကာကြမှာသာဖြစ်တယ်။ ဗမာ ပြည်စစ်အစိုးရအတွက် ကိုယ့်အသားအပွန်း ခံထိုက်တယ်လို့ ဘယ်သူကမှ မယူဆဘူး၊ စိတ်ချ။ ဗမာပြည်ပတ်ဝန်းကျင်က နိုင်ငံတိုင်းမှာ စစ်ကြောင့်ဒုက္ခကြုံဖူးကြသူချည်းပဲ။ အိန္ဒိယတောင်မှ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တွေ ဗမာပြည်ကိုသိမ်းတော့ သူတို့နိုင်ငံသားတွေ လီဒိုလမ်းကနေ သေပြေးရှင်ပြေး ပြန်ပြေးရတာကို မေ့မှာမဟုတ်ဘူး။

ဒီလိုအခြေအနေတွေအောက်မှာ စစ်အစိုးရဟာ အန္တရာယ်ကို ဖိတ်ခေါ်တာမျိုးချည်းလုပ်နေတယ်။ အခုလိုအချိန်ဟာ လာသမျှကို ရင်ဆိုင်နိုင်အောင် ပြင်ဆင်ရမယ့်အချိန်ဖြစ်တယ်။ ဦးစွာတိုင်းပြည်ကို တည်ငြိမ်အောင်၊ စည်းလုံးအောင်၊ ငြိမ်းချမ်းအောင်၊ စီးပွားရေး ဖွံ့ဖြိုးအောင်လုပ်ရမယ်။ ကိုယ့်အင်အားဟာ ကိုယ့်ပြည်တွင်းမှာပဲရှိတယ်ဆိုတဲ့တရားကို နှလုံးမူနိုင်ဖို့ လိုတယ်။ အရေးအကြောင်းမှာ မျောက်သစ်ကိုင်းလွတ်ဖြစ်မယ်။ သူတို့အနေနဲ့ သန်းခေါင့်ထက် ညဥ့်မနက်ဘူးလို့ အောက်မေ့နေသလားမသိဘူး။

မမေ့ကြဖို့က အစိုးရဆိုတာ တက်လာတာ၊ ပြုတ်သွားတာတွေ ရှိတတ်တယ်။ ဒါပေမယ့် နိုင်ငံနဲ့ အမျိုးသားဆိုတာကတော့ တောက်လျှောက်ရှိနေတယ်။ စစ်အစိုးရက သူတို့မိုက်ပြစ်နဲ့သူတို့ ဒုက္ခရောက်သွားမယ်၊ ပျောက်ကွယ်သွားမယ်၊ သူတို့အဖို့ ဒုက္ခ၊ သုက္ခဆိုတာတွေ စဉ်းစားဖို့မလိုတော့ဘူး ဆိုတာမျိုးဖြစ်သွားမယ်။ ဒါပေမယ့် နိုင်ငံနဲ့ အမျိုးသားကတော့ အဲဒီလိုအချိန်မှာ သူတို့ထားခဲ့တာ ဆိုးမွေတွေကို ခံစားနေရမှာဖြစ်တယ်။ ဒါကြောင့် ကိုယ့်နိုင်ငံနဲ့အမျိုးသားကို ချစ်သူတွေဟာ သူတို့လိုအမြင် မဖြစ်ဘူး။

ပြင်ရမယ်။ ကိုယ့်ဖက်ကလည်း ပြင်ရမယ်။ ကိုယ့်အချင်းချင်း ငြင်းခုံနေတာကို အလုပ်ကြီးတခုလိုလုပ်နေရမယ့် ကာလမဟုတ်ဘူးထင်တယ်။ ကိုယ့်အင်အားစုတွေအတွင်း ညီညွတ်ရေးကို ပိုမိုကြံ့ခိုင်အောင် လုပ်ရမယ်။ အချင်းချင်းဆွေးနွေးတာ၊ အမြင်ဖလှယ်တာတွေဟာ လုပ်ငန်းအတွက်ဖြစ်ရမယ်။ ငြင်းဖို့သက်သက် မဖြစ်သင့်ဘူး။ ငြင်းတာနဲ့စ'ပြီး ငြင်းတာနဲ့ပဲဆုံးသွားရင် မဖြစ်ဘူး။ ငြင်းတာကနေ ညီညွတ်တာ၊ နောက်လုပ်ငန်းမှာ ပေါင်းစပ်တာဖြစ်ရမယ်။

အရေးကြီးချိန်မှ သွေးမစည်းကြဘူးဆိုလို့ကတော့။ ။

ဗညြ

> အင်အားကြီးတွေဟာ အခုအခါမှာ
> သူတို့ချင်းထိပ်တိုက်မတွေ့အောင် ရှောင်နေကြသေးတယ်။
> ဒီလိုအခါမှာ အင်အားကြီးတခုကရမ်းရင်
> ကျန်အင်အားကြီးတွေက
> ဘာမှမလုပ်ဘူး။ အလွန်ရှိလှ ပါးစပ်ပြောပဲ။
> ယူဂိုစလပ်ကို အမေရိကန်နဲ့ နေတိုးက ဝင်ရမ်းတဲ့အခါ၊
> အီရပ်ကို အမေရိကန်နဲ့ အင်္ဂလိပ်ကဝင်သိမ်းပိုက်ဖျက်ဆီးတဲ့အခါ
> ဘယ်သူကများ ဆန့်ကျင်ကန့်ကွက်ပြီး တင်းတင်းမာမာ
> ပြောခဲ့လို့လဲ။

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

စာမျက်နှာဖွဲ့စည်းမှု
မောင်မောင်ဦး

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအဲတုမှ
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

## ကျောင်းသားခေါင်းဆောင်များ သုံးသပ်ချက်မှ ....

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်၊ တိုင်းရင်းသားများအပါအဝင်၊ နိုင်ငံရေးအင်အားစုများအပါအဝင် စားပွဲဝိုင်းပေါ်မှာ ညီညီညွတ်ညွတ်နဲ့ နိုင်ငံရဲ့အနာဂတ်ကိုဆုံး ဖြတ်သင့်ကြပါတယ်။

**မင်းဇေယျာ**

မျိုးဆက်သစ် ကျောင်းသားတွေရဲ့ လှုပ်ရှားမှုတွေက ရှစ်လေးလုံးကာလ ကျောင်းသားလှုပ်ရှားမှုနဲ့ မတူတာတွေရှိတာက စိတ်ပိုင်းဆိုင်ရာအရနဲ့ ခံယူချက်ပိုင်းဆိုင်ရာ အရကတော့ အခု ကျနော်တွေ့ရှိခဲ့သမျှ ကျနော်သိမြင်ခဲ့ရသလောက် အတူတူပါပဲ။ အခြေနေပေးရင် ပေးသလို အခွင့်ရေးရရင် ရသလို အမှန်တရားအတွက် ဒီမိုကရေစီရေးအတွက် ရင်ထဲမှာ ကိန်းအောင်းပြီးတော့ လှုပ်ရှားနေဆဲပါ။

လက်ရှိအခြေအနေမှာရှိတဲ့ ကျနော်တို့လို ကျောင်းသားဟောင်းတွေရော၊ လက်ရှိကျောင်းတက်နေတဲ့ မျိုးဆက်သစ်ကျောင်းသားတွေမှာ ....ငါတို့ ကျောင်းသားတွေ ဘာလုပ်ရမလဲ။

မြန်မာနိုင်ငံရဲ့ ရေစုန်မျောနေတဲ့ ဒီမိုကရေစီကူးပြောင်းရေးကာလအပေါ် အားမလိုအာမရဖြစ်မှုတွေပေ့ါဗျာ။ အဲလို အားမလိုအားမရဖြစ်မှုတွေအပေါ်မှာ ငါတို့ကျောင်းသားတွေအနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေပြီးတော့ ဘယ်လိုပါရမလဲ ဘယ်လိုလုပ်ရမလဲ ဆိုတဲ့ အတွေးတွေကတော့ အကုန်လုံးလိုလို ရှိကြပါတယ်။ ကျနော်တို့မှာ အဓိအကျဆုံး အားနည်းချက်တခုရှိတယ်။ အဲဒါကဘာလဲဆိုတော့ ဒီ လက်ရှိစစ်အစိုးရရဲ့ ဒီတပ်မတော်အစိုးရရဲ့ ကန့်သတ်မှုတွေပေ့ါနော်၊ တရားဝင်ကန့်သတ်မှုတွေလည်းရှိတယ်။ တရားမဝင်ကန့်သတ်မှုတွေလည်းရှိတယ်။ အဲလိုမျိုးတွေကြောင့် အဓိကအားနည်းချက် ဘာဖြစ်လို့လဲဆိုတော့ ....

အခြားနိုင်ငံရေးအဖွဲ့အစည်းတွေ၊ အခြားနိုင်ငံရေးပုဂ္ဂိုလ်တွေ၊ အခြားသူတွေနဲ့ ထိတွေ့ဖို့၊ တခါထိတွေ့ပြီးတော့ အခုလက်ရှိနိုင်ငံရေးအခြေအနေပေါ်မှာ သုံးသပ်ဆွေးနွေးတာတွေ အကြံဉာဏ်ယူတာတွေ၊ အဲ့ဒါတွေ လုပ်ဖို့ကိုင်ဖို့အတွက် ကျနော်တို့ အခြေအနေတွေကို တော်တော်ဖန်တီးယူရတယ်။

ကျနော်တို့ လောလောဆယ် ရည်ရွယ်ထားတာက လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် တကယ်တမ်းလိုအပ်တာက အမျိုးသားညီလာခံမဟုတ်ဘူးနော်။ စစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြစ်တယ်။ ဒီစစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကနေပြီးတော့ အမျိုးသားညီလာခံကို တက်လှမ်းရမယ်။ အဲဒီအမျိုးသားညီလာခံကနေပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုရေးဆွဲနိုင်တယ်။ အဲ့လို ကျနော်တို့က ဒီလမ်းကြောင်းကို ကျနော်တို့ မြင်ထားတယ်။ ဒီစစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုတာကလည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်စေမယ့်၊ အစပျိုးကောင်းမယ့် တခုတည်းသောနည်းလမ်းလို့ ကျနော်တို့ အဲသလိုမျိုးမြင်တယ်။

❖

# အဲန်အယ်လ်ဒီအဖွဲ့ချုပ်၏ အောက်ခြေအဆင့်လှုပ်ရှားမှုများ

## နအဖ ဖိနှိပ်ချုပ်ချယ်မှုကြားမှ လုပ်ဆောင်လျက်ရှိ




မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်များအား(၅၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် တွေ့ရစဉ်

သက္ကရာဇ် ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် ဒီပဲရင်းအရေး အခင်းနောက်ပိုင်းမှစ၍ တပြည်လုံးအတိုင်း အတာဖြင့် ရုံးများပိတ်ခံထားရသော်လည်း အဲန်အယ်လ်ဒီမြို့နယ်၊ ခရိုင်နှင့်တိုင်းအဆင့် ဆင့်တွင် တာဝန်ယူလျက်ရှိကြသည့် အဖွဲ့ချုပ် ဝင်များမှ အဖွဲ့ချုပ်ဆက်လက်ရှင်သန်ရပ် တည်နေနိုင်ရေးအတွက် အခက်အခဲများစွာ ကြားမှ နည်းပေါင်းစုံဖြင့် ကြိုးပမ်းလျက်ရှိ ကြောင်း ပြည်တွင်းသတင်းများအရသိရ သည်။

မတ်လ (၂၅)ရက်နေ့တွင် မကွေးတိုင်း အနောက်ခြမ်းအဖွဲ့ချုပ်ဝင်များ၏ ပုံမှန် တွေ့ဆုံဆွေးနွေးပွဲကို မင်းဘူးမြို့နယ်၌ကျင်း ပခဲ့ရာ မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ စလင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်မှ လွှတ်တော်ကိုယ်စား လှယ်များ၊ ပါတီတာဝန်ရှိသူများ အစုံအညီ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

၎င်းအစည်းအဝေးမှ အဲန်အယ်လ်ဒီဗဟို ရဲ့ဦးဆောင်မှုကို ထောက်ခံကြောင်း၊ တွေ့ဆုံ ဆွေးနွေးရေးနှင့် သင်ပုန်းခြေရေးမှုနှင့် စီ အာရ်ပီပီရဲ့ (၅၈)နှစ်မြောက် ပြည်ထောင်စု နေ့ကြေညာစာတမ်းတို့ကိုပါ ထောက်ခံ ကြောင်းနှင့် မြို့နယ်အဖွဲ့ဝင်များ ပုံမှန်တွေ့ဆုံ ဆွေးနွေးသွားရန်ဟူသော ဆုံးဖြတ်ချက်များ ကို ချမှတ်ခဲ့သည်ဟုဆိုသည်။

၎င်းဆိုပါအစည်းအဝေးကို လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာ အောင်ပန်းညို၊ ဆရာ ဦးကျော်ရှင်း၊ ဦးတာ နှင့် ဦးကံဦးတို့ တက်ရောက်နိုင်သော်လည်း မင်းဘူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ် သူ ဦးစိုးမြင့်မှာမူ ၁၉၉၈ ခုနှစ်ကထဲက နှစ် ရှည် ထောင်ဒဏ်ကျခံနေရသည့်အတွက် မ တက်ရောက်နိုင်ကြောင်း မင်းဘူးမြို့နယ် ဒု ဥက္ကဋ္ဌ ဦးသောင်းစိုးက ထုတ်ဖော်ပြောကြား ခဲ့သည်။

မတ်လ (၁၁)ရက်နေ့ကလည်း မိုးကုတ် မြို့နယ် အဖွဲ့ချုပ်ဝင်များ အစည်းအဝေးကို မြို့နယ်စည်းအဖွဲ့ဝင် ဦးလှဦး၏နေအိမ်၌ ကျင်း ပခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး တို့ ခြွင်းချက်မရှိလွှတ်မြောက်ရေး၊ နိုင်ငံရေး အကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေး၊ ဗဟိုအား လိုက်နာလုပ်ဆောင်ရေး စသောအ ချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့သည်ဟု သိရှိရသည်။

အလားတူပင် မတ်လ (၃)ရက်နေ့၌၊ မန္တလေးတိုင်း ရမည်းသင်းခရိုင် အဖွဲ့ချုပ်ဝင် များနှင့် အဖွဲ့ချုပ် တိုင်းစည်းကော်မတီ ဆွေး နွေးပွဲကို ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးမောင်မောင်မြင့် နေ အိမ်၌ကျင်းပခဲ့ကြောင်း မန္တလေးတိုင်းစည်း အဖွဲ့ဝင် ဒေါ်ဝင်းမြမြက ပြောကြားခဲ့သည်။

ထိုအစည်းအဝေးတွင် ပျော်ဘွယ်၊ ရမည်း သင်း၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေး မြို့နယ်တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအဖွဲ့ချုပ်ခေါင်းဆောင်များ တက်ရောက် ခဲ့ကြ သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး၊ ချိပ်ပိတ်ထားသည့် ရုံးများ ပြန်ဖွင့်ခွင့်ရရေးအပါအဝင် အဖွဲ့ချုပ်လုပ်ငန်း များကို အစွမ်းကုန် ဆက်လက်ကြိုးပမ်းသွား ရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရှိရသည်။

❖

# ရှမ်းတိုင်းရင်းသားခေါင်းဆောင် (၁၀)ဦးအား အင်းစိန်အကျဉ်းထောင်တွင်



ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်ဦး၊ ရှမ်းပြည် ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင် နှင့်အခြားရှမ်းခေါင်းဆောင် (၈)ဦးတို့အား ဖေဖော်ဝါရီလ (၉)ရက်နေ့က ဖမ်းဆီးခဲ့ရာ ယခုအချိန်တွင် အင်းစိန်အကျဉ်းထောင် တရားရုံး၌ ပုဒ်မ ၁၂၂ နိုင်ငံတော်ပုန်ကန်မှု နှင့် မတရားသင်းနှင့်ဆက်သွယ်မှု ပုဒ်မ ၁၇ (၁)တို့ဖြင့် တရားရုံးတွင် ရုံးတင်စစ်ဆေး လျက်ရှိသည်ဟု သိရသည်။ ယင်းသို့ ရုံးတင် ရာတွင် မိသားစုမှ ငှားရမ်းပေးသူ ရှေ့နေ များမှ အမှုလိုက်ခွင့်မရပဲ၊ မထင်မရှားရှေ့နေ (၂)ဦးဖြစ်သည့် ဦးအောင်ခိုင်နှင့် ဦးအောင် မြင့်တို့ကို အစိုးရကငှားရမ်းပေးခဲ့သည်ဟု သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးခွန် ထွန်းဦးမိသားစုမှ ပါဝါလွှဲအပ်ခံထားရသူ အဲန် အယ်လ်ဒီ ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့ ဝင် ဦးအောင်သိန်းက အစိုးရရှေ့နေငှားပေး ရတယ်ဆိုတာ တရားခံဘက်က မငှားနိုင်မှ သာလျှင် လုပ်ရတဲ့ကိစ္စဖြစ်ကြောင်း ဥပဒေ က အမှုတိုင်းကို အစိုးရရှေ့နေငှားပေးရ တယ်ဆိုတဲ့ ထုံးစံမရှိကြောင်း၊ တရားခံဘက် က စိတ်ကြိုက်ငှားပြီးတော့ ခုံခံချေပခွင့်ရှိ ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၁၃၀)မှာ ဖော်ပြထားချက်အရဆိုရင် တရားခံဟာ မိမိနှစ်သက်ရာရှေ့နေကို ငှား ခွင့်ရှိကြောင်း၊ ဘယ်လိုပုဒ်မ ဘယ်လိုအဆင့် အတန်းမျိုးမှ ခွဲခြားထားမှုမရှိကြောင်း ရှင်း လင်းပြောကြားသွားသည်။

နအဖ စစ်အုပ်စု ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကမူ အဖမ်းအဆီးခံရသူ ရှမ်းခေါင်းဆောင်များ၏ ဆောင်ရွက်ချက် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူပူမှုဖြစ်အောင် လှုံ့ဆော် ရာရောက်သည့်အပြင် အင်မတန်အန္တရာယ် ကြီးမားပြီး တိုင်းရင်းသားစည်းလုံး ညီညွတ် မှုပျက်ပြားရေး၊ ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်စေသည့် လုပ်ရပ်များဖြစ်သည်ဟု စွပ်စွဲလိုက်သည်။ ထို့အပြင် ရှမ်းခေါင်း ဆောင်များသည် နိုင်ငံရေးလှုပ်ရှားမှုအတွက် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)အပါ အဝင် တရားမဝင်အဖွဲ့အစည်းများနှင့် ဆက် သွယ်မှုရှိသည်ဟု စစ်အစိုးရက ပြောဆိုလျက် ရှိသည်။

ရုံးထုတ်သည့်နေ့တွင် ဦးခွန်ထွန်ဦး၏ မန်နေဂျာ ဦးရွှေကြူးနှင့် ဦးခွန်ထွန်ဦး၏ သားနှင့် စိုင်းညွန့်လွင်ဇနီး ဒေါ်အုန်းတင်တို့ က အင်းစိန်ထောင်ဘူးဝသို့ သွားရောက်ခဲ့ သော်လည်း တွေ့ဆုံခွင့်မရဟုသိရသည်။

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဒေါက်က လပ်အလက်ဇန္ဒားက ဖမ်းဆီးထိန်းသိမ်းထား သော ရှမ်းခေါင်းဆောင်များကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်နှင့် အမျိုးသားညီလာခံတွင် တိုင်းရင်းသားအဖွဲ့ဝင်များ၏ အဆိုပြုချက် များကို အလေးထားရန် ကြေညာချက်တရပ် ထုတ်ပြန်၍ နအဖအား မတ်လ (၁၈)ရက် နေ့က တောင်းဆိုလိုက်ကြောင်းသိရှိရသည်။

ထိုကြေညာချက်ကို ထပ်မံဖော်ပြ ထားရာတွင် ရှမ်းခေါင်းဆောင်များအပေါ် တရားစွဲဆိုမှုသည် တရားမျှတမှုမရှိကြောင်း၊ အမျိုးသားညီလာခံကို နိုင်ငံရေးသမားများ ပါဝင်တက်ရောက်မှုမရှိအောင် တားဆီးခဲ့တဲ့ ရည်ရွယ်ချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းအပြင် လက်ရှိမြန်မာအစိုးရက ပြုလုပ် နေသော အမျိုးသားညီလာခံသည် အမျိုး သားပြန်လည်သင့်မြတ်ရေးကို အထောက် အကူပြုမည် မဟုတ်သကဲ့သို့ တိုင်းရင်းသားလူ နည်းစုများ၏ပြဿနာများကို ဖြေရှင်းပေး နိုင်မည်မဟုတ်ဟု ထောက်ပြဝေဖန်ထားသည်။

## ရွှေ့ဖုံး ဖက်ဆစ်တော်လှန်ရေးသတင်းမှ

တခါတည်း ဗိုလ်ချုပ်အောင်ဆန်းကို မပါဘဲ၊ တကယ့် ဂျပန်တော်လှန်ခဲ့တဲ့၊ အဆီအနှစ်ကို တခါတည်း ခန်းခြောက်သွားတာပဲ''ဟု ဗွီအို အေသတင်းဌာနနှင့် ဆက်သွယ်မေးမြန်းခန်း တွင် ပြောဆိုသွားခဲ့သည်။

အခမ်းအနားကိုတက်ရောက်ခဲ့သူ ဗကသ ဒုဥက္ကဋ္ဌ ကိုကိုကြီးက''သမိုင်းဆိုင်ရာ အဖြစ် အပျက်တွေကို ကျနော်တို့က အမှတ်တရတွေ အဖြစ်နဲ့ နောင်လာနောင်သားတွေကို ကျနော် တို့က လက်ဆင့်ကမ်းတယ်ဆိုတာ ကျနော် အမြင်ပြောရရင်၊ အမည်နာမတွေကို လက် ဆင့်ကမ်းတာထက် တော်လှန်ရေးကို ပြည်သူ ပြည်သားတွေရော တပ်မတော်အပါအဝင် နိုင်ငံရေးအဖွဲ့အစည်းတွေ အားလုံးစုစုစည်း စည်းနဲ့၊ ဒါတော်လှန်ရေးဆိုတဲ့ အနှစ်သာရ၊ ဒါကို လက်ဆင့်ကမ်းတာက တပ်မတော်ဘက် ကပဲ လက်ဆင့်ကမ်းကမ်း၊ ကျနော်တို့ နိုင်ငံ ရေးအဖွဲ့အစည်းဘက်ကပဲ လက်ဆင့်ကမ်း ကမ်း နောင်လာနောင်သားတွေ၊ လူငယ်မျိုး ဆက်တွေကို လက်ဆင့်ကမ်းတဲ့အခါ အဲ့ဒီ စုစည်းမှု၊ ညီညွတ်မှုအနှစ်သာရနဲ့ လက်ဆင့် ကမ်းတာက အသင့်တော်ဆုံးဖြစ်မည်'' ဟု ဆိုသည်။



ဖက်ဆစ်တော်လှန်ရေးအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းအား ဗြိတိသျှဝန်ကြီးချုပ် အက်တလီနှင့် လန်ဒန်၌ ဤသို့တွေ့ရသည်

အခမ်းအနားသို့ မကြာမီကမှ ထောင် က လွတ်မြောက်လာကြသူ၊ ၁၉၈၈၊ ၁၉၉၁ ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော မင်းကိုနိုင် (ဗကသဥက္ကဋ္ဌ)၊ ကိုကိုကြီး (ဗက သ ဒုဥက္ကဋ္ဌ)၊ ကိုဇေယျ (လူ့ဘောင်သစ်)၊ ကိုပြုံးချို (ရကသ)၊ မင်းဇေယျ (မကသ)၊ ကိုဌေးကြွယ်၊ ကိုဇော်မင်းတို့ တစုတစည်း တည်း တူညီဝတ်စုံများဖြင့် တက်ရောက်ခဲ့ ကြပြီး၊ နိုင်ငံခြားသံရုံးတချို့မှ သံတမန်များ လည်း တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို ဝါရင့်နိုင်ငံရေးသမား များ၏ တော်လှန်ရေးကာလအတွေ့အကြုံ ပြန်ပြောင်းပြောပြသော အစီအစဉ်ဖြင့် ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်ဟု သိရ သည်။

❖

"ကျမတို့ နိုင်ငံမှာ အကြမ်းဖက်တဲ့နည်းနဲ့ နိုင်ငံရေးအပြောင်းအလဲ လုပ်တယ်ဆိုတဲ့ အစဉ်အလာကို ကျမတို့မဖျက်ရင် ဒီသံသရာကြီးဟာ ဆက်ပြီးတော့ လည်မှာပဲ"

ဒေါ်အောင်ဆန်းစုကြည် (၂-၇-၁၉၉၉)

## ရွှေ့ဖုံး အမျိုးသမီးဆုချီးမြှင့်ပွဲသတင်းမှ

နှင့်ပတ်သက်၍ ဒေါ်စန်းစန်းက 'သူဟာ အမြဲ တမ်း မေတ္တာနဲ့၊ မေတ္တာအကြောင်းကို ပြော လေ့ရှိတယ်။ နိုင်ငံရေးသီလဆိုတာ သူပြော တဲ့အခါမှာ ရန်သူကိုမေတ္တာထားရမယ်။ သူချ မှတ်ထားတဲ့ ပေါ်လစီရှိတယ်။

ဒါက အာဃာတကင်းစင်ရမယ်။ နောက် တခုက အစိုးရက ဘယ်လိုပဲ ၁၉၉၆ ခုနှစ်က တည်းက သူ့ကားကို ခဲနဲ့ပေါက်၊ အခု ဒီပဲယင်း အထိပဲ။ ဒါကို အများကြီးဥပေက္ခာပြုပြီးတော့ သည်းခံနိုင်တယ်။

ပဋိပက္ခကို ငြိမ်းချမ်းတဲ့နည်းနဲ့ဖြေ ရှင်းရမယ်ဆိုတဲ့ ပရဟိတတရားတွေနဲ့ လုပ် ထားတဲ့အတွက် အဲဒီဘုရားနဲ့တရားနဲ့ အညီ လုပ်တယ်ဆိုပြီးတော့ပေးတာပါ' ဟု ဗွီအိုအေ သို့ ပြောကြားသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အတူတူ ဆုရရှိသော ဒေါ်သင်းသင်းမှာ အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ်တွင် ဗုဒ္ဓဝိပဿနာ ကျင့်ကြံနည်းများနှင့်ပတ်သက်၍ တရား စခန်းဖွင့် ပြသလျက်ရှိပြီး အမေရိကန်၌ ပထမဆုံး မြန်မာစေတီကို တည်ခဲ့သူလည်း ဖြစ်သည်။

'ဗုဒ္ဓဘာသာနှင့်အညီ ထူးချွန်စွာဆောင် ရွက်သူ အမျိုးသမီးဆု'ကို ကုလသမဂ္ဂအသိ အမှတ်ပြု ထူးချွန်ထက်မြက်သောအမျိုးသမီး များ ဆုပေးရေးကော်မတီကဦးစီးပြီး ဗုဒ္ဓ ဘာသာထွန်းကားအောင်ကြိုးစားသူ၊ ဗုဒ္ဓ တရားတော်နှင့်အညီ အများအကျိုးစီးပွား ဆောင်ရွက်သူများကို ရွေးချယ်ပေးအပ်လေ့ ရှိသည်ဟု သိရသည်။

❖